# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


### ကိုယ်ချင်းစာတရားထား

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရားထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၇၃)


# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မောင်တောဒေသသို့ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများစတင်



**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များသည် အောက်တိုဘာ ၉ ရက်နှင့် နိုဝင်ဘာ ၁၂၊ ၁၃ ရက်တို့တွင် ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး ဖြစ်စဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်မှုတွင် နိုင်ငံတော်၏တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးသုံးသပ်အကြံပြုတင်ပြနိုင်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ရောက်ရှိကြပြီး မောင်တောဒေသ

*စာမျက်နှာ ၃ ကော်လံ ၁* ✪

**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောင်ပိုက်ကျေးရွာသား တစ်ဦးအား ဖြစ်စဉ်နှင့်ပတ်သက်၍ မေးမြန်းစဉ်**
ဓာတ်ပုံ-သူရဇော် (သတင်းစဉ်)

# NCA စာချုပ်ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေး၊ စစ်ရေးနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ချုပ်ဆိုထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)နှင့် လုပ်ငန်းအဖွဲ့ (PPWT/CT)တို့၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် လတ်တလော နိုင်ငံရေး၊ စစ်ရေးအခြေအနေများနှင့် ပတ်သက်၍ သဘောထားတစ်ရပ် ထုတ်ပြန်နိုင်ခဲ့ပြီး စာချုပ်ပါ ကတိကဝတ်အတိုင်း အကောင်အထည်ဖော်မှုလုပ်ငန်းကို ပြီးစီးအောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားရန်မူဝါဒများ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဆိုပါညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

**(ယာပုံ)**

နှစ်ရက်တာ အစည်းအဝေးတွင် NCA စာချုပ်လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့၏ ဆောင်ရွက်ခဲ့မှုများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း တင်ပြခဲ့ကြသည်။

အစည်းအဝေးနှင့် ပတ်သက်၍ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် ဦးဆောင်နာယက ခွန်ဥက္ကာက

*စာမျက်နှာ ၃ ကော်လံ ၁* ❖






# စည်းကမ်းတကျလုပသည့် မြို့တော်ကြီး အနာဂတ်တွင် ပေါ်ပေါက်လာစေရေး

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်မြို့၏ မြင်ကွင်းများက လှုပ်လှုပ်ရှားရှား စိတ်ဝင်စားဖွယ်ရာများဖြင့် ပြည့်နေသည်။ မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများ၊ မြို့ပြယဉ်ကျေးမှုစသည်တို့ကို ထင်ဟပ်ကျင်းပသည့် ပြင်သစ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက်အထိမ်းအမှတ် "မင်္ဂလာပါ"ယဉ်ကျေးမှုပွဲတော် မြင်ကွင်းများ၊ ရန်ကုန်မြို့တော်၏ သမိုင်းဝင်နေရာများကို လေ့လာခြင်းနှင့် မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်သော မြို့ပြရှုခင်း ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် "သက်ဝင်လှုပ်ရှား ရန်ကုန်မြို့၏ လမ်းမများ" ပွဲတော်မြင်ကွင်းများကဲ့သို့သော အများပြည်သူဆိုင်ရာပွဲတော်များတို့မှ ရန်ကုန်မြို့တော်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်ခဲ့သည့် မြင်ကွင်းများဟု ဆိုရမည်ဖြစ်သည်။

အခြားမြင်ကွင်းတစ်ရပ်မှာမူ စည်းကမ်းမဲ့ လမ်းဘေးဈေးသည်၊ လမ်းပေါ်ရောက်ဈေးသည်များကို ရှင်းလင်းဖယ်ရှားလိုက်ခြင်းကြောင့် လူသွားစင်္ကြံများပေါ်တွင် လမ်းသွားလမ်းလာများ ဖြောင့်ဖြောင့်တန်းတန်း သွားလာနိုင်ခြင်းနှင့်အတူ ကမ်းနားလမ်းပေါ်၌ စည်းကမ်းတကျ နေရာချထားပေးသည့် ညဈေးတန်းတစ်ခုပေါ်ထွက်လာခြင်း ဖြစ်သည်။ ရန်ကုန်မြို့လယ် လူစည်ကားရာ လမ်းမကြီးများ၏ လူသွားစင်္ကြံများပေါ်နှင့် ယာဉ်ကြောအချို့ပေါ်အထိ ကျူးကျော်ခင်းကျင်း ရောင်းချခဲ့သည့် ဈေးသည် ၆၀၀၀ ကျော်အနက် လေးပုံတစ်ပုံခန့်မှာ ကမ်းနားလမ်း ညဈေးတန်းတွင် နေရာရခဲ့ကြပြီး ကျန်ဈေးသည်များမှာ လမ်းသွယ်များအတွင်း ယာယီအားဖြင့် ဝင်ရောက်ရောင်းချရန်နှင့် ညဈေးနေရာသစ်များဖော်ထုတ်ရန် တာဝန်ရှိသူတို့က ကြိုးပမ်းနေကြောင်း သိရသည်။

မူလရောင်းချနေကြသည့် နေရာများမှ ဖယ်ရှားခံရခြင်း၊ ပြောင်းရွှေ့နေရာချထားပေးသည့်နေရာတွင် ဆိုင်ခန်းနေရာမရရှိခြင်း၊ ဆိုင်ခန်းနေရာရသူများကလည်း ၎င်းတို့လိုအပ်သလောက် အကျယ်အဝန်းကို မရရှိခြင်း စသည့်အကြောင်းများကို အရင်းခံ၍ ဈေးရောင်းချသူတို့ထံမှ အသံဗလံများထွက်လာသည့်တိုင်အောင် လမ်းဘေးဈေးသည်များ ရှင်းလင်းလိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်များကို မြို့ခံအများပြည်သူတို့က လက်ခံကျေနပ်ကြကြောင်း၊ တစ်ဖက်တွင်လည်း ဈေးရောင်းချအသက်မွေးကြရသူများအတွက် သင့်လျော်မည့် အစီအစဉ်များကို ဆောင်ရွက်ခြင်းဖြင့် ရှုခ့်လည်းလျှောက်သာ ပျားလည်းစွဲသာ နှစ်ဖက်ပြေလည်မည့် အခြေအနေများကို ဖော်ဆောင်သွားစေလိုကြောင်း သဘောထားများကိုလည်း ကြားသိရသည်။

ရန်ကုန်မြို့၏ ထူးခြားသော နောက်မြင်ကွင်းတစ်ရပ်မှာမူ ကုန်သေတ္တာတင်ယာဉ်များကို မောင်းနှင်ချိန်ကန့်သတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော မြင်ကွင်းများ ဖြစ်သည်။ ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေး၊ ကျောင်းတက်ကျောင်းဆင်းချိန်၊ ရုံးတက်ရုံးဆင်းချိန်များတွင် ယာဉ်အန္တရာယ်များ လျော့နည်းစေရေးတို့ကို အထောက်အကူဖြစ်စေရန်အတွက် နည်းလမ်းတစ်ရပ်အနေဖြင့် စည်းကမ်းသတ်မှတ် ကန့်သတ်ခဲ့ခြင်းဖြစ်သည့်တိုင် ပထမနေ့ရက်တွင် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းသွားသည့် ရလဒ်ကို လက်တွေ့ခံစားလာကြရကြောင်း သိရသည်။ အချို့အရေးကြီးကုန်စည်များအတွက် လိုအပ်ပါက ၂၄ နာရီ သယ်ယူပို့ဆောင်ခွင့်ပြုပေးမည့် ဖြေလျှော့မှုအချို့ရှိကြောင်းလည်း သိရသည်။ မည်သို့ပင်ဆိုစေ လမ်းဘေးဈေးသည်များ ဖယ်ရှားရှင်းလင်းမှုနည်းတူ ရန်ကုန်မြို့လမ်းမများပေါ်မှ ယာဉ်ကြောပိတ်ဆို့မှုများမှာလည်း ရန်ကုန်မြို့သူမြို့သားတို့ နိစ္စဓူဝခံစားနေကြရသည့် ဒုက္ခဝေဒနာတစ်ရပ်ပင်ဖြစ်ရာ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာမှုများကိုလည်း ပြည်သူအများက ကြိုဆိုကြမည်သာ ဖြစ်သည်။

ရန်ကုန်မြို့ကြီးကို စိတ်နှလုံးမွေ့လျော်ဖွယ်ရာ မြို့တော်ကြီးအဖြစ် တည်ဆောက်ရန်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဦးတည်ချက်ပင်ဖြစ်သည်။ "ရန်ကုန်ပူရံ မနောရမ္မံ"ဟူ၍ ကြွေးကြော်ထားသည်။ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေနှင့် နည်းဥပဒေများကိုပြန်လည်သုံးသပ်ခြင်း၊ ဌာနများကို ပြန်လည်ဖွဲ့စည်းခြင်း၊ ၁၉၂၂ ခုနှစ် စည်ပင်သာယာအက်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းတို့ ဆောင်ရွက်သွားမည်ဟုလည်းဆိုရာ မကြာတော့သည့် အနာဂတ်တွင် ရန်ကုန်မြို့တော်ကြီး၏ ပုံရိပ်များက ပို၍ပို၍ ပြောင်းလဲလာတော့မည်ဖြစ်သည်။ တာဝန်ရှိသူတို့၏ အကျင့်ပျက်မှု၊ တာဝန်မကျေပွန်မှု၊ ညံ့ဖျင်းသည့် စီမံခန့်ခွဲမှုများ၊ လမ်းမများနှင့် လူသွားစင်္ကြံများပေါ်မှ စည်းကမ်းမဲ့မှုများ စသည့်ပုံရိပ်ဟောင်းများကို ဖယ်ရှား၍ စည်းကမ်းကျနလှပသော၊ ဘေးရန်ကင်းစွာ ပရိယေသန ဝမ်းစာရှာမှီးနိုင်သော လုံခြုံအေးချမ်းသည့် မြို့တော်ကြီး၏ ပုံရိပ်များအနာဂတ်တွင် ပေါ်ပေါက်လာရေးမှာ မိမိတို့အားလုံး၏ တာဝန်များပင်ဖြစ်ပါကြောင်း။ ။

# သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့် ဦးနှောက်ဖွံ့ဖြိုးမှုအကြောင်း ပညာပေးဟောပြော

**သီပေါ ဒီဇင်ဘာ ၁၁**

ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း အသိပညာပေး



ဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက်က ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်က အမှာစကားပြောကြားသည်။

ထို့နောက် အောင်ရိပ်သာကုမ္ပဏီအုံ့မခန်းအာဟာရအဖွဲ့မှ တာဝန်ခံ ဦးကိုကိုဇော်က ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း အသိပညာပေး ဟောပြောရာတွင် မွေးဖွားပြီး လသားအရွယ်နှင့် မူကြိုကျောင်းထားသည့်အရွယ် ကလေးငယ်များ သံဓာတ်အပြည့်အဝ မရရှိပါက ဦးနှောက်ပိုင်းဆိုင်ရာ မဖွံ့ဖြိုးခြင်းသည် ပြုပြင်၍မရသော အခြေအနေမျိုးဖြစ်သွားနိုင်ကြောင်း၊ ကလေးများ၏ အတွေးအခေါ် စဉ်းစားနိုင်စွမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသောကြောင့် ပညာရည်နိမ့်ကျသွားနိုင်ပြီး ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အသက်မွေးဝမ်းကျောင်းနိုင်စွမ်းကိုပါ ၁၀ ရာခိုင်နှုန်းမက လျော့ကျသွားစေနိုင်ကြောင်း၊ ကျောင်းနေအရွယ်ရောက်သည့်အခါ၌လည်း ဉာဏ်ရည်နိမ့်ကျကာ ခက်ခဲသည့်သင်ခန်းစာများကို မလိုက်နိုင်ဘဲ ဖြစ်စေနိုင်ကြောင်း၊ အသက်ခြောက်လမှ ငါးနှစ်အရွယ်အထိ ကလေးငယ်များအား သံဓာတ်အာဟာရ ပြည့်ဝစေနိုင်သည့် အစားအစာများကို ကျွေးရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ထင်သာမြင်သာပြုပြင်စရာ

# ရေလမ်းသဖွယ်ဖြစ်နေသည့်လမ်းအား အဆင့်မြှင့်တင်ပေးရန် ဒေသခံများမျှော်လင့်

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စု လယ်သာကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာကျောင်းသို့ ဖြတ်သွားဖြတ်လာပြုနေသည့် ရွာအတွင်းလမ်းတွင် မိုးရာသီအချိန် ရွာ၏အနောက်မြောက်ဘက်ရှိ လယ်ကွင်းများဘက်မှ ရေများရွာထဲသို့ အရှည်ပေ ၈၅၀ ခန့် ရေလမ်းသဖွယ်စီးဆင်းလာပြီး ရွာအရှေ့ဘက်သို့ စီးဆင်းနေမှုကြောင့် ရွာမြောက်ဘက်ခြမ်းမှ ကျောင်းသားကျောင်းသူများနှင့်ပြည်သူများ သွားလာရေးအတွက် အဆင်မပြေသည့်အပြင် ခြင်များခိုအောင်း၍ ရွှံ့ဗွက်များထူနေသည့်အတွက် အဆိုပါလမ်းကို အဆင့်မြှင့်တင်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။



"ကျေးရွာက ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံပြည်သူတွေ မိုးရာသီကာလ သွားလာမှုအဆင်ပြေစေဖို့၊ ခြင်မှတစ်ဆင့် ကူးစက်ရောဂါတွေ မဖြစ်ပွားစေဖို့အတွက် ရွာထဲလမ်းကို ပြုပြင်ပေးစေချင်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၁၀၀ နဲ့ ဆောင်ရွက်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာလည်း ဒီလမ်းအတွက် မပါဘဲဖြစ်နေပါတယ်။ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ဒီလမ်းပြုပြင်မယ်ဆိုရင်လည်း သာမန်စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေများတာကြောင့် ငွေရေး၊ ကြေးရေးမှာ အခက်အခဲဖြစ်ကြပါတယ်" ဟု လယ်သာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**တင်စိုးလွင်**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော် အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဝန်ကြီးဌာနများ၊ စာသင်ကျောင်းများနှင့် ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုကို ဒီဇင်ဘာ ၉ ရက် က ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးအမှတ်(၁၁)သို့ သွားရောက်ဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ် ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေး အမှတ်အသားများ၊ မီးပွိုင့်နှင့် အဝိုင်းများတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို ဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၀/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆ ・ ၇၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ ・ ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✪ ***ရှေ့ဖုံးမှ***

အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မောင်တောမြို့ ငါးခူရကျေးရွာရှိ အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ သွားရောက်ကြပြီး အောက်တိုဘာ ၉ ရက် နံနက် ၄ နာရီခွဲက ငါးခူရနယ်မြေရုံးသို့ အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်တွင် စတင်ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်နေရာများနှင့် နှစ်ဖက်ထိခိုက်ကျဆုံးခဲ့သည့်ဖြစ်စဉ်များကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီးအခင်းဖြစ်ပွားချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များအား သိရှိလိုသည်များကိုမေးမြန်းသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ငါးခူရကျေးရွာ အုပ်ချုပ်ရေးရုံးသို့ရောက်ရှိကာ အောက်တိုဘာ ၉ ရက်ဖြစ်စဉ်တွင် မျက်မြင်ကြုံတွေ့ခဲ့ရသူ ရပ်မိရပ်ဖ ငါးဦးနှင့် တွေ့ဆုံပြီး အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို အသေးစိတ်မေးမြန်းခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက် ဦးဆောင်သည့်အဖွဲ့ဝင်များသည် ငါးခူရကျေးရွာရှိ အစ္စလာမ်ဘာသာဝင်မိသားစုများအား သီးခြားတွေ့ဆုံ၍ ဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းမေးမြန်းခဲ့သည်။

ထို့မှတစ်ဆင့် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အစ္စလာမ်ဘာသာဝင်မိသားစုများနေထိုင်ရာ ပွင့်ဖြူချောင်းကျေးရွာသို့ရောက်ရှိပြီး အခင်းဖြစ်ပွားစဉ်က ကျေးရွာအတွင်းမှ လက်နက်ငယ်များဖြင့်ပစ်ခတ်မှု၊ တပ်မတော်စစ်ကြောင်းများမှ ဝင်ရောက်ရှင်းလင်းမှု၊ ပွင့်ဖြူချောင်းကျေးရွာ မီးလောင်ခံရမှုအခြေအနေများကို အသေးစိတ်ကြည့်ရှုသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အစ္စလာမ်ဘာသာဝင်မိသားစုများနေထိုင်ရာ ပြောင်ပိုက်ကျေးရွာသို့ရောက်ရှိပြီး ရွာသူ ရွာသားများနှင့် တွေ့ဆုံ၍ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက တပ်မတော်စစ်ကြောင်းများနှင့် အကြမ်းဖက်တိုက်ခိုက်သူများ ထိတွေ့မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်၊ စစ်သည်ငါးဦးကျဆုံးခဲ့မှုဖြစ်စဉ်များ၊ ကျေးရွာမီးလောင်မှုဖြစ်ပွားမှုအခြေအနေနှင့် ကျေးရွာသူများ အဓမ္မကျင့်မှုများ ဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိကို အချိန်ယူ၍ တစ်ဦးချင်းအား အသေးစိတ်မေးမြန်းစစ်ဆေးခဲ့သည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်ကလည်း ကျေးရွာသူတစ်ဦးအား သီးခြားတွေ့ဆုံ၍ ကိုယ်တိုင်အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိ၊ ကျေးရွာသူအခြား အမျိုးသမီးငယ်များကိုလည်း အဓမ္မပြုကျင့်မှုများ ရှိ၊ မရှိနှင့် မျက်မြင်ကိုယ်တွေ့သိရှိရခြင်း ရှိ၊ မရှိတို့ကို အသေးစိတ်မေးမြန်းသည်။

ညနေပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျီးကန်းပြင်ရှိ အမှတ်



**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ပြောင်ပိုက်ကျေးရွာ မီးလောင်မှုဖြစ်ပွားခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်**
ဓာတ်ပုံ-သူရဇော် (သတင်းစဉ်)

(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ရုံး အနီးရှိ ဝါးပိတ်ကျေးရွာသို့ရောက်ရှိပြီး အောက်တိုဘာ ၉ ရက် ဖြစ်စဉ်တွင် အစ္စလာမ်ဘာသာဝင် မိသားစုများ နေထိုင်ရာ ဝါးပိတ်ကျေးရွာမှ ကျီးကန်းပြင်ကွပ်ကဲမှုဌာနချုပ်ကို တိုက်ခိုက်မှုဖြစ်စဉ်၊ ကျေးရွာမီးလောင်ခံရမှု ဖြစ်စဉ်နှင့် လက်နက်အချို့ပြန်လည်သိမ်းဆည်းရရှိသည့်နေရာများကို မြေပြင်ကွင်းဆင်း၍ အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝါးပိတ်ကျေးရွာအနီးရှိ ကျီးကန်းပြင် ကွပ်ကဲမှုဌာနချုပ် ကင်းစခန်းသို့ရောက်ရှိပြီး အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ဗဟိုကင်းအနောက်ဘက် ကုန်းအမှတ်(၄)တွင် ထားရှိသည့် ကာကင်းအဖွဲ့မှ တပ်ဖွဲ့ဝင်ငါးဦးကို အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့မှုဖြစ်စဉ်နှင့် တပ်ဖွဲ့ဝင်များ၏ လက်နက်များကို ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်များကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှု၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ဗဟိုကင်းမှ လက်နက်အချို့ကို အကြမ်းဖက်သမားများက ယူဆောင်သွားမှုဖြစ်စဉ်များကို တာဝန်ရှိသူများအား အသေးစိတ်မေးမြန်းပြီး ဌာနချုပ်ရှိ လက်နက်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်သည် အောက်တိုဘာ ၉ ရက်နှင့် နိုဝင်ဘာ ၁၂၊ ၁၃ ရက်တို့က မောင်တောဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မှုတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိကို စစ်ဆေးသုံးသပ်ပြီး အကြံပြုချက်များအဖြစ် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ သတ်မှတ်ချိန်အမီ တင်ပြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကျီးကန်းပြင် ကွပ်ကဲမှုဌာနချုပ် ကာကင်းအဖွဲ့မှ အဖွဲ့ဝင်ငါးဦးအား အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့်နေရာကို ကြည့်ရှုစဉ်** ဓာတ်ပုံ-သူရဇော် (သတင်းစဉ်)



**စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်နှင့်အဖွဲ့ဝင်များ ငါးခူရကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များအား မေးမြန်းစဉ်** ဓာတ်ပုံ-သူရဇော် (သတင်းစဉ်)

❖ ***ရှေ့ဖုံးမှ***

"ကျွန်တော်တို့က မည်သည့်ခေါင်းဆောင်ကိုမဆို အကြမ်းဖက်အဖြစ် သတ်မှတ်တာ ကန့်ကွက်ပါတယ်။ အဲ့ဒီလို သတ်မှတ်လိုက်ရင် ငြိမ်းချမ်းရေးက ပိုမိုခက်ခဲပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးကို ထိခိုက်နိုင်တယ်။ နောက်တစ်ဖက်မှာ အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့ ပူးပေါင်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သွားထိခိုက်နိုင်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်နေတယ်။ အဲ့ဒီလို ဦးဆောင်ပြီးတော့ အားလုံးပါဝင်ဖို့ ကြိုးပမ်းရာမှာ နှစ်ဖက်ပြည်ထောင်စုအစိုးရဘက်ကသော် လည်းကောင်း၊ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကသော်လည်းကောင်း ပိုမိုအပြုသဘောဆောင်ရွက်ကြဖို့၊ ပိုမိုလုပ်ဆောင်ဖို့ တိုက်တွန်းပါတယ်"ဟု ပြောကြားသည်။

အစည်းအဝေးတွင် NCA စာချုပ်လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ စာချုပ်ပါကတိကဝတ်များအတိုင်း အကောင်အထည်ဖော်မှုလုပ်ငန်းကို ပြီးစီးအောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံပထမအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့်အတိုင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံဒုတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးညီလာခံမှတစ်ဆင့် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ရေးအတွက် ကြိုးပမ်းသွားရန် စသည့်မူဝါဒများကို ချမှတ်နိုင်ခဲ့သည်။

ကရင်အမျိုးသား အစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ကျွန်တော်တို့ နှစ်ရက်တာဆွေးနွေးမှုက ရှေ့ကိုသွားနိုင်မယ့်လမ်းစတွေ ပေါ်လာပါတယ်။ ကျွန်တော်တို့ စုစုစည်းစည်းဆောင်ရွက်နိုင်တဲ့အတွက် အများကြီးအားတက်မိပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်ရမယ့်အရာတွေက ခက်ခဲပါတယ်။ ဒီအခက်အခဲတွေ ကျော်လွှားနိုင်ဖို့ ဆုံးဖြတ်ချက် ၁၃ ချက်ကို ချမှတ်ပြီး အတည်ပြုနိုင်တဲ့အတွက် ရှေ့ကို စုစုစည်းစည်းသွားနိုင်ပြီလို့ ယုံကြည်တယ်။ ရှေ့ကို အခုလိုပဲ ဘယ်လိုအခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရ ရင်ဆိုင်ရ ကျွန်တော်တို့ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့ သွားတဲ့နေရာမှာ ဘယ်လိုဖြစ်ဖြစ်ပန်းတိုင်ရောက်အောင်သွားဖို့လိုတယ်" ဟု ပြောကြားခဲ့သည်။

လတ်တလော နိုင်ငံရေး၊ စစ်ရေးအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ထုတ်ပြန်ချက်နှစ်ရပ်ကို ကြေညာနိုင်ခဲ့သည်။

ကြေညာချက်နှစ်ရပ်တွင် မည်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေါင်းဆောင်ကိုမဆို အကြမ်းဖက်အဖွဲ့အစည်းနှင့်လူပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရန် ဆောင်ရွက်နေမှုများသည် လက်ရှိကြိုးပမ်းနေသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နေမှုများကို ထိခိုက်စေနိုင်သည့်အတွက် ဆန့်ကျင်ကန့်ကွက်သည်။

အကြောင်းအမျိုးမျိုးကြောင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် အဆင်သင့်မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် သော်လည်းကောင်း အပြုသဘောဆောင်သည့် ငြိမ်းချမ်းရေးကိုရှေးရှုသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ကြရန် အကြံပေးတိုက်တွန်းကြောင်း ပါရှိသည်။

အစည်းအဝေးသို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) ချုပ်ဆိုထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ခေါင်းဆောင်ငါးဦး၊ အဖွဲ့ဝင်ကိုယ်စား တက်ရောက်သူသုံးဦးနှင့် လုပ်ငန်းအဖွဲ့ (PPWT/CT) တို့မှ ၁၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# စားသုံးသူဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန် မှန်ကန်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စားသုံးသူဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန် မှန်ကန်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရန် နိုင်ငံအလိုက် အမျိုးသားအဆင့် ရေးဆွဲပြဋ္ဌာန်းခဲ့ရာ မြန်မာနိုင်ငံသည်လည်း မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (မြန်မာဂျီအေပီ) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

GAP နည်းစနစ်သည် မဖြစ်မနေလုပ်ဆောင်ရန် ပြဋ္ဌာန်းထားချက်မျိုးမဟုတ်သော်လည်း GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက် သစ်သီးဝလံထွက်ကုန်များမှာ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာစားသုံးနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းအနီးရှိ ဉယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၏ တောင်သူပညာပေး သီးနှံစုံစိုက်ကွင်းသို့ ရောက်ရှိစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ယင်းနောက် စင်တင်ဘူးစိုက်ခင်း၊ ခွေးတောက်၊ နာနတ်၊ သင်္ဘော၊ ကျောက်ဖရုံ၊ မာလကာ၊ ကြက်ဟင်းခါး၊ ပဲလင်းမြွေ၊ ခဝဲနှင့် ရွှေဖရုံသီးနှံများကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်နေမှုများကို လည်းကောင်း၊ ဖရဲ၊ သခွားမွှေး၊ မုန်လာ၊ မုန်ညင်း၊ ဆလတ်သီးနှံများကို အလိုအလျောက်ရေဖျန်းစနစ်ပါ ပိုက်ကွန်အိမ်များဖြင့် ဓာတုပိုးသတ်ဆေးလွတ် စိုက်ပျိုးထားရှိမှုများကို လည်းကောင်း၊ ငရုတ်သီး၊ ပဲဖတ်ပုပ်ရည်၊ နွမ်းဖတ်ပုပ်ရည်တို့ဖြင့်ဖျော်စပ်၍ သဘာဝပိုးမွှားကာကွယ်ဆေးရည်အဖြစ် အသုံးပြုစိုက်ပျိုးနေမှုတို့ကိုလည်းကောင်း၊ စိုက်ကွင်းများမှ ထွက်ရှိလာသော သစ်ရွက်အမှိုက်များ၊ ကောက်ရိုးများဖြင့် အီးအမ်ဘိုကာရီမြေဆွေးပြုလုပ်သုံးစွဲ နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးရာ စိုက်ကွင်းတာဝန်ခံများက အသေးစိတ်ရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပြင်ဆင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ ဆွေးနွေးအမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လူငယ်များ ပရဟိတကို စိတ်ဝင်စားပြီး အတူတကွ ပူးပေါင်းဆောင်ရွက်




**နေပြည်တော် ဒီဇင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒီဇင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတဂေဟာများဖြစ်သော အိပ်မက်လှရထားပရဟိတဂေဟာကျောင်း၊ နန်းဦးပရဟိတဂေဟာကျောင်းနှင့် မေတ္တာဝါဒီဟသ်ာသ(ပရဟိတ) ဂေဟာကျောင်းတိုက်များသို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ယခုမြင်တွေ့ရသော ကျောင်းသားလူငယ်အများစုမှာနယ်စပ်ဒေသမှတိုင်းရင်း သားများ အများစုဖြစ်ကြပြီး ကချင်လူမျိုး၊ ရှမ်းလူမျိုး၊ ပလောင်လူမျိုးနှင့် ပအိုဝ်းလူမျိုး ကလေးငယ်များဖြစ်ကြကြောင်း၊ ဆယ်ကျော်သက်အရွယ် ကလေးများကို ယခုအချိန်မှ လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ ကျောင်းတွင်းနှင့် ကျောင်းပြင်ပ ပညာရေးများသင်ကြားပေးသည့် နည်းတူ အသက်မွေးဝမ်းကျောင်းပညာရပ်ကို ဦးတည်သင်ကြားပေးစေလိုကြောင်း၊ အုပ်ထိန်းသူများကလည်း မိဘသဖွယ် မေတ္တာဖြင့် ပြုစုထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပရဟိတလုပ်ငန်းကို အသိအမှတ်ပြု အားပေးထောက်ပံ့လျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ပရဟိတကျောင်းများကို အဆင့်အလိုက် နှစ်စဉ်ထောက်ပံ့ကြေးများ၊ ဆန်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးလျက်ရှိကြောင်းပြောကြားပြီး ကလေးငယ်များအတွက် ဆေးပဒေသာပင် ထောက်ပံ့လှူဒါန်းငွေနှင့် မုန့်နှင့်ကစားစရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်းများနေ့အခမ်းအနားတွင် ပရဟိတစေတနာ့ဝန်ထမ်းဆိုသည်မှာ စေတနာနှင့်တိုင်းပြည်ဝန်ကို ထမ်းကြရသူများဖြစ်ပြီး အချိန်များစွာပေးဆပ်ပြီး အခမဲ့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပရဟိတဆောင်ရွက်ကြသူအချင်းချင်း ခင်မင်ရင်းနှီးပြီး လုပ်ဖော်ကိုင်ဖက်များအပေါ် ဂုဏ်ပြုပေးသည့်ပွဲဖြစ်ကြောင်း၊ လူငယ်များ ပရဟိတကိုစိတ်ပါဝင်စားမှု ကောင်းမွန်လာပြီး အတူတကွပိုမိုပူးပေါင်းဆောင်ရွက်စေချင်ကြောင်း၊ သို့မှသာ အနာဂတ်နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ပြီး လူ့အသိုင်းအဝိုင်းတစ်ခုလုံး ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသို့ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပရဟိတလုပ်ငန်းများအပေါ်အားပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးကြိုဆိုလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပုဂံသွေးပရဟိတသွေးလှူရှင်များနှင့် လူမှုကူညီရေးအဖွဲ့ဝင်များ၊ စေတနာရှင်သွေးလှူရှင် စုစုပေါင်း ၄၇၀ တို့သည် ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်းကြရာ အမျိုးသားသွေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက နားရက်မယူ စစ်ဆေးလက်ခံခဲ့ကြကြောင်း သိရသည်။

**ကိုချစ်**

# ယာဉ်မောင်းနှင့်ခရီးသည်များ ထိုင်ခုံခါးပတ် ပတ်ရန် ပညာပေး

**လှိုင်လင် ဒီဇင်ဘာ ၁၁**

မော်တော်ယာဉ်မောင်းနှင်သူများနှင့် စီးနင်းလိုက်ပါသည့်ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိုင်ခုံခါးပတ် ပတ်ကြရန် ပညာပေးခြင်းနှင့် စတေကာတံဆိပ်ပါတီရှပ်များကို လှိုင်လင်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ အမှတ်(၁၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ဒုတိယရဲမှူး အောင်နိုင်မိုးနှင့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက လှိုင်လင်မြို့အထွက် လှိုင်လင်-တောင်ကြီး ကားလမ်းမကြီး၌ အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိုင်ခုံခါးပတ် ပတ်ကြရန် ပညာပေးခြင်းကာလဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စည်းကမ်းလိုက်နာမှုမရှိသည့် ယာဉ်မောင်းများအား စစ်ဆေးမှုများပြုလုပ်ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အမှတ်(၁၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ဒုတိယရဲမှူးအောင်နိုင်မိုးက ပြောကြားသည်။

**မိုးလွင်ဦး(လှိုင်လင်)**



# ကယားပြည်နယ် သူရဲကောင်းစစ်သည်တော်ဗိမာန်အား အလှဆင်ပြုပြင်မွမ်းမံ

**လွိုင်ကော် ဒီဇင်ဘာ ၁၁**

ကယားပြည်နယ် လွိုင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော် အနီးရှိ သူရဲကောင်းစစ်သည်တော်ဗိမာန်အား အောက်ခြေကြမ်းပြင်၌ ကြွေပြားခင်းခြင်း၊ သံကူကွန်ကရစ်တိုင်နှင့် သံပန်းဝင်းခြံကာရံခြင်း၊ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်စိုက်ထူခြင်း စသည်ဖြင့် အလှဆင် ပြုပြင်မွမ်းမံမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ သူရဲကောင်းစစ်သည်တော်ဗိမာန်သည် ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော်အနီး လွိုင်ကော်မြို့လယ် ကန္ဒာရဝတီလမ်းမကြီးဘေး၌ တည်ရှိပြီး နှစ်ကာလအတန်ကြာသည်အထိ ပြုပြင်မွမ်းမံမှုမရှိဘဲ ချုံနွယ်များဖြင့် ဖုံးအုပ်နေခဲ့ရာမှ အများပြည်သူ၏ဆန္ဒအရ ပြန်လည်ပြုပြင်အလှဆင်မွမ်းမံမှုများပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ သူရဲကောင်းစစ်သည်တော်ဗိမာန်တည်ဆောက်ခဲ့ရခြင်းအကြောင်းရင်းမှာ ကယားပြည်နယ် မော်ချီး၊ ရှားတော၊ လွိုင်ကော်၊ ဒီးမော့ဆိုဒေသများသို့ တရုတ်ဖြူ(ကူမင်တန်)များ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ၁၉၄၉ ခုနှစ် နိုဝင်ဘာလမှ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လအတွင်း တိုက်ပွဲများတွင် မိမိတို့ပိုင်ဆိုင်သောနယ်မြေများ တိုင်းတစ်ပါးသားတို့၏ လက်အောက်သို့ မကျရောက်စေရန် အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ ကာကွယ်ရင်း အသက်ပေးခဲ့သည့် ပြည်သူ့တပ်မတော်သား သူရဲကောင်းစစ်သည်တော်များအတွက် အထိမ်းအမှတ်ကျောက်တိုင် ဆောက်လုပ်နိုင်ရန်အတွက် ကယားပြည်နယ် ပါလီမန်အတွင်းဝန် မဟာသရေစည်သူ ဦးစိန်၏ အဆိုပြုချက်အရ ပြည်နယ်ဥက္ကဋ္ဌက ၁၉၅၂ ခုနှစ် မတ်လတွင် ကယားပြည်နယ် သူရဲကောင်းစစ်သည်တော်ဗိမာန်အဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# ဖက်ဒရယ်ပြည်ထောင်စုကို လက်နက်ဆွဲကိုင်တိုက်ခိုက်ပြီး တည်ဆောက်၍ မရနိုင်


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မူဆယ်မြို့ အမှတ်(၂) အထက၌ စစ်ဘေးရှောင်ပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် (သတင်းစဉ်)

✽ *ကျောဖုံးမှ*

တိုင်းရင်းသားများက စစ်ဘေးစစ်ဒဏ်ကို ပိုမိုပြီး ခံစားနေရပါကြောင်း၊ ယခုတစ်ကြိမ်တွင် မူဆယ်ကဲ့သို့သော ကုန်သွယ်ရေး အချက်အချာ နေရာဒေသများအထိ စစ်ဘေးသင့်ရသည်မှာ ဝမ်းနည်းစရာကောင်းပါကြောင်း ပြောကြားသည်။

ယခုကဲ့သို့ မိမိတို့လာရောက်ရခြင်းမှာလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါကြောင်း၊ မြင်တွေ့ရသည့် အနေအထားအရ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ကြံ့ခိုင်ကြသည်ကို တွေ့ရသည့်အတွက် လေးစားချီးကျူးမိပါကြောင်း၊ ယခုကဲ့သို့ စစ်ဘေးစစ်ဒဏ် ကြုံတွေ့ရသည့်အခါမှာပဲဖြစ်စေ၊ သဘာဝဘေးဒဏ်ကြုံတွေ့ရသည့်အခါမှာပဲဖြစ်စေ အဓိကအရေးကြီးဆုံးမှာ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်ဓာတ်ပင်ဖြစ်ပါကြောင်းဖြင့် အားပေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခုကဲ့သို့ လာရောက်ရခြင်းမှာ မူဆယ်မြို့နေ စစ်ဘေးရှောင်ပြည်သူများကို တွေ့ဆုံအားပေးရန်အတွက် လွှတ်တော်ကိုယ်စား လာရောက်ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုကိုယ်စားပြုသည့်အတွက် လွှတ်တော်များအားလုံးနှင့်သက်ဆိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို စစ်ဘေးရှောင်ပြည်သူများအတွက် ပံ့ပိုးကူညီလိုသည့် စိတ်စေတနာအပြည့်ဖြင့် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် စစ်ဘေးရှောင်ပြည်သူများအတွက် ငွေကြေး၊ စားနပ်ရိက္ခာများနှင့် အိမ်ထောင်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ စစ်ဘေးရှောင်ပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စိန့်ပီတာဘုရားကျောင်းရှိ စစ်ဘေးရှောင်ပြည်သူများ ခေတ္တနေထိုင်ရာနေရာသို့ ရောက်ရှိကြရာ ဖာသာထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက အပြစ်မဲ့ပြည်သူများသေဆုံးခဲ့ရခြင်းများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ရခြင်းများ၊ စစ်ဘေးတိမ်းရှောင်နေကြရခြင်းများကြောင့် တိုင်းပြည်အတွက် အထူးဆုံးရှုံးနစ်နာရပါကြောင်း၊ တိုင်းပြည်အတွက် များစွာ ဝမ်းနည်းစရာကောင်းပါကြောင်း၊ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများ၊ အမျိုးသမီးများနှင့် ကျောင်းသားကျောင်းသူများ ဒုက္ခရောက်ကြရပါကြောင်း၊ ငြိမ်းချမ်းရေး၏ အနှစ်သာရ၊ ငြိမ်းချမ်းရေး၏ အရေးကြီးမှုကို စစ်ဘေးစစ်ဒဏ်သင့်ပြည်သူများက ပိုပြီးခံစားနားလည် သဘောပေါက်ကြကြောင်း၊ ထို့အတွက် များစွာစာနာမိပါကြောင်း၊ မငြိမ်းချမ်းသည့် အကျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည့် တိုင်းရင်းသားဒေသများအတွက် စိုးရိမ်စရာအနေအထားမှာရှိနေကြောင်း၊ မိမိတို့အားလုံးလိုလားသည်မှာ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုကို လက်နက်ဆွဲကိုင်တိုက်ခိုက်ပြီး တည်ဆောက်၍ မရနိုင်ပါကြောင်း၊ လက်နက်ကိုင်နည်းလမ်းကို ကျင့်သုံးခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်၊ ၇၀ နီးပါး အဖြေမထွက်ခဲ့ပါကြောင်း၊ ပြည်သူများ ဒုက္ခရောက်ရခြင်းသာ ဆိုးကျိုးဖြစ်ခဲ့ပါ ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ တည်ငြိမ်အေးချမ်းခြင်းသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး နိုင်ငံရေးဆွေးနွေးရန် ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ (၂၁) ရာစုပင်လုံညီလာခံသည် နိုင်ငံရေးပြဿနာများကို အဖြေရှာမည့် တစ်ခုတည်းသော စားပွဲဝိုင်းပင်ဖြစ်ကြောင်း၊ ယင်းစားပွဲဝိုင်းကို အားလုံးလာရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ မထိခိုက်မဆုံးရှုံးစေရန် တရားဥပဒေစိုးမိုးမှုရရှိစေရန်၊ မိမိတို့ပြည်သူများ၏ စိုးရိမ်ပူပန်မှု၊ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးထိခိုက်မှုများမရှိရလေအောင် စိုးရိမ်ကြောင်းအဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ဘေးရှောင် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်ထောင်သုံးပစ္စည်းများ၊ စားနပ်ရိက္ခာများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မူဆယ်ခရိုင်ရဲတပ်ဖွဲ့ အောင်ဆန်းသူရိယ အေးချိုခန်းမ၌ မူဆယ်မြို့နယ်၊ မုံးကိုး၊ ပန်ဆိုင်း နယ်မြေရဲစခန်း၊ နမ့်ပေါ်တံတားလုံခြုံရေးရဲကင်း၊ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးလုံခြုံရေးတပ်ခွဲတို့မှ တိုက်ပွဲဝင်၊ ကျဆုံး၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက နိုင်ငံတော်အတွက် အသက်နှင့်ခန္ဓာ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအတွက် နိုင်ငံတော်အစိုးရက မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ တစ်ဖက်တွင် နိုင်ငံတော်အတွက် ယခုကဲ့သို့ စွန့်လွှတ်စွန့်စားလုပ်ဆောင်ချက်များအပေါ် နိုင်ငံတော်က ချီးကျူးဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း၊ အလားတူ ကျန်ရစ်သော မိသားစုများကိုလည်း ဂုဏ်ပြုစေလိုပါကြောင်း၊ ကျဆုံးသွားသည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများကိုလည်း နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထိုက်ထိုက်တန်တန် ထောက်ပံ့ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထောက်ပံ့ငွေနှင့် စားနပ်ရိက္ခာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မူဆယ်မြို့အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ် (သတင်းစဉ်)

❖ *ကျောဖုံးမှ*

မပြင်းထန်သော်လည်း ဒုတိယအချီတွင် အတင်းဝင် အတင်းထွက် ဝင်လုံးလာသော ထွန်းထွန်းမင်းကို ဒေ့က သူ့ပင်တိုင်အနီးကပ် တံတောင်ရိုက်ချက်များဖြင့် ပြန်လည်တုံ့ပြန်ခဲ့မှုကြောင့် ပြိုင်ပွဲက ခပ်သွက်သွက်ကလေး ဖြစ်လာခဲ့သော်လည်း ထွန်းထွန်းမင်း၏ ပါဝါပါသော ဘယ်ညာတွဲလုံးများက ဒေ့မျက်နှာအထိနာကာ ယိုင်လဲမည့်ပမာပြသောကြောင့် ကျားရိုင်းတစ်ကောင်လို မာန်ဟုန်ဖီကာ အစာကို အလွတ်မပေးတတ်သော ထွန်းထွန်းမင်း ဘယ်ညာတွဲလုံးများနှင့်အတူ ပါဝါပါသော ညာခြေကန်ချက်တို့ဖြင့် လိုက်လံကန်ကျောက်မှုကြောင့် ဒေ့ကြမ်းပြင်သို့ အကြိမ်ကြိမ်ပြိုလဲခဲ့သည်။ သို့သော် ပညာစုံသမ္ဘာရင့် ခေသူမဟုတ်သော ဒေ့က ညာခြေကန်ချက်များ တွင်တွင်သုံးလာသော ထွန်းထွန်းမင်းကို တတိယအချီ ၂ မိနစ် ၁၀ စက္ကန့်တွင် အမှတ်မထင်ဖမ်းချုပ်ကာ တန်ပြန်ပါဝါဖြင့် ခြေလှန်မြှောက်ချခဲ့မှုကြောင့် ထွန်းထွန်းမင်း ညာခြေအထိနာကာ အနားတောင်းခဲ့ရသည်။ အနားတောင်းပြီး ပွဲပြန်အတည် ထွန်းထွန်းမင်း နာဟန်မပြဘဲ ပြန်လည်တိုက်စစ်ဖွင့်ခဲ့သော်လည်း တစ်ဖက်၏ အားနည်းချက်ကို သိသွားသော ဒေ့က ထွန်းထွန်းမင်းကို တရစပ် လိုက်လံထိုးသတ်ခဲ့သောကြောင့် တတိယ အချီ ၂ မိနစ် ၃၄ စက္ကန့်တွင် ထွန်းထွန်းမင်း ဘယ်လိုမှ ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိတော့ဘဲ ဒေ့ကို အရှုံးပေးကာ ၂၀၁၆ အဲကမ္ဘောဇ ရွှေအောင်လံချန်ပီယံဆုကို လက်လွှတ်အရှုံးပေးလိုက်ရသည်။



ဖျံသွေးနှင့် နျူကလီးယားဟာဒီ(အီရန်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်နေစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အခြားပြည်ပ ငါးချီစိန်ခေါ်ပွဲများဖြစ်သော ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့်နျူကလီးယားဟာဒီ(အီရန်) တို့ပွဲတွင် အရပ်အမောင်းမတူသော ဖျံသွေး အရေးနိမ့်ခဲ့သော်လည်း မာဂုဏ်အရင်းတည်ကာ ဇွဲနပဲဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ သရေကျခဲ့ပြီး နောက်ဆုံးအထူးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော အမျိုးသမီးပွဲဖြစ်သည့် ရွှေစင်မင်း(မြန်မာ)နှင့် မိုမိုကို(ဂျပန်) တို့ပွဲတွင် ရွှေစင်မင်း ပထမအချီနှင့် ဒုတိယအချီတို့တွင် သူတင်ကိုယ်တင် အပြိုင်ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း တတိယအချီ ၁ မိနစ် ၂၃ စက္ကန့်တွင် မိုမိုကို(ဂျပန်)ကို အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

တစ်ဖန် လေးချီ ပြည်တွင်းပွဲစဉ်များဖြစ်သော ထွန်းမင်းနိုင်(ထွန်းထွန်းမင်း)နှင့် မိုက်သွေး(ဗမာ့သွေး)၊ ရာဇာ(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စိန်လုံချော(ဗမာ့သွေး) ပွဲစဉ်များ သရေကျခဲ့ပြီး စွမ်းထက်နိုင်(ဗမာ့သွေး)နှင့် ဒေါင်းဖြူလေး(အဲလ်ဗန်းချား)တို့ပွဲ၌ တတိယအချီ ၂ မိနစ် ၀၄ စက္ကန့်တွင် ဒေါင်းဖြူလေးက အလဲထိုးဖြင့် အနိုင်ယူ၍လည်းကောင်း၊ စောသဲဦး (STL)နှင့် ချိုင်းထူး(နဂါးမာန်)ပွဲ၌ သမ္ဘာရင့် စောသဲဦးကို ချိုင်းထူးက စတုတ္ထအချီ ၂ မိနစ် ၀၅ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ယူ၍ လည်းကောင်း၊ ဘိုစိုးအောင်(ဗမာ့သွေး)နှင့် ထွန်းနိုင်ဦး(STL) တို့ပွဲတွင်လည်း စတုတ္ထအချီ၌ အမှတ်စဉ်လေးကြိမ်အရေခံခဲ့ရသော ဘိုစိုးအောင်က ထွန်းနိုင်ဦးကို အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ထက်အောင်ဦး (တောင်ကလေး)နှင့် ရွှေရာမာဉ် (1886 Mandalay) ပွဲမှာတော့ ပွဲစသည်နှင့် ရွှေရာမာဉ်တစ်ဟုန်ထိုး အပေါ်စီးက ယှဉ်ပြိုင်ထိုးသတ်သော်လည်း မာဂုဏ်မြင့် ထက်အောင်ဦး ဒုတိယအချီ ၂ မိနစ် ၂၀ စက္ကန့်တွင် ညာဝိုက်လက်သီးဖြင့် ပွဲသိမ်းအနိုင်ယူလိုက်သဖြင့် ရွှေရာမာဉ် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

# ကျွန်တော်နဲ့ ငွေကြေးဖောင်းပွမှု



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူစဉ် ကျွန်တော်ဟာ နိုင်ငံအနှံ့ရောက်ခဲ့တယ်။ အစိုးရအရာရှိများနဲ့ ကုလသမဂ္ဂ ဝန်ထမ်းတွေအတွက် သင်တန်းတွေပေးခဲ့တာ။ တစ်ချိန်က အာဖရိကတိုက်မှာ ဒီမိုကရက်တစ်ပြည်ထောင်စုကွန်ဂို နိုင်ငံကို ရောက်ခဲ့တယ်။ ပဋိပက္ခအကြီးအကျယ်ဖြစ်တဲ့ နိုင်ငံဖြစ်သလို ရှားပါးလှတဲ့ လူဝံတွေရှိတဲ့နိုင်ငံဖြစ်တယ်။ ညဘက်ထမင်းစားကြရင်း ကွန်ဂိုနိုင်ငံမှာ ရင်ဆိုင်နေရတဲ့ စီးပွားရေးအကျပ်အတည်းကို ဆွေးနွေးခဲ့တယ်။ တစ်ဦးက ကွန်ဂိုနိုင်ငံက ထုတ်လုပ်တဲ့ ငွေစက္ကူကို ထုတ်ပြပါတယ်။ ကျွန်တော်ကြည့်လိုက်တော့ မျက်စိထဲတောင် မယုံနိုင်အောင်ဖြစ်မိတယ်။ ငွေစက္ကူက တစ်သန်းတန်။ ဒါကြောင့် ဒီငွေစက္ကူကို ကျွန်တော့်ကိုပေးပါလို့ တောင်းခဲ့တယ်။ သန်းကြွယ်သူဌေးတစ်ဦးဖြစ်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် တစ်သက်မှာတစ်ခါတော့ သန်းကြွယ်သူဌေး ဖြစ်ခဲ့တယ်။

ကွန်ဂိုငွေ တစ်သန်းဖြစ်ပေမယ့် အမေရိကန်ဒေါ်လာ တန်ဖိုးနှင့် တွက်ရင်တော့ ပြား ၇၀ သာရှိတာ။ ဝန်ထမ်းတွေ လခထုတ်ရင် ငွေစက္ကူတွေကိုသယ်ဖို့ အထုပ်ကြီးတွေနဲ့ ထုပ်ပိုးခဲ့ရတယ်။ ကွန်ဂိုမှာ ဖြစ်ခဲ့တဲ့ဖြစ်ရပ်ဟာ ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျာမနီနိုင်ငံမှာ ကြုံတွေ့ရတဲ့ပုံစံနဲ့ ခပ်ဆင်ဆင်ပါ။ အမှန်တော့ ဒုတိယကမ္ဘာစစ်ဖြစ်ရတဲ့ အကြောင်းရင်းမျိုးစုံအနက် အရေးကြီးတဲ့ အကြောင်းအချက်တစ်ခုက ငွေကြေးဖောင်းပွမှုကြောင့်ပဲ ဖြစ်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေခံတစ်ခုက ငွေကြေးဖောင်းပွမှုကို စီမံနိုင်မှုပဲဖြစ်ပါတယ်။ တစ်ဖက်ကတော့ နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားရတဲ့ တာဝန်၊ ဒီတာဝန်နှစ်ရပ်ကို ဆောင်ရွက်ရာမှာ အခြေခံအယူအဆနှစ်မျိုးရှိတာတွေ့ရပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ရတဲ့ အကြောင်းရင်းတွေကို သုံးသပ်ပြီး နောက်နောင် အခုလို မဖြစ်အောင် နိုင်ငံတော်မှ ဝင်ရောက်ပါဝင်ပတ်သက်ဖို့လိုကြောင်း လက်ခံလာခဲ့တယ်။ ဒီအယူအဆကို ဖော်ထုတ်ခဲ့သူအဖြစ် ထင်ရှားခဲ့သူက ဗြိတိသျှလူမျိုး ကိန်းစ်ပဲဖြစ်တယ်။ အစိုးရရဲ့ ထိထိရောက် ရောက်ကိုင်တွယ်မှုဟာ အရေးပါကြောင်း ဆရာကြီးက အဆိုပြုခဲ့တယ်။ ငွေကြေးဖောင်းပွမှု ကိုင်တွယ်ဖို့အတွက် နိုင်ငံများရဲ့ ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေဖို့ ကမ္ဘာ့ဘဏ် နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေကို ကိန်းစ်ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ဒုတိယကမ္ဘာစစ်အပြီး တည်ထောင်နိုင်ခဲ့တယ်။

ကိန်းစ်ရဲ့အယူအဆကို လက်မခံဘဲ ဈေးကွက်ယန္တရားကိုသာ အခြေခံဖို့လိုအပ်ကြောင်းလက်ခံကြတဲ့ ပညာရှင်များလည်း ပေါ်ပေါက်လာခဲ့တယ်။ ဒီအယူအဆကို လက်ခံခဲ့သူများအနက် ထင်ရှားတဲ့ စီးပွားရေးပညာရှင်က ဩစတြီးယားနိုင်ငံက ဟာရပ်ဆိုသူ ဖြစ်တယ်။ အထင်ရှားဆုံးကတော့ နိုဘယ်ဆုရှင် ချီကာဂိုတက္ကသိုလ် ပါမောက္ခ ဖရီးဒ်မန် ဖြစ်တယ်။ ချီကာဂိုတက္ကသိုလ်က မွေးထုတ်လိုက်တဲ့ စီးပွားရေးပညာရှင်များဟာ ဈေးကွက်ယန္တရားကို အားကိုးကြသူများဖြစ်တယ်။

လက်ရှိမြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ မြင့်မားနေတာကို တွေ့ရတယ်။ အမှန်တော့ အခုလိုဖြစ်တာဟာ ငွေကြေးဖောင်းပွမှုကြောင့်ဖြစ်တယ်။ ဒီပြဿနာကို ကိုင်တွယ်အဖြေရှာတဲ့နေရာမှာ ဖြစ်ရတဲ့အကြောင်း ဇာစ်မြစ်ကိုသိဖို့ အရေးကြီးပါတယ်။ စီးပွားရေးသီအိုရီအရတော့ အကြောင်းရင်းသုံးခုကြောင့် ဖြစ်တယ်လို့ လက်ခံထားတယ်။ ပထမအကြောင်းကတော့ "ကုန်ကျစရိတ်အတွန်း"ကြောင့်လို့ဖြစ်တယ်လို့ ပြောကြတယ်။ ကုန်ထုတ်လုပ်မှုစရိတ်တွေ တက်လာတယ်။ လုပ်ခလစာ၊ အတိုးနှုန်း၊ ကုန်ကြမ်းစရိတ်၊ သွင်းကုန်ပစ္စည်းစရိတ်၊ ပြည်တွင်း ငွေကြေးတန်ဖိုးနည်းမှု အစရှိတဲ့စရိတ်တွေ တက်လာတဲ့အတွက် စရိတ်ကာမိအောင် ဈေးတွေတင်ရတာမို့ ကုန်ဈေးနှုန်းတွေ တက်လာတယ်လို့ ယူဆကြတယ်။ ဒုတိယအကြောင်းရင်းကတော့ "ဝယ်လိုအား အဆွဲ" ကြောင့်လို့ပြောကြတယ်။ ဝယ်ချင်၊ ဝယ်နိုင်တဲ့သူများပြီး ထုတ်လုပ်မှုပမာဏနည်းပါးနေတာကြောင့် ကုန်ဈေးနှုန်း တက်ရကြောင်း လက်ခံကြတယ်။ နောက်ဆုံးကတော့ ငွေကြေးပမာဏများပြားနေတာမို့ ကုန်ဈေးနှုန်းတက်တယ်လို့ ဆိုကြတယ်။ ဘဏ်အတိုးနှုန်းတွေနည်းနေတဲ့အတွက် ဘဏ်မှာငွေမအပ်တာကြောင့် ဈေးကွက်ထဲမှာ ငွေပိုငွေလျှံတွေ ရှိလာတော့ ကုန်ဈေးနှုန်းတက်တယ်လို့ ယူဆကြတယ်။ အမှန်တော့ အခုလို ငွေကြေးဖောင်းပွမှုဟာ အကြောင်းရင်းတစ်ခုတည်းကြောင့် မဟုတ်ဘဲ အကြောင်းမျိုးစုံကြောင့်ဖြစ်ကြောင်း လက်ခံဖို့လိုအပ်တယ်။

**ငွေကြေးဖောင်းပွမှုကို ဖြေရှင်းရာမှာ တိုင်းပြည်ရဲ့ စီးပွားရေးကို အောင်မြင်တိုးတက်အောင် လုပ်ရမယ်။ စီးပွားရေး လုပ်ချင်တဲ့သူတွေ လုပ်ချင်လာအောင် မက်လုံးတွေပေးရမယ်။ အလုပ်ခက်အောင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပစ်ပယ်ဖို့လိုတယ်။**

ငွေကြေးဖောင်းပွမှုရဲ့ အကျိုးဆက်ဟာ အလွန်အန္တရာယ်ရှိလှတယ်။ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် သာမက မရေရာမသေချာမှု မြင့်မားလာတာကြောင့် နစ်နာမှုတွေ ရှိနိုင်ပါတယ်။ စုဆောင်းမှုကိုလည်း ထိခိုက်နိုင်တယ်။ လက်ရှိရင်ဆိုင်နေရတဲ့ စီးပွားရေးအကျပ်အတည်းမှာ ငွေကြေးဖောင်းပွမှုသာမက နိုင်ငံခြားငွေကြေး တန်ဖိုးတက်နေပြီး မြန်မာငွေတန်ဖိုးကျနေတာ တွေ့ရပြန်တယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ ဖြစ်ရတဲ့အကြောင်းရင်း ဇာစ်မြစ်ကိုသိဖို့ အလွန်အရေးကြီးလှပါတယ်။ "အနာသိမှ ဆေးရှိတာ" ကို သတိပြုရမှာဖြစ်တယ်။

အဖြေရှာတဲ့နေရာမှာလည်း ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတဲ့အကြောင်းတစ်ခုကို သွားသတိရမိတယ်။ မိမိရင်ထဲ မြားစိုက်နေရင် ဒီမြားကို ဘယ်သူပစ်တာလဲ ၊ ဘယ်လိုပစ်တာလဲ၊ ဘာကြောင့်ပစ်တာလဲ၊ အရှိန်ဘယ်လောက်ရှိတာလဲဆိုတာတွေ စဉ်းစားပြီး တွေဝေနေမယ့်အစား ရင်ထဲစိုက်နေတဲ့မြားကို အရင်ဆုံးဆွဲနုတ်ဖို့ အရေးကြီးလှပါတယ်။ အဖြေရှာဖွေမှုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အမျိုးအစား လေးခုရှိတယ်လို့ ထင်မိပါတယ်။

ပထမအမျိုးအစားက ချက်ချင်းလက်ငင်းဆောင်ရွက်ရမယ့်အရာတွေဖြစ်ပြီး ဒုတိယကတော့ ကာလလတ်နှင့် ကာလရှည်အတွက် ဦးတည်ပြီးဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ကာလတိုနဲ့ ကာလရှည်ကိုစဉ်းစားတဲ့နေရာမှာလည်း နှစ်ခုစလုံးကို ပူးတွဲစဉ်းစားဖို့လိုအပ်တယ်။ ကာလတို ဆေးမြီးတိုတွေလိုအပ်သလို ရေရှည်အတွက် စဉ်းစားဖို့လည်း အရေးကြီးလှတယ်။

တတိယအမျိုးအစားကတော့ အစိုးရအနေနဲ့ တာဝန်ယူဖြေရှင်းရမယ့် ကိစ္စတွေရှိသလို ဈေးကွက်ယန္တရားကိုလည်း အသုံးပြုဖို့ လိုအပ်မှာဖြစ်တယ်။ အစိုးရရဲ့အသုံးစရိတ်တွေ လျှော့ချရင် ငွေကြေးဖောင်းပွမှုအပေါ် အကျိုးသက်ရောက်မှုရှိပေမယ့် လူကြိုက်နည်းပြီး နိုင်ငံရေးအန္တရာယ်တွေရှိနိုင်ပါတယ်။ ဘဏ်အတိုးနှုန်းကို ယခုထက်တိုးလိုက်ရင် ဘဏ်အပ်ငွေတွေတိုးလာပြီး ငွေကြေးပမာဏကို လျှော့စေပေမယ့် တစ်ဖက်က ချေးငွေနှုန်းထား တိုးလာတဲ့အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ချင်တဲ့သူတွေအတွက် အခက်အခဲဖြစ်နိုင်ပါတယ်။ ယခု မြန်မာနိုင်ငံမှာရှိတဲ့ ချေးငွေနှုန်းထားဟာ နိုင်ငံတကာနဲ့ နှိုင်းယှဉ်တဲ့အခါ အဆမတန်များပြားနေတာမို့ ဆက်ပြီး အတိုးနှုန်းတင်ဖို့ ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ကာလတိုမှာ အခြေခံစားကုန်တွေရဲ့ ဈေးနှုန်းကို အစိုးရအနေနဲ့ အထောက်အပံ့ပေးပြီး အခြေခံလူတန်းစားများအတွက် သက်သာနိုင်အောင် ဆောင်ရွက်နိုင်ပါတယ်။ ဒါပေမယ့် ဒီအစီအမံမျိုးဟာ ကာလရှည် ကျင့်သုံးဖို့ မဖြစ်နိုင်တာ တွေ့ရတယ်။ အနည်းဆုံးလုပ်ခလစာကို ကိုင်တွယ်ပြီး ဝင်ငွေမြင့်မားအောင် လုပ်နိုင်ပေမယ့် "သမင်မွေးရင်း ကျားစားတာမျိုး" ဖြစ်ဖို့ သေချာလှပါတယ်။

အဖြေရှာတဲ့နေရာမှာ အဖြေရှာတဲ့ပုံစံဟာ အရေးကြီးလှတယ်။ ပြည်သူရွေးချယ်ထားတဲ့ အစိုးရဖြစ်တာကြောင့် အားလုံးပါဝင်ပတ်သက်တဲ့ အဖြေရှာဖွေမှု အစီအစဉ်ကို ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်တယ်။ အထူးသဖြင့် စီးပွားရေးလုပ်နေသူနဲ့ တွေ့ဆုံဆွေးနွေးဖို့ လိုအပ်တယ်။ အကြံဉာဏ်တွေတောင်းရမယ်။ စီးပွားရေးအနေအထား နွေးကွေးနေတာကြောင့် တခြားမှာ အလုပ်တွေမလုပ်တော့ဘဲ ဒေါ်လာတွေ ဝယ်စုနေတာကြောင့် ဒေါ်လာတန်ဖိုးမြင့်လာတာဖြစ်တယ်။ ဒါကြောင့် ဒေါ်လာကို ကစားမယ့်အစား အခြားစီးပွားရေးလုပ်ငန်းတွေမှာ မြှုပ်နှံနိုင်အောင် အခွင့်အရေးတွေ ဖန်တီးပေးဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဆန်းကြယ်လှပါတယ်။ အချို့ စီးပွားရေးသီအိုရီတွေကို မြန်မာပြည်မှာ အသုံးချလို့ မရပါဘူး။ ဒေါ်လာဈေးတက်ရင် မြန်မာငွေတန်ဖိုးကျတယ်။ ဒီအချိန်မှာ ပို့ကုန်လုပ်ငန်းတွေအခွင့်အရေးဖြစ်ပါတယ်။ ဒီလိုပဲ ဒေါ်လာဈေးကျပြီး မြန်မာကျပ်ငွေတန်ဖိုးမြင့်လာရင် သွင်းကုန်သမားတွေအတွက် အခွင့်အရေးပါပဲ။ ဒါပေမယ့် မြန်မာငွေတန်ဖိုးမြင့်စဉ်ကာလမှာ သွင်းကုန်သမားတွေကို အခွင့်အရေးတွေ မယူကြသလို အခုလို မြန်မာငွေတန်ဖိုးကျနေချိန်မှာလည်း ပို့ကုန်တွေ သိသိသာသာတိုးတာ မတွေ့ရပါဘူး။

ငွေကြေးဖောင်းပွနေတာ လက်ထဲမှာ ငွေပိုငွေလျှံတွေ ရှိတဲ့သူတွေများတာကြောင့်လို့ ပြောပေမယ့် လက်ရှိအခြေအနေမှာတော့ ဒီလိုမဟုတ်တာ တွေ့ရပြန်တယ်။ ကျွန်တော့်အနေနဲ့ အဖြေရှာတဲ့အခါ ခေါက်ရိုးကျိုးနေတဲ့ ပုံစံခွက်ထဲ ရောက်နေတဲ့ အဖြေတွေကို မစဉ်းစားဘဲ ဘောင်ထဲက ထွက်ပြီး စဉ်းစားဖို့လိုအပ်မယ်လို့ ယူဆမိတယ်။ သင်ထားတဲ့၊ လေ့လာထားတဲ့ စီးပွားရေးသီအိုရီတွေကို ကိုင်တွယ်ပြီး လုပ်နေမယ့်အစား ဆန်းသစ်တဲ့ တီထွင်တဲ့အဖြေတွေ သီအိုရီအရ မှန်တာ မမှန်တာတွေ မစဉ်းစားဘဲ လုပ်စေချင်တယ်။ ရဲရင့်ဖို့လိုအပ်တယ်။ သတ္တိရှိရမယ်။ ဇဝေဇဝါနဲ့ တွေးနေလို့ မဖြစ်တော့ဘူး။ စေတနာမှန်မှန်နဲ့ သတ္တိရှိဖို့လိုပြီလို့ ထင်တယ်။

ငွေကြေးဖောင်းပွမှုကို ဖြေရှင်းရာမှာ တိုင်းပြည်ရဲ့စီးပွားရေးကို အောင်မြင်တိုးတက်အောင် လုပ်ရမယ်။ စီးပွားရေး လုပ်ချင်တဲ့သူတွေ လုပ်ချင်လာအောင် မက်လုံးတွေပေးရမယ်။ အလုပ်ခက်အောင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပစ်ပယ်ဖို့လိုတယ်။ နေရာတိုင်း "ပါမစ်" တင်ရမယ်ဆိုတဲ့ အယူအဆကို ပစ်ပယ်ပြီး စီးပွားရေးကို ဦးစားပေးတဲ့၊ စီးပွားရေးလုပ်ချင်တဲ့သူတွေကို မြှောက်ပေးတဲ့ နိုင်ငံဖြစ်ရမယ်။အစိုးရရဲ့တာဝန်က လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် ပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ထုတ်ရမယ်။ ကိုယ်တိုင် စီးပွားရေးဝင်မလုပ်ဖို့ အရေးကြီးတယ်။ စီးပွားရေးကို စီမံကိန်းနဲ့ ထိန်းချုပ်ကိုယ်တွယ်တဲ့ အယူအဆကို ပစ်ပယ်ပြီး လူတစ်ဦးချင်းရဲ့ စွန့်ထွင်ဦးစီးမှုကို အသိအမှတ်ပြုဖို့ လိုတယ်။

မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးက မျက်စိကျတယ်။ ကူညီချင်တယ်။ အားပေးချင်တယ်။ ဒီလိုအချိန်မျိုးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လှိုင်းလုံးကြီးကြီးနဲ့စီးဝင်လာအောင် လုပ်ဖို့လိုတယ်။

အခုတော့ လာတဲ့ရင်းနှီးမြှုပ်နှံမှုတွေကို အဝကျဉ်းတဲ့ ပုလင်းနဲ့ ခံနေသလို ဖြစ်တယ်။ အဟန့်အတားတွေ၊ တားမြစ်ချက်တွေကို ရှေ့တန်းတင်ထားတယ်။ ယုံကြည်မှုအားနည်းတာကြောင့် အရာရာကို စစ်ဆေးရမယ်ဆိုတဲ့ အကျင့်ဆိုးတွေစွဲကပ်နေတယ်။ အမှန်တော့ ဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အဝကျယ်တဲ့ကတော့နဲ့ခံရတယ်။ ရင်းနှီးချင်အောင် တခြားနိုင်ငံက မပေးတဲ့ မက်လုံးတွေပေးရမယ်။ အကြောက်တရား၊ သံသယနဲ့ စီးပွားရေးလုပ်လို့ မဖြစ်ဘူး။ စီးပွားရေး တိုးတက်ချင်ရင် စီးပွားရေးမျက်စိနဲ့ ကြည့်ဖို့လိုတယ်။ အုပ်ချုပ်ရေးမျက်စိနဲ့ ကြည့်လို့မဖြစ်ဘူး။ ။

## အထွေထွေကုဆရာဝန်များ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အထူးရက်တိုသင်တန်းဖွင့်ရန် ဆွေးနွေးညှိနှိုင်း

**မန္တလေး ဒီဇင်ဘာ ၁၁**

မြန်မာဆရာဝန်များအသင်း(မြောက်အမေရိက)မှ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာချစ်အောင် ခေါင်းဆောင်သော အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ညှော်ခန်းမ၌ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ အထွေထွေရောဂါကုဆရာဝန်များဥက္ကဋ္ဌ ဒေါက်တာနေဝင်း၊ ပညာရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အထွေထွေရောဂါကု ဆရာဝန်များအတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အထူး ရက်တိုသင်တန်းဖွင့်လှစ်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါအသင်းသည် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ပိတောက်ခန်းမ၌ အထွေထွေရောဂါကုဆရာဝန် ၅၀ တို့ကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကလေးဆေးပညာ၊ လူငယ်ဆေးပညာ၊ သက်ကြီးဆေးပညာဘာသာရပ်များကို ဆေးတက္ကသိုလ်(မန္တလေး)မှ ဆေးပညာဌာနက ကလေးဆေးပညာဌာန၊ မေ့ဆေးပညာဌာနများမှ ဆရာဝန်များ၊ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကျော်စိုးဝင်းတို့နှင့် ပူးပေါင်း၍ စာတွေ့လက်တွေ့ သင်တန်းများ ပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

**သီပေါမြို့၌ ဒီဇင်ဘာလ ဒုတိယပတ် လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာ စုရပ်၌ ကျင်းပရာ မြို့နယ်အားကစား နှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက မိုင်းပွန်လမ်းမှ မန္တလေး- လားရှိုး ပြည်ထောင်စုလမ်းမကြီးအတိုင်း စုပေါင်းလမ်းလျှောက်ကြစဉ်**
စိုင်းသာလှိုင်



# ပဲခူးတက္ကသိုလ် ဓမ္မာရုံတော်ကြီး ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးတက္ကသိုလ် ဓမ္မာရုံတော်ကြီးဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါဓမ္မာရုံတော်ကြီး၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာနှင့် ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်တို့၏ ပဓာန နာယက ဆရာတော် ဒေါက်တာ အရှင်ပညိသာရာဘိဝံသကနှင့် သြဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်း၊ ပဲခူးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ မင်းအောင်၊ ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဓမ္မာရုံတော်ကြီးဖွင့်ပွဲ အခမ်းအနားတွင် ဆရာတော် ဒေါက်တာ အရှင်ပညိသာရာဘိဝံသက၊ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ ဓမ္မာရုံတော်ကြီးကို ပဲခူးဆယ်မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာနှင့် ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာ အရှင်ပညိသာရာဘိဝံသက က ဦးဆောင်၍ အလှူရှင်များက စုပေါင်းလှူဒါန်းပြီး ဓမ္မာရုံတော်ကြီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# ဗုဒ္ဓမြတ်စွယ်တော် သီပေါမြို့အတွင်းသို့ ဒေသစာရီကြွချီ အပူဇော်ခံ

**သီပေါ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်အတွင်း ဗုဒ္ဓစွယ်တော်တိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးနှစ်ပေါင်း ၁၂၄ နှစ်က စော်ဘွား စောကြာခိုင် သီဟိုဠ်နိုင်ငံမှပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော်အား (၁၃)ကြိမ်မြောက်ပူဇော်ပွဲနှင့် ဒေသစာရီခရီးစဉ်လှည့်လည်ပူဇော်ခံရေးပင့်ဆောင်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ရှိ စွယ်တော်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် မြို့မိမြို့ဖများ၊ မြို့နယ်ဥပါသကာအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ဒေသစာရီလှည့်လည်ရေး မော်တော်ယာဉ်ပေါ်ရှိ မင်္ဂလာဆင်ဖြူတော်ပေါ်သို့ပင့်ဆောင်ရန် မြတ်စွယ်တော် ပင့်ဆောင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှတင်နှင့်အဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ဗုဒ္ဓမြတ်စွယ်တော်တိုက်မှ မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးအတိုင်း ဒေသစာရီကြွချီပြီး မြို့ပေါ် ၁၁ ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်အပူဇော်ခံကြသည်။

ညပိုင်းတွင် ရှမ်းချယ်ရီရှမ်းကဇာတ်နှင့် ရှမ်းရိုးရာယဉ်ကျေးမှုအဆိုအကအလှများ၊ ခေတ်ပေါ် စင်တင်တေးဂီတများနှင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။
**စိုင်း(သီပေါ)**

# တိုက်ကြီးမြို့နယ် မင်းလှဝကျေးရွာ ရေပေါ်သောင်တံတား ချဉ်းကပ်လမ်းပြုပြင်ပေးရန် ဒေသခံများ မျှော်လင့်

**တိုက်ကြီး ဒီဇင်ဘာ ၁၁**

တိုက်ကြီးမြို့နယ် မင်းလှဝကျေးရွာ ရေပေါ်သောင်တံတား အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဒေသခံများ အသုံးပြုလျက်ရှိသော ချဉ်းကပ်လမ်း ပျက်စီးသွားသဖြင့် ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ရေပေါ်သောင် တံတားသည် အဖျောက်၊ ရွာသာ၊ တော်လတီ၊ မင်းလှဝ၊ တော်လတက်၊ ရေနက်ကွင်းဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် လှိုင်မြစ်ကိုဖြတ်၍ ရန်ကုန်နှင့် ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည်။

ယခုနှစ် ရေကြီးရေလျှံဖြစ်၍ တံတားဆက်သွယ်သော မြေသားလမ်းများ ရေကျော်ခြင်း ရေတိုက်စားခြင်းဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြီးစားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသော်လည်း ဒေသခံများ အသုံးပြုလျက်ရှိသော ချဉ်းကပ်လမ်း ပြန်လည်ပြုပြင် ဆောင်ရွက်ပေးခြင်း မရှိကြောင်း သိရသည်။

“တံတားချဉ်းကပ်လမ်းဆောင်ရွက်မပေးတော့ ဒေသခံတွေ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ရတာသွားလာရေးအတွက် အဆင်မပြေဘူး ကျောင်းသား ကျောင်းသူတွေဆိုရင်လည်း ကျောင်းသွားတက်ရတာ သွားလာရေး အဆင်မပြေဘူး။ လယ်သမားတွေလည်း သယ်ယူစရိတ်က စပါးတစ်တင်းငွေကျပ် ၃၀၀ ကုန်မှ လမ်းပေါ်ရောက်တယ်။ ချဉ်းကပ်လမ်းမရှိတော့ စက်ဘီးဆိုင်ကယ်လည်း စီးရတာအဆင်မပြေပါဘူး” ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ အကြီးစားပြင်ဆင်မှုပြီးသော်လည်း ချဉ်းကပ်လမ်းဆောင်ရွက်ပေးရန် မင်းလှဝကျေးရွာအုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာကိုတင်ပြထားသော်လည်း ဆောင်ရွက်ပေးမှု မရှိသေးကြောင်း သိရသည်။ မင်းလှဝကျေးရွာအုပ်စုသည် ရွာခွဲ ကိုးရွာရှိပြီး လူဦးရေ ၂၄၀၀ ကျော်ရှိပြီး ရေပေါ်သောင်တံတားပေါ်တက် ချဉ်းကပ်လမ်းပြုလုပ်ပေးရန် ဒေသခံများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။
**ထွန်းလှိုင်(မြိုင်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ (မိုး/ဇလ)

# စလင်းမြို့ စည်ပင်ဈေးလမ်း စည်းကမ်းမဲ့ယာဉ်များ ရှိနေ

**မကွေး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့ စည်ပင်သာယာဈေး မျက်နှာစာလမ်းအကွေ့ကို ယာဉ်များ ဈေးသွား ဈေးလာများ ကျယ်ကျယ်ဝန်းဝန်း အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏အစီအမံဖြင့် အရိပ်ရသစ်ပင်ကြီးများကို ဖယ်ရှားရှင်းလင်းပြီး လမ်းချဲ့ထွင်ဖောက်လုပ်ပေးခဲ့သည်။

သို့သော်လည်း အဆိုပါ ထပ်တိုးချဲ့ထားသောလမ်းနယ်တွင် ဆိုက်ကား၊ သုံးဘီးဆိုင်ကယ်ဘေးတွဲနှင့် စက်ဘီး၊ ဆိုင်ကယ်များရပ်နားထားသဖြင့် လမ်းမှာ ကျဉ်းမြဲကျဉ်းနေသဖြင့် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပြည်သူများက ယင်းစည်းကမ်းမဲ့ရပ်နားထားခြင်းများကို ဖယ်ရှားရှင်းလင်းပေးစေလိုကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**



# အမွေးတိုင်မီးပွားဇာခြင်ထောင်ပေါ်ကျရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်-၁၅ ရပ်ကွက် မြင်သာ ၄ လမ်း(အမှတ်-၂၀၀/ ခ) ရှိ သွပ်မိုးပျဉ်ကာပျဉ်ခင်းတစ်ထပ်အိမ်၌ ယနေ့ နံနက် ၁၀ နာရီကျော်က လူစောင့်မရှိဘဲ ဘုရားစင်ပေါ်တွင် အမွေးတိုင်မီးထွန်းပူဇော်ထားရာ ဘုရားစင်အောက်ရှိ ဇာခြင်ထောင်ပေါ်သို့ မီးပွားကျရာက စတင်မီးလောင်မှုကြောင့် အိမ်ငါးလုံး ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။



မီးလောင်မှုဖြစ်ပွားစဉ် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၅ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မီးငြိမ်းသတ်ယာဉ် ၂၆ စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ရောက်ရှိငြိမ်းသတ်ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၀ စုမှ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၂၇ ဦးတို့ကို အမှတ်-၁၅ ရပ်ကွက်ရှိ သာသနမဂ္ဂဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။

မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်ကြည်ကြည်ခိုင်(၄၁ နှစ်)အား တောင်ဥက္ကလာပမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။
**သတင်း-အောင်သူရ**
**ဓာတ်ပုံ-ဝင်းမြင့်ထွန်း**

# လယ်ယာမြေရှုခင်းအလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ အလှရှုခင်းများကိုဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လယ်ယာမြေရှုခင်းအလှ"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး လယ်ယာစိုက်ခင်းများ ထွန်ယက် စိုက်ပျိုးနေမှုများ၊ လယ်ယာမြေတွင် အောင်မြင်ဖြစ်ထွန်းနေသော ရွှေရောင်လွှမ်းနေသည့် စပါးခင်းများ၊ အခြားသီးနှံစိုက်ခင်းများ၊ သီးနှံများရိတ်သိမ်းခြွေလှေ့နေမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးလက်ဒေသအလှရှုခင်းများ၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ စိုက်ပျိုးဆောင်ရွက်နေမှုများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မအရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) မည့်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။
(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။
(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။
(င) ကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။
(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု သုံးသိန်းကျပ်၊ ဒုတိယဆု နှစ်သိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၏ မောင်တောမြို့နယ်သို့ ကူညီထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်သည့် ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက် ခရီးစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ် (သတင်းစဉ်)

**မီးဖိုမီး အသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံ အကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

(မီးသတ်ဦးစီးဌာန)

# ကိုယ်ပိုင်မော်တော်ယာဉ်ရှစ်စီးဖြင့် ထိုင်းနိုင်ငံသား ၁၉ ဦးအဖွဲ့၏ မြဝတီနယ်စပ်ဖြတ်ကျော် ပြည်တွင်းခရီးစဉ် ကိုးရက်ကြာမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ထိုင်းနိုင်ငံသား ၁၉ ဦး ပါဝင်သော အဖွဲ့သည် ပြည်တွင်းတွင် ကိုးရက်ကြာ ခရီးစဉ်အဖြစ် ကိုယ်ပိုင်မော်တော်ယာဉ် ရှစ်စီးဖြင့် နယ်စပ်ဖြတ်ကျော်၍ မြဝတီချစ်ကြည်ရေးတံတားဂိတ်သို့ ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ထိုင်းနိုင်ငံမဲဆောက်မြို့မှ ရောက်ရှိလာခဲ့သည်ဟု သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဆက်ဆံရေးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံမြင့်၊ ခရီးသွားကုမ္ပဏီ မှ ဧည့်လမ်းညွှန် ဒေါ်တင်မာဝင်းနှင့် တာဝန်ရှိသူများက မြဝတီနယ်စပ်ချစ်ကြည်ရေးတံတားဂိတ်မှ ကြိုဆိုခဲ့သည်။

ယင်းနေ့မှာပင် ကျိုက်ထိုမြို့သို့ ဆက်လက်ထွက်ခွာလာပြီး ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ကာ တောင်ပေါ်ရှိ Mountain Top Hotel ၌ ညအိပ်တည်းခိုခဲ့သည်။

ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ကျိုက်ထိုမှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဒီဇင်ဘာ ၁၂ ရက်မှစ၍ ရန်ကုန်-ပုဂံ-မန္တလေး-အင်းလေး-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ခရီးစဉ်အတိုင်း လှည့်လည်လည်ပတ်သွားရောက်ရန် ရှိသည်။ ဒီဇင်ဘာ ၁၈ ရက်တွင် တာချီလိတ်နယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဟု ဆက်ဆံရေးအရာရှိထံမှ သိရသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်ပခရီးသွား ၃ ဒသမ ၃ သန်းဝန်းကျင်ရှိရာမှ ၂၀၁၆ အလားတူကာလတွင် သုံးသန်းဝန်းကျင်သာရှိသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုမှာ ၄ ဒသမ ၆ သန်းဝန်းကျင်ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ပြည်ပမှလာရောက်သည့် ခရီးသွားဦးရေ ငါးသန်းကျော်ဝင်ရောက်ရန် မျှော်မှန်းထားရှိသည်ဟု သိရသည်။

ပြည်ပခရီးသွားများ လေကြောင်းဖြင့် ဝင်ရောက်မှုသာမက နယ်စပ်ဖြတ်ကျော်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စသည်ဖြင့် ဝင်ရောက်လည်ပတ်မှုများရှိသည်။ စင်ကာပူနှင့် မလေးရှားနိုင်ငံသား ငါးဦးသည် မော်တော်ဆိုင်ကယ် လေးစီးဖြင့် အထက်ဖော်ပြပါခရီးစဉ်အတိုင်း မြဝတီနယ်စပ်မှ နိုဝင်ဘာ ၂၅ တွင် ဝင်ရောက်လာပြီး ဒီဇင်ဘာ ၆ ရက်တွင် တာချီလိတ်နယ်စပ်ဂိတ်မှ ပြန်လည်ထွက်ခွာသွားသည်။ ခရီးစဉ်ပြီးနောက် လေးရက်အကြာတွင် မော်တော်ယာဉ်ဖြင့် အုပ်စုလိုက် ထပ်မံဝင်ရောက်လည်ပတ်သည့် ထိုင်းနိုင်ငံသား ၁၉ ဦးမှ ကိုးရက်ကြာ ပြည်တွင်းခရီးစဉ်တွင် ထပ်မံလိုက်ပါဆောင်ရွက်ပေးရခြင်းဖြစ်သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဆက်ဆံရေးအရာရှိက ပြောသည်။

ပြည်တွင်းသို့ ပြည်ပခရီးသွားများ လည်ပတ်မှုကြောင့် ပြည်ဝင်ခွင့်ဗီဇာကြေး၊ ဟိုတယ်တည်းခိုခ၊ တန်ခိုးကြီးဘုရားများဝင်ကြေး၊ အမှတ်တရပစ္စည်းဝယ်ယူမှုအပြင် ယင်းခရီးသွားများသုံးစွဲသော အသုံးစရိတ်များကို နိုင်ငံခြားငွေဖြင့် ဝင်ရောက်ရရှိလာသည်။ မော်တော်ယာဉ်ဖြင့် လှည့်လည်ရာတွင် အဆိုပါခရီးစဉ်မှာ ခရီးမိုင် ၁၀၀၀ ဝန်းကျင်ရှိရာ စက်သုံးဆီဝယ်ယူသုံးစွဲမှုအတွက်ပါ နိုင်ငံခြားငွေ ရရှိနိုင်သည်။

သို့ဖြစ်၍ ပြည်တွင်းသို့ ခရီးသွားများ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လည်ပတ်ရာတွင် တိုင်းပြည်၏ ပုံရိပ်ကောင်းများပြသရန် လိုအပ်သည်။ အထူးသဖြင့် ကားလမ်းခရီးအပါအဝင် သွားလာလည်ပတ်သည့် ခရီးစဉ်တွင် ဘေးကင်းလုံခြုံမှုရှိစေရန် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းကြည့်ရှုကူညီစောင့်ရှောက်ပေးသင့်သည်။ တိုင်းပြည်၏ ဝင်ငွေရရှိရေး အထောက်အကူပြုနေသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရန် အထူးလိုအပ်နေသည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**



**နိုင်ငံတကာအားကစား**

## ချယ်လ်ဆီးတို့ ဝက်စ်ဘရွန်းကိုနိုင်ပြီး ဇယားထိပ်၌ ဆက်လက်ဦးဆောင်

တနင်္ဂနွေနေ့ ပရီမီယာလိဂ် ပွဲစဉ်(၁၅) အစောပွဲကို ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ ယနေ့ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးအသင်း အိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိ အနိုင်ရရှိသွားခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ကော်စတာက သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခဲ့သဖြင့် ရမှတ် ၃၇ မှတ် ရရှိခဲ့သည့်အတွက် ဇယားဒုတိယမှ အာဆင်နယ်အသင်းကိုသုံးမှတ်ဖြတ်ကာ ဇယားထိပ်တွင် ဆက်လက်ဦးဆောင်နေခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဇယားထိပ်တွင် ဦးဆောင်နိုင်ရေးအတွက် ၃-၄-၃ ကစားကွက်ဖြင့် တိုက်စစ်ဖွင့်ကစားခဲ့သည်။ ဝက်စ်ဘရွန်းအသင်းသည် ဂိုးပေးလိုက်ရသည့်အတွက် ချေပဂိုးရရှိရန် ဖီလက်စ်ပီ၊ မော်ရစ်ဆင်နှင့် ခရစ်ဘန့် တို့အား လူစားလဲပြီး ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ချေပဂိုးမရရှိခဲ့ပေ။ ချယ်လ်ဆီးအသင်းသည် နောက်ထပ်ဂိုးရရှိရေးအတွက် အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ပွဲပြီးဆုံးသွားသည့်အထိ နှစ်သင်းစလုံး နောက်ထပ် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ချယ်လ်ဆီးအသင်း အနိုင်ရရှိသွားခဲ့သည်။ အခြားသောပွဲစဉ်များအဖြစ် မန်ယူနှင့် စပါးပွဲတွင် မန်ယူအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအတွက်အနိုင်ဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် မီခီတာရန်က သွင်းယူပေးခဲ့သည်။ ဆောက်သမ်တန်နှင့် မစ်တယ်ဘရော့ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဆောက်သမ်တန်အသင်း အနိုင်ရရှိခဲ့သည်။ ဆောက်သမ်တန်အသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် ဘူဖောက သွင်းယူခဲ့သည်။

**သီဟ**



# မုံးကိုးမြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားခဲ့သည့် KIA/ TNLA/ MNDAA/ AA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ဘေးကင်းလုံခြုံသည့် နေရာများသို့ သွားရောက်နေထိုင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများ၏ နေ့ညမပြတ် နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် ဒေသတည်ငြိမ်အေးချမ်းလာပြီ ဖြစ်သဖြင့် ဒီဇင်ဘာ ၉ ရက်မှ စတင်၍ စစ်ဘေးရှောင်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့များက စနစ်တကျ စစ်ဆေးလက်ခံလျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၁၀ ရက်တွင်လည်း ဌာနဆိုင်ရာဝန်ထမ်း ၁၆ ဦး၊ မိသားစု ရှစ်ဦးနှင့် နေ့စားဝန်ထမ်း ၃၂ ဦး စုစုပေါင်း ၅၆ ဦးတို့သည် မုံးကိုးမြို့သို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်လည်ရောက်ရှိလာသော စစ်ဘေးရှောင်မိသားစုကို တွေ့ရစဉ်



ပြန်လည်ရောက်ရှိလာသော စစ်ဘေးရှောင်ပြည်သူများအား စနစ်တကျ စစ်ဆေးလက်ခံစဉ်

# တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် KIA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီး အနီးပတ်ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းက ခရီးသွားပြည်သူများ အေးချမ်းတည်ငြိမ်စွာ သွားလာနိုင်ရေးအတွက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာ၏ အနောက်ဘက် ၆ မိုင်ခန့်အကွာသို့ ရောက်ရှိစဉ် KIA လက်နက်ကိုင်အဖွဲ့ အင်အား ၃၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့များ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော်စစ်ကြောင်းက ဆုတ်ခွာထွက်ပြေးသွားသူများနောက်သို့ လိုက်လံရှင်းလင်းရာ မွန်းလွဲ ၁ နာရီခန့်တွင် တိုက်ပွဲဖြစ်ပွားသည့်နေရာ အနီးတစ်ဝိုက်မှ လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် ရှေ့ထွက်မိုင်းတစ်လုံးအား တွေ့ရှိသဖြင့် အများပြည်သူ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး တပ်မတော်စစ်ကြောင်းက အထူးမိုင်းရှင်းလင်းရေး အဖွဲ့များဖြင့် သက်မဲ့ပြုလုပ်ရှင်းလင်းပြီးဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် အလျား ရှစ်လက်မ၊ အမြင့် လေးလက်မ၊ ထု တစ်လက်မခန့်ရှိ အနက်ရောက်ရှေ့ထွက်မိုင်း တစ်လုံး၊ စနက်တံဖျူးစ်နှစ်ချောင်း၊ ခါတ်ခဲအသေးသုံးလုံးပါ ဆားကစ်အုံတစ်ခုနှင့် ခြောက်ပေခန့်ရှိ ဝါ/စိမ်း နှစ်ပင်လိမ် ဝိုင်ယာကြိုး အသေးတစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နောင်ချိုမြို့နယ်သို့ ရောက်ရှိနေသော စစ်ဘေးရှောင်များ တဖွဲဖွဲဝင်ရောက်နေ

**နောင်ချို ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မန်တုံမြို့နယ် ကျေးရွာအုပ်စုများမှ စစ်ဘေးရှောင် အိမ်ထောင်စု စုစုပေါင်းမှာ ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်အထိ ၂၇၆ ဦး ရှိသွားပြီဖြစ်ရာ နောင်ချိုမြို့နယ် သွေးလှူရှင်အသင်းမှ ကိုမြင့်သန်း၊ ကိုဝင်းသူတို့ ဦးဆောင်သော နောင်ချိုပရဟိတလူငယ်အသင်းများက ဆန်နှစ်အိတ်၊ ထမင်းပန်းကန်(စတီး)အချပ် ၂၅၀၊ ဇွန်း ၂၅၀၊ ကြက်သွန်နီ ၁၅ ပိဿာ၊ ခေါက်ဆွဲခြောက် ဂျပ်ပုံး ၁၀ ပုံး၊ အဝတ်အထည် ခြောက်အိတ်နှင့် ငွေကျပ်နှစ်သိန်းတို့ကို ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီက နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုမ္မသီးကျေးရွာ ဘုန်းကြီးကျောင်း၌ လည်းကောင်း၊ အချို့စစ်ဘေးရှောင် ဆွေမျိုးတော်စပ်သောနေအိမ်သို့ လည်းကောင်း သွားရောက်ထောက်ပံ့ကူညီကြကြောင်း သိရသည်။ စစ်ဘေးရှောင်မိသားစုတို့သည် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာသို့ တဖွဲဖွဲဝင်ရောက်တိမ်းရှောင်ခိုလှုံလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မန္တလေးမြို့၌ ပေါက်ကွဲစေတတ်သောပစ္စည်းများ ဖမ်းဆီးရမိ

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် အကွက်(၂၉၄) ကျောင်းကုန်းရပ်ရှိ ရေပန်းဘုန်းကြီးကျောင်းတိုက်ဝင်း၊ လက်ဖက်အုပ်ဘုန်းကြီးကျောင်းအတွင်း၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က လျှပ်စစ် ဒီတိုနီတာများ သိုလှောင်ထားကြောင်း သတင်းအရ ရှာဖွေရာ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မှူခင်းအကူဌာနစု ဒုတိယရဲမှူး ဌေးမြင့်နှင့်အဖွဲ့၊ နယ်မြေခံအမှတ်(၇) စခန်းမှူး၊ နယ်မြေခံ စစ်အင်ဂျင်နီယာတပ်ရင်းနှင့် ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် သတင်းအရ ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဝင်း



အတွင်း ရပ်ထားသော ယာဉ်အမှတ် ( MDY-8H/----) လိုက်ထရပ် ယာဉ်၏ ခေါင်းခန်းတွင် သူရိန်ဖြိုး(ခ) သူရိန်အား တွေ့ရှိပြီးနောက်ခန်းတွင် အမိုးနီးယားနိုက်ထရိတ် မြေဆီအိတ် တစ်အိတ်အတွင်းမှ ဒီတိုနီတာ(ခ) လျှပ်စစ်စနက်တံ အချောင်း ၂၀၀၊ ယင်း ဘုန်းကြီးကျောင်းအတွင်းရှိ ကိုရဲစိမ်းအောင် နေထိုင်သော အဆောက်အအုံ မြေအောက်ခန်းမှ ဒီတိုနီတာ(ခ) လျှပ်စစ် စနက်တံ ၁၃၁ ချောင်းနှင့် SOD တံဆိပ်ပါ မီးရှူ့ဒီတိုနီတာ ၁၇၃ ချောင်းအား ဂျပ်ဘူးအတွင်း ထည့်လျက်လည်းကောင်း၊ လူမနေသည့် အဆောက်အအုံ ပစ္စည်းသိုလှောင်ရုံ သုံးလုံးအတွင်းမှ GARRY တံဆိပ်ပါ ပီနံအိတ်ချုပ်စက်တစ်လုံးနှင့် SONY တံဆိပ်ပါ ပီနံအိတ်ချုပ်စက် တစ်လုံး၊ အရှည် ၂၅ ပေခန့်ရှိ မီးပလပ်ခုံပါ မီးကြိုးတစ်ချောင်း၊ ဒစ်ဂျစ်တယ်ကတ္တားတစ်လုံးနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ရောစပ်အသုံးပြု၍ရသော မြေဆီအိတ်မျိုးစုံ အလုံး ၂၅၀၊ မီးသွေးအိတ်နှစ်လုံး၊ ကိုရဲစိမ်းအောင် မောင်းနှင်သော MDY-5E/---- CRV အဖြူရောင်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပေါက်ကွဲစေတတ်သော ပစ္စည်းများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်ပြီး နယ်မြေခံ အမှတ်(၇) ရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လားရှိုးမြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်က လားရှိုးမြို့နယ် ခေးနင်းအိုရီယမ်တယ် တိုးဂိတ်အနီးတွင် တင်ဝင်းအောင် မောင်းနှင်ပြီး မဆိုင်းမွန် လိုက်ပါလာသည့် TOYOTA အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၉၅၂ ဂရမ်(ယင်းဒေသတန်ဖိုး ငွေကျပ် ၁၈၀ ဒသမ ၈၈ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၂၀၀ (ယင်းဒေသ တန်ဖိုးငွေကျပ် ၇၄၄ သိန်း) သိမ်းဆည်းရမိသဖြင့် တင်ဝင်းအောင်(၂၅ နှစ်)နှင့် မဆိုင်းမွန်(၄၀ နှစ်) တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



တင်ဝင်းအောင်နှင့် မဆိုင်းမွန်တို့အား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ရေး ဆန္ဒထုတ်ဖော်

**မော်လမြိုင် ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် ကြီးလေးသည့်ပြစ်ဒဏ်များချမှတ်ရေး ဆန္ဒထုတ်ဖော်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက သံလွင်ဥယျာဉ်အတွင်း ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ စုရပ်လုပ်၍ အထက်လမ်းမကြီးမှ ထားဝယ်တံတားလမ်းကွေ့၍ ဗဟိုလမ်းမကြီးမှ မြို့မတံတားလမ်း၊ ကမ်းနားလမ်းအထိ ကြွေးကြော်သံများဖြင့် လမ်းလျှောက်ချီတက်ဆန္ဒထုတ်ဖော်ခဲ့ပြီး မြို့မတံတားတွင်ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါချီတက် ဆန္ဒထုတ်ဖော်ပွဲသို့ မွန်ပြည်နယ် CSO Network အဖွဲ့ဝင်များ၊ ချောင်းဆုံမြို့နယ်လူငယ်နှင့် လူ့အခွင့်အရေးပညာပေးရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး ဟောပြောသူရှေ့နေများက ချီတက်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# အိန္ဒိယ-မြန်မာနယ်စပ်အနီးတွင် လက်နက်ခဲယမ်းများသယ်ဆောင်လာသူ ရှစ်ဦးကိုဖမ်းဆီးရမိ

**နယူးဒေလီ ဒီဇင်ဘာ ၁၁**

အိန္ဒိယ အရှေ့မြောက်ဘက်ဒေသဖြစ်သည့် မီဇိုရမ်နှင့် မြန်မာနယ်စပ်အနီးတွင် ပူးတွဲစစ်ဆင်ရေး ကာလအတွင်း ရှုပ်ထွေးသော လက်နက် ခဲယမ်းများ သယ်ဆောင်လာသည့် စစ်သွေးကြွ ရှစ်ဦးကို ဒေသရှိရဲတပ်ဖွဲ့နှင့် စစ်ရေးအရ ဖွဲ့စည်းထားသည့် အိန္ဒိယအင်အားစုများက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်သွေးကြွများကို မီဇိုရမ် တောင်ပိုင်းရှိ ဆိုင်ရာဟာဒေသမှ ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ စနေနေ့က သတင်းပေးပို့ခဲ့ခြင်း ဖြစ်သည်။

၎င်းစစ်သွေးကြွခြောက်ဦးကို ဆိုင်ရာဟာ ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ပြီး အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများမှာ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ရသည့်



လောင်ချာတစ်ခု၊ ၇ ဒသမ ၆ မီလီမီတာ ပြောင်းရှိသည့် ရိုင်ဖယ်သေနတ်တစ်လက်၊ ၅ ဒသမ ၅ မီလီမီတာရှိသည့် အမ် ၁၆ ရိုင်ဖယ်သေနတ်တစ်လက်၊ အမ် ၁၁ ရိုင်ဖယ်သေနတ်တစ်လက်၊ ဂျီသရီး ရိုင်ဖယ်သေနတ်တစ်လက်၊ လက်ပစ်ဗုံး ၁၀ လုံးနှင့် ကျည်ဆန်များ၊ ကျည်အိမ်များ ဖြစ်ကြောင်းသိရသည်။ **(ပီတီအိုင်)**

# မိုဂါဒစ်ရှူးဆိပ်ကမ်းရေိယာအနီး၌ အကြီးစားပေါက်ကွဲမှုဖြစ်ပွား

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၁၁**

ဆိုမာလီယာနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး ဆိပ်ကမ်းအနီး၌ အင်အားပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး လူသုံးဦးထက်မနည်း သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် နောက်ထပ်ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

သေနတ်ပစ်ခတ်သံများ ဦးစွာထွက်ပေါ်လာပြီးနောက် ပေါက်ကွဲသံကြီးထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့ကဆိုသည်။ ပေါက်ကွဲမှုကို အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး ဆိပ်ကမ်းရှိ အခွန်စုဆောင်းမှုဌာနကို ပစ်မှတ်ထားခဲ့သည်ဟု ပြောဆိုမှုများရှိခဲ့သော်လည်း အခိုင်အမာပြောဆိုနိုင်ခြင်း မရှိသေးပေ။

လူမှုကွန်ရက်တွင် ဖော်ပြထားသည့် ဓာတ်ပုံများအရ ပေါက်ကွဲမှုဖြစ်ပွားရာမှ ထွက်ပေါ်လာသော မီးခိုးလုံးကြီးများသည် မြို့တော်၏ကောင်းကင်ယံပေါ်သို့ ပျံတက်သွားသည်ကို တွေ့မြင်ရသည်။ ပေါက်ကွဲမှုကို မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကိုမူ မသိရှိရသေးပေ။

သို့သော်လည်း ဆိုမာလီရှိ အစ္စလာမ္မစ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုများသည် မိုဂါဒစ်ရှူး၌ အလားတူဗုံးခွဲတိုက်ခိုက်မှုများကို ကြိမ်ဖန်များစွာလုပ်ဆောင်လျက်ရှိသည်။

**(ပီတီအိုင်)**

# နိုင်ဂျီးရီးယားတွင် ဝတ်ပြုကျောင်းဆောင်အမိုးပြိုကျ၍ လူ ၁၆၀ ကျော်သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၁၁**

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ တနင်္ဂနွေနေ့က ဘာသာရေးအရဆုတောင်းဝတ်ပြုမှုပြုလုပ်နေစဉ် ကျောင်းဆောင်၏ သံမဏိရက်မများနှင့် ကျောင်းဆောင်အမိုးပြိုကျလာမှုကြောင့် ဝတ်ပြုသူ ၁၆၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း သိရသည်။

သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရာရှိနေကြောင်း ဆေးရုံအကြီးအကဲတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ စနေနေ့ကဖြစ်ပွားခဲ့သည့် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်ကြောင့် သေဆုံးသူတို့၏ အလောင်းများမှာ ယူရိုမြို့ရှိ ရင်ခွဲရုံအတွင်း ပြည့်သိပ်စုပုံနေခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အက်တီတီပီတာက အေပီသတင်းဌာနသို့ပြောကြားခဲ့သည်။

Reigner Bible Church International ဘာသာရေးအဆောက်အအုံသည် တည်ဆောက်နေဆဲအခြေအနေတွင်ရှိရာမှ ဆောက်လုပ်ရေးလုပ်သားများသည် စနေနေ့တွင်ပြုလုပ်မည့် အခမ်းအနားအမီပြီးဆုံးရန် အလျင်အမြန်ဆောက်လုပ်ခဲ့ကြသည်ဟု ဆိုသည်။

သံမဏိရက်မများ ပြိုကျလာချိန်တွင် အဆောက်အအုံအတွင်း၌ ဝတ်ပြုကိုးကွယ်သူ ရာနှင့်ချီ၍ရှိနေခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ အပျက်အစီးများကိုဖယ်ရှားကာ သေဆုံးသွားသူများကို ရှာဖွေထုတ်ယူရန် ဝန်ချီစက်များအသုံးပြုခဲ့ရသည်။ စနေနေ့ညအထိ သေဆုံးသွားသူအရေအတွက် ၉၀ အထိရှိခဲ့ကြောင်း သိရသည်။

**(အေပီ)**

# မိုဆူးလ်အရေးဆွေးနွေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာ အီရတ်သို့ရောက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာသည် မိုဆူးလ်ရှိ အိုင်အက်စ် စစ်သွေးကြွအဖွဲ့အားနှိမ်နင်းရန် အမေရိကန်က ကျောထောက်နောက်ခံပေးထားသည့် စစ်ဆင်ရေးနှင့်စပ်လျဉ်း၍ အီရတ်ခေါင်းဆောင်နှင့် ဆွေးနွေးမှုပြုလုပ်ရန် အီရတ်မြို့တော် ဘဂ္ဂဒက်သို့ တနင်္ဂနွေနေ့တွင် ရောက်ရှိခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့၏ကူညီထောက်ပံ့မှုကို ရရှိထားသည့် အီရတ်အင်အားစုများသည် မိုဆူးလ်၌ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွားနေခဲ့သည်မှာ ရက်သတ္တပတ်ရှစ်ပတ်တိုင်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အီရတ်အင်အားစုများသည် မြို့၏လေးပုံတစ်ပုံကို ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်သော်လည်း ဂျီဟတ်စစ်သွေးကြွများ၏ အကြီးစားတိုက်ခိုက်မှုများနှင့် ထပ်မံရင်ဆိုင်နေရသည်။

အက်ရှ်ကာတာသည် သမ္မတအဖြစ် ရွေးချယ်ခံထားရသည့် ဒေါ်နယ်ထရန့် လာမည့်လတွင် ရုံးမထိုင်မီ မိုဆူးလ်တွင်ဖြစ်ပွားနေသော စစ်ပွဲများ ခက်ခဲကြမ်းတမ်းသော်လည်း အဆုံးသတ်နိုင်ရေးလုပ်ဆောင်သင့်ကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်က ပြောကြားခဲ့သည်။

ကာတာသည် အီရတ်ဝန်ကြီးချုပ် ဟေဒါအဘာဒီ၊ ကာ့ဒ်မျိုးနွယ်စုများနေထိုင်ရာဒေသရှိ ခေါင်းဆောင် မာစွတ်ဘာဇနီအပါအဝင် အခြားသောခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# အီဂျစ်ခရစ်ယာန်ဘုရားကျောင်းဗုံးခွဲတိုက်ခိုက်ခံရ ၂၅ဦးသေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၁၁**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း၌ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်က အမျိုးသမီးများနှင့်ကလေးအများစု ဆုတောင်းဝတ်ပြုမှုပြုလုပ်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦးသေဆုံးကာ ၄၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် နှစ်ရက်အတွင်း ဒုတိယအကြိမ်ပေါက်ကွဲခြင်းဖြစ်ကာ ပထမအကြိမ်ပေါက်ကွဲမှုတွင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးခဲ့ရသည်။ ဗုံးပေါက်ကွဲမှုသည် Shadowy အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ထုတ်ဖော်ကြေညာခဲ့သည်။ ပေါက်ကွဲမှုသည် မတရားအသင်းအဖြစ်ကြေညာခြင်းခံရသည့် မွတ်စလင်ညီနောင်များအဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ သမ္မတအယ်လ်စီစီလက်ထက်အတွင်း ယခုကဲ့သို့တိုက်ခိုက်ခံရမှု အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။

အစ္စလာမ္မစ်စစ်သွေးကြွများသည် လူနည်းစုခရစ်ယာန်ဘာသာဝင်များအား တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ၂၀၁၁ခုနှစ်ကလည်း အလားတူတိုက်ခိုက်မှုမျိုးကို အလက်ဇန္ဒြီးယားရှိ ဘုရားကျောင်းတစ်ခုကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ဗုံးခွဲတိုက်ခိုက်ခံရမှုအတွင်း ဝမ်းနည်းဖွယ်သေဆုံးခဲ့ရသူများအတွက် ၃ ရက်ကြာ ဝမ်းနည်းပူဆွေးမှုပြုလုပ်ရန် သမ္မတအဗ္ဗဒူလ်ဖာတက်အယ်လ်စီစီက ကြေညာခဲ့သည်။ သေဆုံးသူများထဲတွင် အမျိုးသမီးများစွာ ပါဝင်နေသည်။ ဘုရားကျောင်း အဆောက်အအုံအတွင်းရှိ ပရိဘောဂပစ္စည်းများမှာ တစ်စစီပြန့်ကျဲလွင့်စဉ်သွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# တောင်ကိုရီးယားကိုပစ်မှတ်ထားသည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ကင်ဂျုံအမ်ဦးဆောင်ညွှန်ကြားလျက်ရှိ



**ပြုံယမ်း ဒီဇင်ဘာ ၁၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်သည် တောင်ကိုရီးယားကို ဦးတည်ပစ်မှတ်ထားသည့် အထူးစစ်ဆင်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဦးဆောင်ညွှန်ကြားမှု ပြုလုပ်နေကြောင်း တနင်္ဂနွေနေ့တွင် မြောက်ကိုရီးယားသတင်းမီဒီယာများက ဖော်ပြခဲ့သည်။ ယှဉ်ပြိုင်ဘက်ဖြစ်သည့် တောင်ကိုရီးယားသည် နိုင်ငံအတွင်း လတ်တလောဖြစ်ပွားလျက်ရှိသည့် နိုင်ငံရေးအရှုပ်အထွေးများကို အခွင့်ကောင်းယူသည့် မည်သည့်ကြိုးပမ်းမှုမျိုးကိုမျှ မပြုလုပ်ရန် မြောက်ကိုရီးယားကို သတိပေးထားဆဲဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းအေဂျင်စီမှ သတင်းဖော်ပြချက်၌ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်အင်အားစုများသည် မည်သည့်အချိန်တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဆိုသည်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိပေ။

ထို့အပြင် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စီရင်ဆုံးဖြတ်ရန် ပါလီမန်၏ မဲခွဲဆုံးဖြတ်မှုနှင့်ပတ်သက်၍လည်း ထင်မြင်ချက်သဘောထား ဖော်ပြမှုမျိုးမရှိခဲ့ပေ။

တောင်ကိုရီးယားဝန်ကြီးချုပ် ခွမ်ကျိုအန်းသည် တောင်ကိုရီးယားနိုင်ငံအပေါ် မြောက်ကိုရီးယား၏ ဆိုက်ဘာတိုက်ခိုက်မှုအပါအဝင် အခြားသော လှုံ့ဆော်မှုများနှင့်စပ်လျဉ်း၍ အမြင့်ဆုံး စစ်ရေးအခြေအနေတစ်ရပ်ကို သတိပေးနှိုးဆော်ထားသည်။

အကယ်၍ မြောက်ကိုရီးယားအနေဖြင့် တောင်ကိုရီးယားနိုင်ငံ အပေါ် ကျူးကျော်ရန်စ ထိပါးမှုတစ်စုံတစ်ရာပြုလုပ်လာလျှင် ကျွန်ုပ်တို့အနေဖြင့် အမုန်းတရားဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် ကဲ့ရဲ့ရှုတ်ချမည်ဖြစ်သလို တန်ပြန်တိုက်ခိုက်ရင်ဆိုင်ရန်အတွက်လည်း အသင့်ပင်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ အာဏာပိုင်များက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# စတော့နှင့် စတော့ရှယ်ယာဈေးကွက်အကြောင်းဆွေးနွေးပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၁**
ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမကြီးတွင် ယနေ့ နံနက် ၁၀ နာရီက စတော့ရှယ်ယာနှင့် စတော့ရှယ်ယာဈေးကွက်အကြောင်း ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူ ဦးဝင်းမော်က အမှာစကားပြောကြားရာတွင် "မြန်မာနိုင်ငံမှာရှိတဲ့ ရန်ကုန်စတော့အိတ်ချိန်းက အခြားနိုင်ငံတွေထက် နောက်ကျနေပေမယ့် အရည်အသွေးကောင်းတဲ့ စတော့အိတ်ချိန်းဖြစ်ဖို့ အရေးကြီးပါတယ်။ အခုအခါမှာ အများပိုင်ကုမ္ပဏီ သုံးခုမှ ရှယ်ယာတွေကို ထုတ်ရောင်းနေတာတွေ့ရပါတယ်။ ရှယ်ယာအရောင်းအဝယ်ဖြစ်မှုမှာ မနှစ်ကထက်စာရင် လျော့နည်းလာတာကို တွေ့ရပါတယ်။ ရှယ်ယာအရောင်းအဝယ်လျော့နည်းလာနေတဲ့ အဓိကအကြောင်းအရင်းမှာ ပြည်သူလူထု၏ စတော့ရှယ်ယာအရောင်းအဝယ်အပေါ် စိတ်ဝင်စားမှုမရှိခြင်းကြောင့် ဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး (ငြိမ်း) ဒေါက်တာမောင်မောင်သိမ်းနှင့် အမေရိကန်နိုင်ငံရှိ University of Northern Colorado မှ Professor. Dr. Joseph French တို့က Stocks & the Stock Market အကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ကြသည်။

ဒေါက်တာမောင်မောင်သိမ်းက "ကမ္ဘာကြီးတစ်ခုလုံးမှာ စတော့အိတ်ချိန်းမှာ လည်ပတ်နေတဲ့ငွေ ၇၀ ထရီလီယံလောက်ရှိတယ်။ စတော့အိတ်ချိန်းရှိတော့ ဘာတွေကောင်းသလဲပြောရရင် ပြည်သူတွေ ရင်းနှီးမြှုပ်နှံဖို့အတွက် စိတ်ချယုံကြည်ရတဲ့ နေရာတစ်ခုရသွားတာပေါ့။ နောက်တစ်ခုကကုမ္ပဏီတွေရဲ့ အရင်းအနှီးရှာဖို့အတွက် လွယ်သွားတယ်။ ကုမ္ပဏီတွေဟာ လုပ်ငန်းတိုးချဲ့ချင်တယ်ဆိုရင် ငွေချေးစရာမလိုတော့ပါဘူး။ ငွေချေးတာက ပြန်ဆပ်ရတယ်၊ အတိုးလည်းပေးရတယ်။ ဒီစတော့အိတ်ချိန်းမှာ ရှယ်ယာတွေထုတ်ရောင်းလိုက်ရင် မြတ်မှပေး။ မမြတ်ရင် သူတို့လည်းခံကိုယ်လည်းခံပေါ့။ အဲဒီလိုဆိုတော့ ငွေချေးတာထက် အများကြီးသာတော့ ကုမ္ပဏီတွေရဲ့ အရင်းအနှီးအများ ကြီးရနိုင်တယ်။ လွယ်လွယ်ကူကူ ဈေးသက်သက်သာသာနဲ့ ရနိုင်တဲ့အတွက် ကုမ္ပဏီတွေကြီးပွားရာ ကြီးပွားကြောင်းမှာ များစွာအထောက်အကူပြုတယ်။ အများပိုင်ကုမ္ပဏီတွေ ကြီးပွားလာရင် စီးပွားရေးလုပ်ငန်းကြီးတွေ အောင်မြင်လာမယ်၊ ကြီးပွားလာမယ်၊ အဲဒီကနေတစ်ဆင့် အများပြည်သူတွေရော နိုင်ငံတော်ပါ စီးပွားရေးတိုးတက်မှုတွေ ရလာမှာဖြစ်တယ်။ စတော့အိတ်ချိန်းတွေဟာ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်ဖို့ အများပိုင်ကုမ္ပဏီတွေရဲ့ စီးပွားရေးတိုးတက်ဖို့၊ ပြည်သူတွေ အလုပ်အကိုင်ရရှိဖို့နဲ့ စီးပွားရေးအဆင့်အတန်း မြင့်မားဖို့အတွက် အရေးကြီးပါတယ်" ဟုပြောကြားသည်။

**သတင်း - ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၁၂-၂၀၁၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ - **ရှန်းကန်လှုပ်ရှားဘဝများ** (မိသားစုရုပ်တည်မှု)
- ၉း၄၅ - **သဘာဝအလှတရားတွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုစုံရာ မြို့ရေနံ့သာ**
- ၁၀း၃၅ - **စိုက်ပျိုးရေးရာအဖြေရှာ တောင်သူများအတွက် ဝန်ဆောင်မှုပေးမှာ စက်မှုလယ်ယာအမှတ်(၈၇) စက်မှုလယ်ယာစခန်း၊ ဖြူးမြို့**
- ၁၁း၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၂း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ပန်းရွှေကြာ** (အပိုင်း-၅၉)

**ညပိုင်း**

- ၁၆း၁၅ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၁၆း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၇း၁၅ - This Week's Special Interest
- ၁၇း၃၅ - Yes or No Talk Show
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **ပိုင်ပါတယ် (ကိုချမ်း၊ ဟိန်းထွဋ်ဝင်း၊ Flory Chan ၊ မသန္တာ၊ ဝင်းကို၊ သူရ) ဒါရိုက်တာ-ဝေဠု(ဝသန်)**
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တုံ့မယူလို** (အပိုင်း-၆၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁း၀၀ - ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းများ အားကစားပြိုင်ပွဲ
- နိုင်ငံခြားဇာတ်လမ်းတွဲ **ဘုရင်မရဲ့ပန်းရွှေကြာ** အပိုင်း(၆၀)
- မျက်မှောက်ရေးရာသုံးသပ်စရာ

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အိုင်တုံချောင်း ကျေးလက်လူကူးတံတား ပန္နက်တင်




**ကျောက်တံခါး ဒီဇင်ဘာ ၁၁**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည် ကျေးရွာအုပ်စုရှိ အင်းပတ်လည်ရွာနှင့် ဘုံတောကျေးရွာသို့ ဆက်သွယ်ထားသော အိုင်တုံချောင်း ကျေးလက်လူကူးတံတားမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်က တောင်ကျရေကြောင့် ရေထဲမျောပါသွားခဲ့သည့်အတွက် ဒေသခံပြည်သူများသွားလာမှု ခက်ခဲနေ၍ ယခုအခါ ဂျပန်နိုင်ငံ JIP အဖွဲ့မှလာရောက် လှူဒါန်းတည်ဆောက်ပေးသည့် ရိုးမတံတား ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက်က ယင်းတံတားတည်ဆောက်မည့် မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတည်ဆောက်မည့် တံတားအမျိုးအစားမှာ Submersible Bridge ငုပ်လျှိုးတံတားဖြစ်ပြီး တံတားအရှည် ၆၀ မီတာ၊ တံတားအကျယ် ယာဉ်သွားလမ်း ၃ မီတာ၊ လူသွားလမ်းတစ်ခု ၀ ဒသမ ၆ မီတာပါရှိကာ ၂၀၁၇ ခုနှစ် မေလတွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး တံတားတည်ဆောက်ပြီးပါက ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေပြီး ဒေသခံပြည်သူများနေ့မိုးဆောင်းအလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

ပန္နက်တင်အခမ်းအနား၌ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနော်ဖွယ်ဆေးတို့က အမှာစကားများပြောကြားပြီး ဂျပန်နိုင်ငံ JIP အဖွဲ့မှ တာဝန်ရှိသူကို မူနိုအာကီရာက "ဂျပန်အစိုးရရဲ့ လှူဒါန်းမှုကို တာဝန်ယူတည်ဆောက်ပေးမယ့် JIP ပရဟိတအဖွဲ့ တစ်ခုဖြစ်ပါတယ်။ ဒီရိုးမတံတားတည်ဆောက်ပြီးပါက ဒေသခံပြည်သူများအတွက်များစွာ အထောက်အကူပြုနိုင်မည်ဖြစ်၍ ဂျပန်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးဟာလည်း ပိုမိုခိုင်မြဲလာနိုင်မယ်လို့ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဗာဒတ်ရှ်"(VARDAH)သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက်မိုင် ၂၈၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏အရှေ့တောင်ဘက်မိုင် ၂၆၀ ခန့်နှင့်ချင်းနိုင်မြို့၏ အရှေ့-အရှေ့မြောက်ဘက်မိုင် ၂၄၀ ခန့်အကွာပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်းသည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟုခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# World Finance က ၂၀၁၆ ခုနှစ်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာအကောင်းဆုံးဆုများ ကမ္ဘောဇဘဏ်ကိုပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**
မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်အား အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance မှ ၂၀၁၆ ခုနှစ် အတွက် "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016" ဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က London Stock Exchange ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016" ဆုများကို ကမ္ဘောဇဘဏ်ကိုယ်စား ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်က တက်ရောက်ရယူခဲ့သည်။

World Finance မှ ကမ္ဘောဇဘဏ်အား "Best Commercial Bank in Myanmar 2016" ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ အတိုချုပ်ဖော်ပြရာတွင် "ကမ္ဘောဇဘဏ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအမျိုးမျိုးကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ်ချေးငွေအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စံပြအနေဖြင့် ဦးဆောင်ဦးရွက်ပြုဆောင်ရွက်နိုင်ခြင်း၊ ဒေသတွင်းနိုင်ငံများတွင် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးများ တိုးချဲ့ဖွင့်လှစ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးနိုင်ခြင်း၊ နှစ်စဉ် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်များကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ လေးနှစ်ဆက်တိုက်ထမ်းဆောင်နိုင်ခြင်း" စသည်တို့ကြောင့်လည်းကောင်း၊ "Best Retail Bank in Myanmar 2016" ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ "ကမ္ဘောဇဘဏ်သည် ဘဏ်ခွဲများ ၄၃၀ ကျော် ဖွင့်လှစ်ပြီး ဝန်ထမ်းအင်အား ၁၇၀၀၀ ကျော်ဖြင့် နိုင်ငံအနှံ့အပြားတွင် ဘဏ်ဝန်ဆောင်မှုများကို တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတစ်ဝန်းအများဆုံးပံ့ပိုးလှူဒါန်းပေးနိုင်ခြင်း" စသည်တို့ကြောင့်လည်းကောင်း ဖော်ပြပါရှိသည်။

အထက်ပါ World Finance ၏ ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများ ဖြစ်ကြသော "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016" ဆုများကို ၂၀၁၃ ခုနှစ်မှ စတင်၍ လေးနှစ်ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



# ကလေးဝမြို့တွင် ခရီးသည်တင်ကားဝင်း တည်ဆောက်ရန် မြေနေရာရွေးချယ်လျက်ရှိ

**ကလေးဝ ဒီဇင်ဘာ ၁၁**

ခရီးသွားများနှင့် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ကလေးဝမြို့တွင် ခရီးသည်တင်ကားဝင်းတစ်ခု သတ်မှတ်ဖော်ထုတ်ရန် မြို့ပြစီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားရှိပြီး မြေနေရာရွေးချယ် လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

"ကလေးဝမြို့နယ်အနေနဲ့ မြို့တွင်းမှာခရီးသွားတွေနဲ့ ကျောင်းသားကျောင်းသူတွေ ယာဉ်အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်ဖို့အတွက် ခရီးသည်တင်ကားဝင်းတစ်ခုကို သတ်မှတ်ဖော်ထုတ်နိုင်ဖို့ မြို့ပြစီမံကိန်းမှာ ထည့်သွင်းရေးဆွဲထားရှိပြီး မြေနေရာကို ရွေးချယ်နေပါတယ်" ဟု ၎င်းကပြောသည်။

ကလေးဝမြို့သည် မုံရွာ-ကလေးနှင့် မော်လိုက်မြို့များ၏ သွားလာရေးတွင် အဓိက အချက်အချာကျသောနေရာတွင် တည်ရှိသောမြို့ဖြစ်၍ ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းကျော်က ကလေးဝမြို့၏ ယာဉ်ပြေးဆွဲ ဝင်ထွက်သွားလာမှုအခြေအနေကို ရှင်းပြသည်။

ဒီဇင်ဘာ ၉ ရက်ကကျင်းပခဲ့သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အထူးအစည်းအဝေး တတိယနေ့တွင် ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းကျော်က တိုင်းဒေသကြီးအစိုးရအနေဖြင့် ကလေးဝမြို့ရှိ သင့်လျော်ရာနေရာတွင် ခရီးသည်တင်ကားဝင်းတစ်ခု သတ်မှတ်ဖော်ထုတ်ပေးနိုင်ပါရန် အစီအစဉ်ရှိ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် သတ်မှတ်ဖော်ထုတ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးခွန်းမေးမြန်းရာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မြို့ပြစီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားရှိပြီး မြေနေရာရွေးချယ်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မာန်အောင်၌ ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်

**မာန်အောင် ဒီဇင်ဘာ ၁၁**

ဒီဇင်ဘာလဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက်နံနက် ၅ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသည် ဈေးအနီး တော့ပ်ဝမ်းလက်ဖက်ရည်ဆိုင်စုရပ်မှ မာန်အောင်ကျွန်းပတ်လမ်းရှိ ကုန်းခင်ကျေးရွာအထိ စုပေါင်းလမ်းလျှောက်ကြကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံအကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

# ရန်ကုန်မြို့တွင်းတံတားလေးစင်းတွင် ဆိပ်ကမ်းများမှ ကုန်ချိန်လက်မှတ်ဖြင့်ဖြတ်သန်းခွင့်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၁**



ရန်ကုန်မြို့ရှိ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတား၊ ရွှေပြည်သာတံတား၊ ဒဂုံတံတားတို့တွင် မော်တော်ယာဉ်များ တံတားဖြတ်သန်းချိန်တွင် ပိတ်ဆို့မှုမဖြစ်စေရန်အတွက် ကုန်တင်ယာဉ်အမျိုးမျိုးကို ဆိပ်ကမ်းများမှ ကုန်ချိန်လက်မှတ်ဖြင့် ဖြတ်သန်းခွင့်ပြုရန်နှင့် တံတား၌ကတ္တားချိန်တွယ်ခြင်းမပြုလုပ်ရန် ဒီဇင်ဘာ ၈ ရက်နေ့စွဲဖြင့် တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် သက်ဆိုင်ရာတံတားများသို့ အကြောင်းကြားစာပေးပို့ထားသည်ဟု သိရသည်။

တိုင်းဒေသကြီးအတွင်း သတ်မှတ်ကုန်တင်ယာဉ်များ ည ၉ နာရီမှ နံနက် ၆ နာရီအတွင်းသာ သတ်မှတ်လမ်းများ၌ ဖြတ်သန်းသွားလာရေး စီမံချက်ဖော်ဆောင်လျက်ရှိရာတွင် ကုန်တင်ယာဉ်များ တံတားဖြတ်သန်းချိန်တွင် ပိတ်ဆို့မှုမဖြစ်စေရန်ဟု ဖော်ပြထားသည်။

ရန်ကုန်မြို့ရှိ လှိုင်မြစ်ဖြတ်တံတားများဖြစ်သော အောင်ဇေယျကြိုးတံတားနှင့် ဘုရင့်နောင်တံတားများတွင် တန်ပိုယာဉ်များ ဖြတ်သန်းခွင့်တားမြစ်ထားသည်။ ရွှေပြည်သာတံတားတွင်မူ တန်ပိုယာဉ်များဖြတ်သန်းနိုင်ပြီး တန်ပိုဒဏ်ကြေးပေးဆောင်ရမှုရှိသည်ဟု ကုန်တင်ယာဉ်ပိုင်ရှင် ဦးထွန်းဦးက ပြောသည်။

နယ်သွားအဝေးပြေးကုန်တင်ယာဉ်များသည် တန်ပိုတင်လေ့မရှိသော်လည်း ကတ္တားချိန်တွယ်ရာတွင် ကွဲလွဲမှုရှိနိုင်ပြီး ၀ ဒသမ ၉ တန်အလေးချိန် ကင်းလွတ်ခွင့်ပြုထားသည့်အပေါ် ကုန်ပစ္စည်းများ ထပ်မံတင်လေ့ရှိသဖြင့် တန်ပိုဒဏ်ကြေးပေးဆောင်ရမှုများ ကြုံတွေ့ရတတ်သည်။

အထက်ဖော်ပြပါ တံတားလေးစင်းအနက် လှိုင်မြစ်ဖြတ်တံတားသုံးစင်းတွင် ကတ္တားမချိန်ရသော်လည်း လှိုင်သာယာအလွန် တူးချောင်းလမ်းကြေးကောက်ခံသည့် တိုးဂိတ်တွင် တန်ပို၊ မပိုကတ္တားချိန်တွယ်ရလေ့ရှိသည်ဟု ပုသိမ်မြို့က ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကုန်သေတ္တာတင်ယာဉ်များအနက် ခြောက်ဘီး၊ ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များသည် အာဆီယံစံချိန်စံညွှန်း ယာဉ်+ကုန်သတ်မှတ်ချက်နှုန်းထားအပြင် ၁၀ ဘီးနှင့် ၁၂ ဘီးယာဉ်များတွင် ယာယီဖြေလျှော့မှု နှစ်တန်စီပေးထားသော်လည်း ကုန်သေတ္တာတင်လျှင် အများစုမှာ တန်ပိုမှုရှိတတ်သဖြင့် အောင်ဇေယျတံတားနှင့် ဘုရင့်နောင်တံတားများမှ ဖြတ်သန်းမှုနည်းပါးသည်။

တံတားများတွင် ကတ္တားချိန်တွယ်မှုမရှိလျှင် လမ်းကြောင်းပေါ်တွင် ယာဉ်ကြောကြပ်တည်းမှု လျော့ကျသွားနိုင်သည်ဟု ကုန်တင်ယာဉ်ဂိတ်ပိုင်ရှင်တစ်ဦးကပြောသည်။

**ခင်ဆိုင်**

# မန္တလေးတောင်အနောက်ဘက်စောင်းတန်းမှ ခြသေ့ရုပ်တုများ ပြုပြင်မှုဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးတောင် အနောက်ဘက်စောင်းတန်းအောက်ခြေရှိ မင်းတုန်းမင်းလှူဒါန်းခဲ့သော ခြသေ့ရုပ်တုနှစ်ကောင်ကို ပြုပြင်ထိန်းသိမ်းမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြသေ့ရုပ်တုနှစ်ကောင်မှ တောင်ဘက်ခြမ်းခြသေ့ရုပ်တု ဝမ်းဗိုက်နေရာမှ အုတ်ချပ်များပြိုကျကာ အပေါက်ဖြစ်နေပြီး ကျောကုန်းမှဝမ်းဗိုက်ထိ အက်ကွဲနေကြောင်း၊ ယင်းနှင့်တစ်ဆက်တည်း ဘယ်ညာလက်မောင်းများပါ အက်ကွဲနေခြင်း၊ ခါးနှင့် ပေါင်ခြံနှစ်ဖက်တို့မှ ဝမ်းဗိုက်သို့အက်ကွဲကြောင်းများ ထိစပ်နေခြင်း၊ လက်ခုံလက်ကောက်ဝတ်နေရာနှင့် ခြေခုံတို့တွင် အင်္ဂတေသားများ ကွာကျနေသည့်အပြင် အောက်ခြေဖိနပ်ခုံမှာလည်း တောင်ဘက်သို့နိမ့်စောင်းနေကြောင်း သိရသည်။

ထို့အပြင် မြောက်ဘက်ခြမ်းခြသေ့ရုပ်တုမှာလည်း ကျောအလယ်နှင့်ခါးပေါင်ခြံတို့တွင် အက်ကွဲကြောင်းရာများဖြစ်ပေါ်နေသဖြင့် မန္တလေးတောင်တော်ဂေါပကအဖွဲ့မှ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ပညာရှင်များနှင့်ညှိနှိုင်းဆွေးနွေးကာ ယာယီထိန်းသိမ်းမှုများ အရေးပေါ်ဆောင်ရွက်ခဲ့ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

ယခုအခါတွင် အဆိုပါခြသေ့ကြီးနှစ်ကောင်ကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ခေတ်မီနည်းစနစ်များနှင့်အတူ အရည်အသွေးကောင်းမွန်သော အုတ်အင်္ဂတေများ အသုံးပြု၍ မူလအနေအထားမပျက် ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

---

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၃၂ နေ တရုတ်သမားတော်ကြီး(ဦးအုန်းစိန်-ဒေါ်ရှုရင်-ဒေါ်လှညွန့်)တို့၏မြေး၊ ဦးမြင့်ဝေ-ဒေါ်သန်းသန်းဝင်း ရွှေပြည့်စုံ(ကိုဖြိုး)ပွဲရုံ ဘုရင့်နောင်တို့၏သား မောင်အောင်ဝေဖြိုး B.Sc(IC) နှင့် အထက်တန်းရှေ့နေ ဦးဇော်မျိုးထက်၏ ၈-၁၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ ၂၃ ပါ ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ IIA၊ အမှတ် ၇၀၄နေ မမော်မော်လင်း ၁၂/ကမတ(နိုင်)၀၅၅၂၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ မမော်မော်လင်းနှင့် လူကြီးမင်းတို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီမှုကြောင့် ၂-၁-၂၀၁၆ ရက်တွင် ကျွန်ုပ်တို့မိတ်ဆွေ၏ကုန်ကျစရိတ်ဖြင့် Royal Garden Restaurant ၌ စေ့စပ်ကြောင်းလမ်းခဲ့ကြပါသည်။ ထိုသို့စေ့စပ်ကြောင်းလမ်းပြီးနောက်ပိုင်းတွင် လူကြီးမင်းဘက်မှ မမော်မော်လင်းအသုံးပြုလျက်ရှိသော မိဘပိုင်သော မော်တော်ယာဉ်ကိစ္စ ပြောဆိုခြင်း၊ မိဘများထံအပ်နှံထားသော မမော်မော်လင်းပိုင် ဒေါ်လာကိစ္စပြောဆိုခြင်း၊ ၂၀-၁၁-၂၀၁၆ ရက် မင်္ဂလာဝတ်စုံငှားရမ်းသည့်နေရာတွင် လူအများရှေ့တွင် မခံသာအောင် တစ်ဖက်သတ်အော်ဟစ်မာန်မဲပြောဆိုခြင်း၊ ထိုသို့ပြောဆိုခြင်းမပြုရန် လူကြီးမင်း၏အစ်မဖြစ်သူမှ တားမြစ်နေသည့်ကြားမှ ဆက်လက်ပြောဆိုနေပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှာ လူအများရှေ့တွင် များစွာအရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၃-၁၁-၂၀၁၆ရက်တွင် လူကြီးမင်းနှင့် အဒေါ်ဖြစ်သူများမှရောက်ရှိလာပြီး ကျွန်ုပ်တို့၏မိတ်ဆွေအား လူကြီးမင်း၏ ပြုမူဆောင်ရွက်ပြောဆိုချက်များကို ကျွန်ုပ်တို့မိတ်ဆွေနှင့် မိဘများထံ ဝန်ခံကတိပြု၍ တောင်းပန်ခဲ့ပါသည်။ ထိုသို့ လူကြီးမင်းမှ တောင်းပန်ခဲ့သော်လည်း ကျွန်ုပ်တို့၏မိတ်ဆွေမှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရသည့်အတွက် လူကြီးမင်းနှင့် ဘဝလက်တွဲဖော်အဖြစ် ရှေ့ဆက်ရန် စိုးရိမ်ကြောက်ရွံ့နေခဲ့ရပါသည်။

ထို့နောက် ၂၅-၁၁-၂၀၁၆ ရက်တွင် လူကြီးမင်း၏ မိဘနှစ်ပါး၊ အဒေါ်နှစ်ယောက်နှင့် အစ်မဖြစ်သူတို့မှာ ကျွန်ုပ်တို့၏မိတ်ဆွေအိမ်သို့ ရောက်ရှိလာသဖြင့် ကျွန်ုပ်တို့မိတ်ဆွေမိဘများမှ လူကြီးမင်း၏ပြောဆိုဆောင်ရွက်ချက်များကို ပြန်လည်ပြောပြသောအခါ လူကြီးမင်း၏ မိဘများဘက်မှ နားလည်သဘောပေါက်ကြ၍ နှစ်ဦးနှစ်ဖက် မင်္ဂလာကိစ္စ ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သေးကြောင်း သဘောတူကြ၍ လူကြီးမင်းတို့ဘက်မှ Royal Garden Restaurant၏ မင်္ဂလာဧည့်ခံကျွေးမွေးစရိတ်ကို တာဝန်ယူဖြေရှင်းပေးရန်သာ တောင်းဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှလည်း ဖြေရှင်းဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ မိဘများဘက်မှလည်း မင်္ဂလာဧည့်ခံပွဲဖျက်သိမ်းကြောင်း တစ်ဖက်သတ်ပြောဆိုခဲ့ခြင်းမရှိဘဲ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် နှစ်ဖက်မိဘများ၏ သဘောတူညီမှုကြောင့်သာ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများကို မင်္ဂလာဧည့်ခံပွဲမကျင်းပနိုင်သေးကြောင်း အကြောင်းကြားရန် နှစ်ဖက်သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမိဘများမှ လူကြီးမင်းကျေနပ်သည်အထိ ဖြေရှင်းပေးရန် ကတိပြုပြောဆိုခဲ့ခြင်းမရှိသည့်အပြင် မင်္ဂလာဧည့်ခံပွဲ ကုန်ကျစရိတ်တောင်းဆိုမှုကို လူကြီးမင်းတို့ဘက်မှ တောင်းဆိုသည့်အတိုင်း ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါ၍ လူကြီးမင်း၏ မင်္ဂလာပွဲတရားဝင်ဖျက်သိမ်းခြင်းအား ကျေနပ်လက်ခံပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**မမော်မော်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇင်သင်းအောင်(၃၀၇၁၁) | ဒေါ်ယမင်းလတ်(၈၅၆၄) | ဒေါ်ခင်မေသက်(၁၁၃၆၁) |
|---|---|---|
| LL.B, B.D.S, WIPO | LL.B, D.B.L, WIPO | LL.B |
| (Switzerland) | (Switzerland) | |

**အထက်တန်းရှေ့နေနှင့် ကုမ္ပဏီဥပဒေအကြံပေး** | **တရားလွှတ်တော်ရှေ့နေများ**

**THAZIN Law Firm**

**အမှတ် ၉/၁၁၊ ၁၀၃/H၊ ပထမထပ်၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၉၆၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀**

---

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့**

**အခွန်ကြွေးများပေးသွင်းရန်ကျန်ရှိနေသည့်အခွန်ထမ်းများသိစေရန် အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အခွန်ရုံးတွင် အခွန်စည်းကြပ် ဆောင်ရွက်မှုခံယူလျက်ရှိသော အခွန်ထမ်းများမှ အချို့သော အခွန်ထမ်းများအနေဖြင့် နှစ်အဆက်ဆက်ပေးသွင်းရန် အခွန်မပြေကျန်ငွေ (အခွန်ကြွေးကျန်)များ ကျန်ရှိလျက်ရှိပါသည်။ ယင်းအခွန်မပြေ ကျန်ငွေများအား ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် အကြိမ်ကြိမ် စည်းရုံးနှိုးဆော်အကြောင်းကြား၍ ကောက်ခံလျက်ရှိသော်လည်း အောက်ဖော်ပြပါ အခွန်ထမ်းများအနေဖြင့် အခွန်မပြေကျန်ငွေများအားပေးသွင်းရန် ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အခွန်ကြွေးများပေးသွင်းရန် ကျန်ရှိနေသည့် အခွန်ထမ်းများအနေဖြင့် ၂၆-၁၂-၂၀၁၆ ရက်မတိုင်မီ မပျက်မကွက် ပေးသွင်းကြပါရန်နှင့် ဆက်လက်ပျက်ကွက်ပါက တည်ဆဲဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် အသိပေး ကြေညာအပ်ပါသည်။

**အခွန်ကြွေးကျန် အခွန်ထမ်းများ**

| စဉ် | အမည် | လုပ်ငန်း | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးဝင်းမြင့် | ရိုးမဟိုတယ် | ပြည်-ရန်ကုန်လမ်း၊ ဆံတော် | |
| ၂ | ဒေါ်နီနီချို | အိမ်ဆောက်ပစ္စည်းဆိုင် | လမ်းရှည်လမ်း၊ ဆံတော် | |
| ၃ | ဦးတင်စိုး | ပြည့်ဖြိုးအောင် TVရောင်း | လမ်းမတော်လမ်း၊ ကျောင်း/အိုး | |
| ၄ | ဒေါ်ရီရီမြင့် | ဆန်ရောင်း | တရုတ်တန်းလမ်း၊ ရွှေကူ | |
| ၅ | ဒေါ်ခင်ရွှေ | ရွှေမီနီစတိုးဆိုင် | လမ်းမတော်လမ်း၊ ဆံတော်ရပ် | |

**မြို့နယ်အခွန်ဦးစီးဌာနမှူး**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**ပြည်မြို့**

---

**မြေဂရန်လျှောက်ထားရန်ပုံစံ ၁၀၅/၁၀၆ ပျောက်ဆုံးကြောင်း**

မွန်ပြည်နယ်၊ ပေါင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ (၃-၁၁-၂၀၁၆)ရက်တွင် ထုတ်ပေးခဲ့သော ဇင်းကျိုက်မြို့၊ ကွင်းအမှတ်/မြေကွက်အမှတ် ၉၂၈/၁၁၇၅ ၊ မြေအမျိုးအစား၊ ရေလွှမ်းမိုးမြေ ဧရိယာ-ဧက (၀ဒသမ၁၇)အတွက် မြေဂရန်လျှောက်ထားရန် ပုံစံ ၁၀၅/၁၀၆မှာ ကျွန်မ ခရီးသွားစဉ် လမ်းခရီး၌ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ် လိပ်စာရှင်ထံသို့ ဆက်သွယ်ပေးပါရန် ကျေးဇူးဆပ်ပါမည်။

**ဒေါ်သန္တာစိုး ဖုန်း-၀၉-၇၉၆၉၇၀၁၅၀**
**၁၀/ပမန(နိုင်) ၁၁၁၄၁၈**
**အမှတ်(၂)နယ်မြေ၊ ဖလပ်ရပ်ကွက်၊ ဇင်းကျိုက်မြို့၊ ပေါင်မြို့နယ်**

---

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/3169၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/8569 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1K/5310 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ဗန်းမော်မြို့၊ ဟန်းတဲကျေးရွာ၊ အကွက်အမှတ် ၈၂၊ ဦးပိုင်အမှတ် ၃၃၊ မြေဧရိယာ ၀ဒသမ ၀၉၀ဧကေတွင် ဦးရမေ့စ်ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ဦးမျိုးအောင် ဒေါ်ထုရာအား ရောင်းချခဲ့ရာ ဗန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၉-၂၀၁၅ ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ခဲ့ပါသည်။ ဦးရမေ့စ်အမည်မှ ဦးမျိုးအောင် ၁/ဗမန(နိုင်)၀၀၀၅၃၅၊ ဒေါ်ထုရာ ၁/ဗမန(နိုင်)၀၄၉၅၄၄အမည်သို့ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

# စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သန်းခန့် (တန်ဖိုးကျပ် ၇ ဒသမ ၅ ဘီလီယံခန့်) ပန်းတောင်းမြို့နယ်၌ စံချိန်တင်ဖမ်းဆီးရမိ

**ပန်းတောင်း ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပန်းတောင်း-တောင်ကုတ်ကားလမ်းဘေး ညောင်ဂျိုးကျေးရွာ(မကဖ)ကင်းစခန်းရှေ့၌ သတင်းအရ ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၁၀ ရက် နံနက် ၆ နာရီခွဲ၌ မသင်္ကာဖွယ်ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ အမျိုးသားလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်အမှတ် 9H/---- ခြောက်ဘီး SKATFAW ယာဉ်ပေါ်၌ ယာဉ်မောင်း ကျော်ကျော်(ခ) ဝင်းကျော်ဦး၊ ချစ်ဖွယ်၊ သက်ဝင်းဇော်၊ ခင်ဇော်ဦးတို့နှင့်အတူ ဒီဇယ်ဆီပီပါ သုံးလုံး၊ ၁၀၀၀၀ ဝင် အထုပ် ၁၀၀ စီ ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား၊ ၁၀၀၀၀၀၀ ဝင်ပါ ပီပါ ၁၄ လုံး စုစုပေါင်း ၁၄၀၀၀၀၀၀ နှင့် ၁၀၀၀၀ ဝင် အထုပ် ၉၅ ထုပ်နှင့် ၂၀၀၀ ဝင် အထုပ်နှစ်ထုပ် (စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၅၄၀၀၀ (အလေးချိန် ၁၄၉၅ ဒသမ ၄ ကီလိုဂရမ်) ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၇၇ သန်းခန့်တို့အား သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိသူ များကို ဥသျှစ်ပင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆၁)**





# ကုန်သေတ္တာယာဉ်တစ်စီးက ကုန်သေတ္တာယာဉ်များကို ဝင်တိုက်

**ကြည့်မြင်တိုင် ဒီဇင်ဘာ ၁၁**

ကြည့်မြင်တိုင်မြို့နယ်အတွင်း ဒီဇင်ဘာ ၁၀ ရက် ည ၁၀ နာရီခွဲခန့်က ကွန်ကရစ်လမ်းပေါ်၌ မောင်းနှင်လာသည့် ကုန်သေတ္တာယာဉ်တစ်စီးက ရပ်ထားသည့် ကုန်သေတ္တာယာဉ်နှစ်စီးကို ဆင့်ကဲဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။ ကွန်ကရစ်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ ယာဉ်မောင်း စိန်ဖြိုး (၁၈ နှစ်) မောင်းနှင်လာသည့် ပေ ၄၀ ကုန်သေတ္တာယာဉ် 6B/--- သည် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း အနောက်ဘက်သို့အရောက်တွင် ၎င်းရှေ့ညာဘက်၌ရပ်ထားသည့် ကုန်သေတ္တာနောက်တွဲယာဉ် 2B/---- ၏ နောက်ပိုင်းကို အရှိန်ဖြင့်ဝင်တိုက်မိပြီး ဘယ်ဘက်လမ်းကြောပေါ်သို့ဆွဲကွေ့ရာမှ လမ်းဘေး၌ ရပ်ထားသည့် ကုန်သေတ္တာတင်ယာဉ် 4E/--- ၏ နောက်တွဲဘေးအား ထပ်မံတိုက်မိပြီး ရပ်တန့်သွားခဲ့သည်။ ယာဉ်သုံးစီးတိုက်မိမှုကြောင့် မောင်းနှင်လာသည့် 6B/--- ကုန်သေတ္တာယာဉ်မှာ ကား ခေါင်းပိုင်းတစ်ခုလုံးပျက်စီးခဲ့ပြီး ယာဉ်မောင်းသူမှာ ဦးခေါင်းနှင့်ခြေလက်တို့၌ ဒဏ်ရာများပြင်းထန်စွာရရှိခဲ့မှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သမီးရည်းစားစုံတွဲထံမှ ဓားထောက်လုယူမှုဖြစ်ပွား

**မြင်းမူ ဒီဇင်ဘာ ၁၁**

ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မုံရွာမြို့နယ် ကျောက်ကာလမ်းဘေးတောထဲတွင် သမီးရည်းစား အတွဲထံမှ ဆိုင်ကယ်နှစ်စီး၊ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေဟန်းချိန်း တစ်ခု၊ ဖုန်းနှစ်လုံးတို့အား လူငယ်သုံးဦးက ဓားဖြင့်ခြိမ်းခြောက် လုယူ၍ စစ်ကိုင်းဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ယင်းလူငယ်သုံးဦးတွင် FZ အမျိုးအစား ဆိုင်ကယ်တစ်စီးပါရှိကြောင်း သိရှိရမှုအပေါ် ကူညီစုံစမ်းဖမ်းဆီးပေးရန် ဖုန်းဖြင့်ဆက်သွယ်လာ၍ မြင်းမူမြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမြင့်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မင်းအောင်တို့နှင့်အတူ မြင်းမူမြို့တိုးဂိတ်မှ ပိတ်ဆို့ဖမ်းဆီးရန်စောင့်ဆိုင်းနေစဉ် သတင်းရရှိထားသည့် ဆိုင်ကယ်သုံးစီး စီးနင်းလာသူများအနက် ပြန်လှည့်ပြီးထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မြင်းမူမြို့ ညောင်ဦးဖီးရပ်ကွက် မြစ်ကမ်းဘေးတွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ထံမှ အသုံးပြုသည့်ဆိုင်ကယ်၊ ဓား၊ လုယူလာသည့်ဆိုင်ကယ်နှစ်စီး၊ ရွှေထည်ပစ္စည်းနှင့် ဖုန်းများ သိမ်းဆည်းရမိခဲ့သည်။ ဖမ်းဆီးရမိ ပြစ်မှုကျူးလွန်သူများဖြစ်သော ရဲလင်း (၂၄ နှစ်) အောင်သာယာရပ် မန္တလေးမြို့၊ ကျော်လင်း (၃၅ နှစ်) ရွှေညောင်ပင်ရွာ ဖောင်းပြင်မြို့နယ်နှင့် ကျော်ဇင်ဦး (၁၇ နှစ်) ပြည်ကြီးတံခွန်မြို့နယ်နေသူတို့အား ဆက်လက်အရေးယူနိုင်ရန်အတွက် မုံရွာမြို့အမှတ်(၂) နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဇော်မျိုးထွန်းအား သက်သေခံပစ္စည်းများနှင့်အတူ လွှဲပြောင်းခဲ့သည်။

ပြစ်မှုကျူးလွန်သူ စည်သူအောင် (၂၀ နှစ်) ငါးယုန်ရွာ ချောင်းဦးမြို့နယ်နေသည် ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရွှေဇလုတ်ကျေးရွာအနီး မုံရွာမြို့ပတ် လမ်းထဲ သမီးရည်းစားချိန်းတွေ့နေစဉ် FZ ဆိုင်ကယ်နှင့် လူသုံးဦး ရောက်လာပြီး ၎င်းတို့အား ဓားထောက်လုယက်ယူဆောင်သွားသူများအား အမှုဖွင့်အရေးယူပေးပါရန် တိုင်တန်းခဲ့သောကြောင့် မုံရွာမြို့ အမှတ် (၂)နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုကိုနိုင် (မြင်းမူ)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ CANTER ယာဉ် တိမ်းမှောက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၅၁/၁-၂) ကြား မန္တလေးမှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ကျော်ကျော် မောင်းနှင်လာသော CANTER ယာဉ်သည် ဒီဇင်ဘာ ၉ ရက် နံနက် ၁ နာရီက ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တံတားပေါ်သို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ နှစ်ဦးအနက် ယာဉ်မောင်းသူမှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားသည်။ ဒဏ်ရာရရှိသူအား ပေပင်လေးရဲတပ်ဖွဲ့ စခန်းပိုင်ယာဉ်ဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ သို့ဖြစ်၍ယာဉ်မောင်း ကျော်ကျော်အား ပေပင်လေးရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၂၇၅၄ Kenbo CZJ -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့အောင် ၉/အမဇ(နိုင်)၀၆၇၃၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၈၂၈၉ KENBO-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာ ၉/မဟမ(နိုင်)၀၁၁၁၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8928 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4022 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ ကွင်းအမှတ် ၂၈၄ လင်မလို ရွှေကူ ဦးပိုင်အမှတ်(ဈ/၁၀)၊ ဧရိယာအကျယ်အဝန်း ဝဒသမ ၀၅၅ ဧကရှိ မြေကွက်အား ဦးစိန်ညွန့် ၅/ကလတ(နိုင်)၀၅၅၈၃၆မှ ဂရန်အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးစိန်ညွန့်၊ ၅/ကလတ(နိုင်)၀၅၅၈၃၆**
**နီလာရပ်ကွက်၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၇၈၉၈၀၆၉၃၃**

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

**အမှတ် ၅၂/၆၆၊ ပိုလ်တထောင်ဘုရားလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် ၀၄/၂၀၁၆-၂၀၁၇ (၂၁-၁၂-၂၀၁၆)**

**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ ကျွန်းသစ်လုံး/ ကျွန်းတိုင်/ကျွန်းမျှောများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
(ခ) **ရောင်းချမည့်အချိန်** - မွန်းလွဲ ၁း၃၀ နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး၊ (၃၀၀၃)လုံး၊ ၂၁၀၄.၆၅၄တန်
- ကျွန်းတိုင်/ကျွန်းမျှော၊ (၃၂၈၀)လုံး၊ ၇၀.၅၆၄တန်
(ဃ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန (ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ် ၇၂/၇၄ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၃၂၀၂၅၄၄၊ ၀၉-၄၅၀၀၂၅၉၃၁ နှင့် ၀၉-၇၉၉၅၇၄၀၃၉ တို့သို့ စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**



## သတင်းတိုများ

### လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့နယ်ခွဲအတွင်း ကျေးလက်နေပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကနန်စံပြကျေးရွာတွင် အရှည် ရှစ်ပေ အကျယ် ၁၄ ပေနှင့် အမြင့် လေးပေရှိ မြောင်းကူးတံတား တည်ဆောက်ခြင်းနှင့် နန်းစံပြကျေးရွာ အမကကျောင်းလမ်း၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေနှင့် ထုခြောက်လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းများကို ခါမ်းပါတ်မြို့ စည်ပင်သာယာရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဂန့်ဂေါမြို့၌ ပင်မရေဆိုးထုတ်မြောင်းတည်ဆောက်

ဂန့်ဂေါမြို့တွင် အရှည်ပေ ၅၀၀၊ ထိပ်ဝအကျယ် ၇ ပေ၊ အောက်ခြေအကျယ် ၅ ပေရှိ ပင်မရေဆိုးထုတ်မြောင်းကြီးကို ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒီဇင်ဘာ ၃ ရက်မှစ၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ရေဆိုးထုတ်မြောင်းသည် ကျောက်ကြီးစီရေမြောင်းအမျိုးအစားဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် ခွင့်ပြု ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၂၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းက ပြောသည်။ လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကွင်းဆင်းကြီးကြပ်လျက်ရှိသည်။ **(၁၀၁)**

### အမျိုးသမီးများ အသိပညာတိုးတက်ရေး စာဖတ်ဝိုင်းဆွေးနွေး

အမျိုးသမီးများ အသိပညာဗဟုသုတမြင့်မားစေရေးအတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်ပြပွဲကို ဒီဇင်ဘာ ၉ ရက်က တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မာရီက စာဖတ်ဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ပြောကြားပါသည်။ ထို့နောက် အမျိုးသမီးများက စာကြည့်တိုက်ရှိ မိမိတို့နှစ်သက်ရာစာပေများကို ဖတ်ရှုပြီး အချင်းချင်း ပြန်လည်ဆွေးနွေးခဲ့ကြကာ စာဖတ်ဝိုင်းဆွေးနွေးပွဲအပြီးတွင် စာကြည့်တိုက်မှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **လုလု**

### ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

တနသ်ာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း (NCDDP)အစီအစဉ်အရ တကူကျေးရွာအုပ်စု၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော တကူ-ပြည်အေးရွာ-ရွာတွင်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့ရာ CDD စီမံကိန်း စောင့်ကြည့်ကြီးကြပ်ရေးအရာရှိ ဒေါ်လှိုင်းခင်မျိုးက အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်အောင်ဦးက စီမံကိန်းဆိုင်ရာနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကွန်ကရစ်လမ်းကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါကွန်ကရစ်လမ်းကို လူထုစီမံကိန်း၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၆၄ သိန်းနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၃၇ သိန်းနှင့် လုပ်အားများဖြင့် ခင်းကျင်းပခဲ့ပြီး အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

### ကလေးငယ်များအား ပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်းရှိကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးလုပ်ငန်းများကို ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်တွင် ကျားကူး ဘက ကျောင်းရှိ မူလတန်းကလေးငယ်များ ဉာဏ်ရည်ထက်မြက်စေရန်၊ တီထွင်ဖန်တီးတတ်စေရန်၊ စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပုံပြင်ပြောခြင်း၊ ပန်းချီဆွဲခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ စက္ကူဖြင့်အရုပ်ပုံခေါက်ခြင်း၊ တစ်ဦးနှင့် တစ်ဦး မိတ်ဆက်စေခြင်းတို့ကိုသွားရောက်ဆောင်ရွက်ပေးခဲ့ပြီး ဆေးလိပ်သောက်သုံးခြင်းနှင့် ကွမ်းစား၏အန္တရာယ်အကြောင်းကိုလည်း နံရံကပ်စာစောင်များပြသ၍ အသိပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



မိုင်းယောင်းမြို့အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးသူများ ဆိုင်ကယ်ဦးထုပ်ဆောင်းရန်၊ ဦးထုပ်မေးသိုင်းကြိုးများ တပ်ဆင်မောင်းနှင်ရန်၊ နှစ်ဦးထက်ပိုမစီးကြရန် စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က လူစည်ကားသည့် မြို့ပေါ်နေရာများ၌ ဒီဇင်ဘာ ၉ ရက်က စစ်ဆေး ပညာပေးမှုများ ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

# ကျောက်မဲမြို့ မွေးမြူရေးဇုန်တွင် ကွင်းဆင်းစစ်ဆေး



**ကျောက်မဲ ဒီဇင်ဘာ ၁၁**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ကျွဲကုန်းကျေးရွာအုပ်စု မွေတော်ကျေးရွာရှိ မွေးမြူရေးဇုန်၌ သန့်ရှင်းသပ်ရပ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိအောင် ကာကွယ်ထားမှုများကို ကျောက်မဲမြို့နယ် စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာသန့်ဇော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဝင်းသီဟ၊ စည်ပင်သာယာရေးဌာန ဒုတိယဦးစီးမှူး ဦးနေဇာလင်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးခြံများတွင် အနံ့ဆိုးထွက်ရှိမှု ရှိမရှိ၊ ယင်ကောင်ပေါက်ဖွားမှု နည်းပါးစေရေးအတွက် (EM)စနစ်သုံးစွဲမှုအခြေအနေ၊ သောက်ရေနှင့် အစာများတွင် ယင်ကောင်ပေါက်ဖွားမှု လျော့နည်းစေရေး ဆေးတိုက်ကျွေးမှု ရှိ မရှိ၊ ဇီဝလုံခြုံမှုစနစ် ကောင်းမွန်ရေး၊ ကြက်ခြံပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ခြံတွင်းခြံပြင် သန့်ရှင်းရေး၊ အညစ်အကြေးစွန့်ပစ်မှုများ စနစ်တကျရှိမရှိ၊ ကြက်ခြံများပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်ရေး၊ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဆောင်ရွက်ထားမှု အခြေအနေ စသည်တို့ကိုလည်းကောင်း၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သတ်မှတ်ထားသော ကာကွယ်ဆေးများကို ကာလအလိုက် ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်ထားမှု ရှိမရှိကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ကြက်မွေးမြူရေး ခြံပိုင်ရှင်များနှင့် ကြက်ခြံများမှ တာဝန်ရှိသူများကိုလည်း မိမိတို့ကြက်ခြံများတွင် ကူးစက်ရောဂါများ ဖြစ်ပွားနေလျှင်သော်လည်းကောင်း၊ ကြက်များသေဆုံးမှု များပြားနေပါကလည်းကောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မျက်စိကုသမှုခံလူနာများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**မြစ်ကြီးနား ဒီဇင်ဘာ ၁၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ (၇)ကြိမ်မြောက် စက္ခုဒါနလုပ်ငန်းအဖြစ် ပြည်နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင် ပြည်သူများအား မျက်စိခွဲစိတ်ကုသပေးခြင်းနှင့် စမ်းသပ်ပေးခြင်းတို့ကို ဒီဇင်ဘာ ၅ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ကုသမှုလာရောက်ခံယူသော လူနာများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အဆိုပါဆေးရုံ၌ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက လူနာများအား မျက်စိစမ်းသပ်ပေးခြင်း၊ ခွဲစိတ်ကုသခြင်းတို့ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လူနာများကိုလည်း အားပေးစကားပြောကြားခဲ့သည်။

သီတဂူစက္ခုဒါနဆေးရုံ၌ ပြည်နယ်အတွင်းမှ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်ကုသပေးရန် နိုဝင်ဘာလမှစတင်၍ မျက်စိဝေဒနာရှင်များ၏စာရင်းကို ကောက်ခံခဲ့ပြီး လူနာ ၂၃၃ ဦးအား ဒီဇင်ဘာ ၅ ရက်မှ ယနေ့အထိ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း၊ မျက်စိစမ်းသပ်ခြင်းအနေဖြင့် တစ်ရက်လျှင် လူဦးရေ ၅၀၀ ခန့်ကို စမ်းသပ်ပေးလျက်ရှိကြောင်း၊ ဆေးကုသမှု လာရောက်ခံယူသည့် ပြည်သူများအား အခမဲ့ကျွေးမွေးကြောင်း၊ မျက်စိရောဂါဝေဒနာရှင်များအား ပြီးခဲ့သည့် ခြောက်ကြိမ် ဆေးဝါးကုသပေးခဲ့ရာတွင် စုစုပေါင်း ဝေဒနာရှင် ၁၃၀၀ ကျော်အား ခွဲစိတ်ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

# လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၁၁**
တာချီလိတ်မြို့ သုတဒါနအသိပညာဖွံ့ဖြိုးရေးအဖွဲ့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကျင်းပသည့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် သုတဒါနအသိပညာဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစဝ်ခိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်ဦးစီးမှူး ဦးစိန်လွင်က တစ်ဖက်နိုင်ငံအတွင်း သွားရောက် အလုပ်လုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်အခြေစိုက် MAP Foundation မှ Mr.Suchart Trakwnhutip နှင့် တာဝန်ရှိသူများက ရွှေ့ပြောင်းသွားလာသူများ၏ ကျန်းမာရေးဆိုင်ရာ ကူညီမှုများ၊ ဥပဒေဆိုင်ရာ ပညာပေးခြင်းများ၊ ရေဒီယိုအသံလွှင့်ဆောင်ရွက်မှု၊ IT information Centre ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျိုင်းတုံ မောက်ကွမ်ဒေသဖွံ့ဖြိုးရေးအဖွဲ့အပါအဝင် တာချီလိတ်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရွှေ့ပြောင်းသွားလာသူများ၏ တရားဝင်သွားရောက်ခြင်းလုပ်ငန်းစဉ်၊ တရားဝင်သွားရောက်ခြင်း၏ ကောင်းကျိုးများ၊ တရားမဝင်သွားရောက်ခြင်း၏ ဆိုးကျိုးများ၊ လိမ်လည်လှည့်ဖြား ရောင်းစားခံရခြင်း၊ ဖိနှိပ်စော်ကားခံရခြင်း၊ တရားမျှတမှုမရှိခြင်းတို့ ကြုံတွေ့ရပါက ထိုင်းနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ဖုန်းနံပါတ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း အထောက်အကူပြုလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ဖော်ထုတ်နိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်ဌာနများထံမှ ရရှိနိုင်သော ဝန်ဆောင်မှုများကို မိတ်ဆက်ပေးရေး၊ ဒေသတွင်း ရွှေ့ပြောင်း အလုပ်သမား ဖြစ်လာနိုင်သူများ၊ ရွှေ့ပြောင်းသွားလာပြီးပြန်လာသော အလုပ်သမားများနှင့် ယင်းတို့ မိသားစုများ၏ လိုအပ်ချက်များကို တုံ့ပြန်နိုင်ရေး၊ ဒေသတွင်း အစပျိုးလုပ်ဆောင်မှုများ ရေးဆွဲနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သုတဒါနအသိပညာဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌက ပြောကြားသည်။ **ဝေယံလင်း(ပြန်/ဆက်)**



# ပြည်ပပို့ကုန်အရည်အသွေးမြင့်မားရေး ပူးပေါင်းပါဝင်ဆောင်ရွက်

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန**

**မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော ရေထွက်ပစ္စည်းများ ဘေးဥပဒ်ကင်းရှင်းရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသောအဖွဲ့အစည်း (Competent Authority) ဖြစ်ရာ ပြည်ပတင်ပို့သော ရေထွက်ပစ္စည်းများသည် ဥရောပ ဈေးကွက်အပါအဝင် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရန် ပြုပြင်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်ပါဝင်သော ငါးဖမ်းရေယာဉ်၊ ငါးတင်/ငါးချဆိပ်ကမ်း၊ ငါး လုပ်ငန်းသုံး ရေခဲစက်၊ ငါး/ပုစွန်မွေးမြူရေးကန်၊ အစာစပ် စက်ရုံနှင့် ငါး/ပုစွန် ပြုပြင်စက်ရုံများမှ လုပ်ငန်းရှင်အားလုံး၊ သက်ဆိုင်ရာအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါဆောင်ရွက်ချက်များနှင့် ပြည်ပသို့ငါးတင်ပို့မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်ထံသို့ သွားရောက်မေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ ။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံမှ ကမ်းနီး/ကမ်းဝေးငါးဖမ်းလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်း၊ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိတဲ့ ရေထွက်ပစ္စည်းများကို ပြည်ပနိုင်ငံ ပေါင်း ၄၀ သို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ပျမ်းမျှအားဖြင့် MT သုံးသိန်းကျော်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၆၀၀ ဖိုးခန့် တင်ပို့လျက်ရှိပါတယ်။

**မေး။ ။ ဘယ်နိုင်ငံတွေကို အဓိကထား၍တင်ပို့နေပါသလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံကရေထွက်ပစ္စည်းတွေကို Normal Trade, Border Trade ဆိုပြီး စနစ်နှစ်မျိုးနဲ့ တင်ပို့လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို Border Trade ဖြင့် အများဆုံးတင်ပို့ပါတယ်။

**မေး။ ။ အိမ်နီးချင်းနိုင်ငံများအပြင် အခြားပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများကိုဒေသတွင်း နိုင်ငံများအပြင် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဩစတြေးလျ၊ ဂျပန် အပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများရဲ့ လိုအပ်ချက်များ၊ စည်းမျဉ်း စည်းကမ်းများနဲ့အညီ ပြုပြင်ထုတ်လုပ်တင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ဥရောပသမဂ္ဂက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ Regulation များကို လိုက်နာဆောင်ရွက်နိုင်ရန် ကြပ်မတ်ပေးလျက်ရှိပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ EU နိုင်ငံများသို့ တင်ပို့ခွင့်ရရှိရေး ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေတဲ့ အပိုင်းကိုသိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၉ ခုနှစ်ကတည်းက ဥရောပသမဂ္ဂနဲ့ ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး၊ ယင်းကာလ မတိုင်မီကပင် စက်ရုံ ၄၃ ရုံကထုတ်လုပ်တဲ့ ရေထွက်ပစ္စည်းများကို ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ နှစ်နိုင်ငံနှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ တင်ပို့ခွင့်ရရှိခဲ့ပါတယ်။ ဥရောပသမဂ္ဂ အနေဖြင့် မြန်မာနိုင်ငံကထုတ်လုပ်သော ရေထွက်ပစ္စည်းများ ဥရောပသမဂ္ဂအဖွဲ့ရဲ့လိုအပ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်သောနည်းပညာများကို ထောက်ပံ့ပေးခဲ့ပါတယ်။ ဥရောပသမဂ္ဂရဲ့ စစ်ဆေးရေးအဖွဲ့မှ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ရေထွက်ပစ္စည်းတင်ပို့တဲ့စက်ရုံများကို ပထမအကြိမ် လာရောက်စစ်ဆေးခဲ့ပါတယ်။

အဆိုပါစစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးပြီးနောက် Regulation နဲ့ကိုက်ညီတဲ့ စက်ရုံ ၂၀ က ထုတ်လုပ်တဲ့ ရေထွက်ပစ္စည်းတွေကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးပြီးနောက် လိုက်နာဆောင်ရွက်ရန်လိုအပ်တဲ့အကြံပြုချက် ၁၂ ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနသည် ဥရောပသမဂ္ဂ အစားအသောက် စစ်ဆေးရေးအဖွဲ့ အကြံပြုချက်များနဲ့အညီ ဆောင်ရွက်နိုင်ရေး၊ စက်ရုံများ ဥရောပသမဂ္ဂက ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ရဲ့ အထောက်အပံ့နဲ့Capacity Building to Improve Market Access for Fish and Fishery Products-TCP/MYA/3401(D) ကို အကောင်အထည်ဖော်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ စစ်ဆေးရေးဝန်ထမ်းများ၊ ပုဂ္ဂလိက ငါး၊ပုစွန်ပြုပြင်စက်ရုံများ၊ ငါးတင်၊ ငါးချဆိပ်ကမ်းနဲ့ရေခဲစက်မှုဝန်ထမ်းများကို လိုအပ်တဲ့သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်

အဆိုပါစီမံကိန်းအရ ငါး၊/ပုစွန် ရေထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ လိုက်နာရမယ့်စည်းမျဉ်းများ (Technical Regulation for Export and Import Fishery Products) ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ အပင်၊ တိရစ္ဆာန်၊ သားငါး သက်ရှိသက်မဲ့တို့ရဲ့ ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ သဘောတူညီချက် (Sanitary and Phyto sanitary Agreement-SPS) နဲ့အညီ ရေးဆွဲခဲ့ပြီး၊ ငါး၊ပုစွန် ပြုပြင်စက်ရုံများ၊ ရေထွက်ပစ္စည်းတင်ပို့၊ တင်သွင်းသူများလိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် ၂/ ၂၀၁၅ ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါတယ်။

လက်ရှိမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ရေထွက်ပစ္စည်းတင်ပို့နေတဲ့စက်ရုံများဟာ အဖွဲ့ရဲ့ပြဋ္ဌာန်းထားတဲ့ လိုအပ်ချက်များနှင့်အညီ ဖြည့်တင်းဆောင်ရွက်နိုင်ရေးအတွက် Trade Development Program အရဆောင်ရွက်လျက်ရှိတဲ့ EU-GIZ အထောက်အပံ့ဖြင့် အစားအသောက် ဘေးကင်းရေးဆိုင်ရာ စီမံခန့်ခွဲရေးဆိုင်ရာ စနစ်များဖြစ်တဲ့ GMP/GHP/HACCP ဆိုင်ရာသင်တန်းများကို ငါးလုပ်ငန်းဦးစီးဌာန စစ်ဆေးရေးဝန်ထမ်းများ၊ ပုဂ္ဂလိကငါး/ပုစွန်ပြုပြင်စက်ရုံများမှဝန်ထမ်းများကို ပို့ချပေးလျက်ရှိပါတယ်။

ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံ သဘာဝရေပြင်ကနေ ဖမ်းယူရရှိတဲ့ ငါး/ ပုစွန်တွေကိုသာ တင်ပို့ခွင့်ပြုထားခြင်းဖြစ်ပြီး မွေးမြူရေး ငါး/ပုစွန်များ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိရေးကို ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးငါး/ပုစွန်၊ ကဏန်းပျော့များ ဥရောပဈေးကွက် တင်ပို့ခွင့်ရရှိရေးအတွက် အမျိုးသားအဆင့် ဓာတုဆေးဝါးဓာတ်ကြွင်း ထိန်းချုပ်မှုအစီအမံ (National Residue Monitoring Plan) ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်ကာ EU-GIZ ရဲ့ပံ့ပိုးကူညီမှုနဲ့ ဥရောပဈေးကွက် တင်ပို့မယ့်မွေးမြူရေးကန်များမှာ အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဥရောပသမဂ္ဂရဲ့အစားအသောက်စစ်ဆေးရေးအဖွဲ့(EU -FVO Mission)ဟာ မြန်မာနိုင်ငံက ရေထွက်ပစ္စည်းများ ဥရောပနိုင်ငံတွေကို တင်ပို့ရာမှာ ဥရောပသမဂ္ဂရဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းစည်းကမ်းများနဲ့အညီ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိကို (၂၂-၁၁-၂၀၁၆) ရက်မှ (၁-၁၂-၂၀၁၆) ရက်အထိ ထပ်မံလာရောက်စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။

EU-FVO Mission အဖွဲ့က ဖမ်းဆီးမွေးမြူမှုကနေ စားသုံးသူအထိ Supply Chain တစ်လျှောက်မှာ ပါဝင်တဲ့ ကမ်းဝေးငါးဖမ်းရေယာဉ်များဟာ EU မှ သတ်မှတ်ထားတဲ့ စံချိန် စံညွှန်းများနဲ့အညီ ကိုက်ညီမှုရှိ မရှိ စစ်ဆေးခြင်း၊ ငါးတင်၊ ငါးချရေယာဉ်များနဲ့ ငါးလေလံတင်ရောင်းချနေမှုများတွင် ငါး/ပုစွန် အရည်အသွေးကျဆင်းမှုမရှိအောင် ကိုင်တွယ်ထိန်းသိမ်းမှု လုပ်ငန်းများစစ်ဆေးခြင်း၊ ရေလုပ်ငန်းသုံး ရေခဲများရဲ့ အရည်အသွေးနဲ့ ရေခဲစက်များရဲ့ ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို စစ်ဆေးခြင်း၊ ပြုပြင်ထုတ်လုပ်တဲ့ စက်ရုံ



ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့်စက်ရုံအား EU-FVO Mission မှစစ်ဆေးနေစဉ်

တွေဟာ EU Regulation နှင့်အညီ လိုက်နာဆောင်ရွက်ထားမှုရှိ မရှိ စစ်ဆေးခြင်း၊ ရေလုပ်ငန်းသုံး ရေခဲများရဲ့ အရည်အသွေးနဲ့ ရေခဲစက်များရဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို စစ်ဆေးခြင်းစတဲ့လုပ်ငန်းများကို စစ်ဆေးခဲ့ပါတယ်။

**မေး။ ။ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ဓာတ်ခွဲခန်းဟာ နိုင်ငံတကာအသိအမှတ်ပြု ISO 17025 : 2005 လက်မှတ်တစ်ခု ရရှိထားတဲ့ ဓာတ်ခွဲခန်းဖြစ်ပြီး အဆိုပါ ဓာတ်ခွဲခန်းနဲ့ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေကိုလည်းသိရှိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံကနေ ပြည်ပတင်ပို့ တဲ့ရေထွက်ပစ္စည်းများဟာ Food Safety ဖြစ်ပြီး လူစားသုံးရန် သင့်လျော်ကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းကြောင်း (Health Certificate) ကို ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူထုတ်ပေးရပါတယ်။ Food Safety ဖြစ်ဖို့အတွက် လိုအပ်တဲ့ ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ဖို့ ဓာတ်ခွဲခန်းကို နိုင်ငံတကာ အသိအမှတ်ပြုတဲ့ ဓာတ်ခွဲခန်းတစ်ခုဖြစ်အောင် ဆောင်ရွက်ခဲ့ရပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနရှိ ဓာတ်ခွဲခန်းကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်မှစတင်ပြီး ISO 17025: 2005 လက်မှတ်ရရှိခဲ့ကာ နှစ်နှစ်တစ်ကြိမ် သက်တမ်းတိုးနိုင်ဖို့အတွက် ထိုင်းနိုင်ငံ Accreditation Body ဖြစ်တဲ့Department of Medical Sciences (DMSc)၊ Bureau of Laboratory Quality Standard (BLQS) ဘုတ်အဖွဲ့ရဲ့ စစ်ဆေးမှုခံယူကာ ဆောင်ရွက်ခဲ့ရာ ယခုအခါမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်အထိ သက်တမ်းတိုး အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီးဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် Parameter တွေ တိုးချဲ့စစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ Micro Lab rS Parameter ၁၂ ခု၊ Chemical Lab မှ Parameter ခြောက်ခုကို နိုင်ငံတကာ အဆင့်မီ စစ်ဆေးနိုင်ခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုနဲ့ပတ်သက်ပြီး အခြားပြောကြားလိုတဲ့ အချက်များရှိရင်သိလိုပါတယ်။**

ဖြေ။ ။ ရေထွက်ပစ္စည်းတွေ ပြည်ပသို့တင်ပို့ရာမှာဝယ်ယူတဲ့နိုင်ငံတွေရဲ့ အထူးသဖြင့် (EU)လိုအပ်ချက်များ၊ သတ်မှတ်စံချိန်စံညွှန်းတွေနှင့်အညီ တင်ပို့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ စိစစ်ကြပ်မတ်နိုင်ရန်အတွက် အရာထမ်း၊ အမှုထမ်းများရဲ့အရည်အသွေး မြင့်မားလာစေရန် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီနဲ့ ကြိုးပမ်းအားထုတ်နေကြသလို ရေထွက်ပစ္စည်းတင်ပို့မှု(Supply Chain) တစ်လျှောက်လုံးမှာ ပါဝင်ဆက်စပ်နေကြတဲ့ မွေးမြူရေးကဏ္ဍ၊ ဖမ်းဆီးရေးကဏ္ဍ၊ ပြုပြင်ထုတ်လုပ်တဲ့ကဏ္ဍ၊ ငါးတင်/ငါးချဆိပ်ကမ်းများ၊ ရေလုပ်ငန်းသုံး ရေခဲစက်လုပ်ငန်းများဆောင်ရွက်နေကြတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်း ရဲ့သဘောသဘာဝကို သိရှိနားလည်သဘောပေါက်ပြီး ငါးလုပ် ငန်းဦးစီးဌာနနဲ့ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားလိုပါတယ်။



## ခြောက်လအတွင်း မီးဖိုချောင်သုံးလယ်ယာထွက်သီးနှံ ကြက်သွန်နီနှင့် အာလူးဈေးနှုန်းများ တစ်ဆကျော် မြင့်တက်လာ

**ကေဇူး(AMIA)၊ ဓာတ်ပုံ-သိန်း**

ယခုနှစ် ရှစ်လအတွင်း မီးဖိုချောင်သုံး စိုက်ပျိုးရေးထွက်ကုန်များ တစ်ဆကျော် ဈေးမြင့်တက်လာသည့်အတွက် အရောင်းအဝယ်များခက်ခဲလာကြောင်း ကုန်သည်များက ပြောသည်။ လယ်ယာထွက်ကုန်များ ဈေးတက်လာရသည့် အကြောင်းရင်းများထဲတွင် အထွေထွေကုန်ဈေးနှုန်း မြင့်တက်လာခြင်း၊ နေ့စဉ်စားသုံးသူ ဝယ်လိုအားများလာသော်လည်း ထုတ်လုပ်နိုင်မှုစွမ်းအား မတိုးမြှင့်နိုင်သည့်အတွက် ယခုကဲ့သို့ ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက သုံးသပ်ကြသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက “ဒီအချိန်မှာ ပစ္စည်းလက်ကျန်နည်းပြီး ရာသီလည်းသိမ်းတဲ့အခါကျတော့ ဈေးကွက်က ထိခိုက်တာပါပဲ။ ဝယ်လိုအားများရင် ဈေးတက်မယ်။ ဒီလိုပါပဲ။ ဒီရက်တွေမှာ အရောင်းအဝယ် တော်တော်လေးပါးတယ်။ ဝယ်လိုအားကျလာရင်တော့ ဈေးကွက်ကပြန်ကျတာပေါ့။ အခုဆို နယ်ဈေးတွေကမြင့်တယ်၊ ရန်ကုန်မှာ အရောင်းအဝယ်ပါးတယ်။ အများအားဖြင့်တော့ ရှုံးတာပါပဲ” ဟု ပြောသည်။

ယခုကဲ့သို့ လယ်ယာထွက် စားသောက်ကုန်များ ဈေးမြင့်လာသော်လည်း တောင်သူများအတွက် အကျိုးခံစားခွင့်နည်းပါးကြောင်း စိုက်ပျိုးရေးသမားများက ပြောသည်။ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကုန်ဈေးနှုန်းမြင့်မားမှုကိုထိမ်းချုပ်ရန် လွှတ်တော်တွင်တင်သွင်းခဲ့သော်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြေရှင်းနိုင်ခြင်းမရှိသေးကြောင်း ဖြေကြားခဲ့သည်။

# ထိုင်ဝမ်သင်္ဘောစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုး

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မေမိုးသဲ**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအုပ်စု မုန်းချောင်းနံဘေး ကျေးရွာများမှ ကိုင်းမြေစိုက်ကွက်များတွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မုန်းရေနှင့် မြစ်ရေများဝင်ရောက်မှုကြောင့် သီးနှံအချို့ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ထိုင်ဝမ်သင်္ဘောစိုက်တောင်သူများအနေဖြင့် ပျက်စီးမှုမရှိခဲ့ဘဲ ယခုအခါ အသီးများကို ဆွတ်ခူးရောင်းချ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ကမိုးများလို့ သီးနှံတွေပျက်ရတာက တစ်မျိုး၊ မြစ်ရေနဲ့ မုန်းရေဆုံပြီးနစ်လိုက်တာက တစ်မျိုးနဲ့ တောင်သူတွေ တော်တော်အခက်တွေ့တယ်။ တချို့ ငရုတ်ခင်းတွေ၊ ခရမ်းချဉ်ခင်းတွေဆို အားလုံးဖျက်ပစ်လိုက်ရတာရှိတယ်။ ဒါပေမယ့် ထိုင်ဝမ်သင်္ဘောစိုက်တဲ့သူတွေကတော့ ရေနစ်ပေမယ့် အပင်တွေကမသေတော့ ခုချိန်မှာ အသီးတွေ ခူးဆွတ်ရောင်းချနေရတဲ့အတွက် အဆင်ပြေတာတွေ့ရတယ်။ ကျွန်တော်တို့က ဒီနှစ်မှစမ်းစိုက်တာဆိုတော့ နည်းနည်းပဲစိုက်တယ်။

အပင်တစ်ပင်ကို အလုံး ၁၀၀ ကျော်လောက်သီးတယ်။ ဒီနှစ်ပေါက်စျေးကတော့ တစ်လုံးကို ငွေကျပ် ၄၀၀ ကနေ ၆၀၀ အထိ ရောင်းရတယ်။ မနှစ်ကဒီအချိန်ဆို တစ်လုံးကို ငွေကျပ် ၈၀၀ ကနေ ၁၀၀၀ ကျော်လောက်အထိရောင်းရတယ်။ ဒီနှစ်ကသင်္ဘောစိုက်တဲ့သူများလာတော့ စျေးနည်းနည်းပဲရတယ်လို့ထင်တယ်။ ပေတောရွာဘက်မှာဆို တစ်ဦးတည်းက ထိုင်ဝမ်သင်္ဘောချည်းပဲ နှစ်ဧကလောက်စိုက်ပြီး ရန်ကုန်ကိုတိုက်ရိုက်တင်ပို့တယ်လို့ သိရတယ်။ သင်္ဘောက အခြားသီးပင်တွေလို ပြန်ကြည့်စရာ မလိုဘူး။ ဆေးလည်းလိုက်စရာမလိုတော့ ခြံစိုက်တောင်သူတွေအတွက် အဆင်ပြေတယ်။ စရိတ်စကနည်းတော့ စီးပွားရေးတွက်ခြေကိုက်တဲ့အတွက် သင်္ဘောစိုက်ရတာ အဆင်ပြေပါတယ်"ဟု ဝဲဒေါင့်ရွာမှ သင်္ဘောစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ပြောသည်။

ထိုင်ဝမ်သင်္ဘော စိုက်ပျိုးရာ၌ မျိုးထုပ်တစ်ထုပ်လျှင် ငွေကျပ် ၁၂၀၀ ဖြင့် ဝယ်ယူရပြီး တစ်ထုပ်လျှင် မျိုးစေ့ ၁၂ စေ့ပါရှိကြောင်း၊ အဆိုပါမျိုးစေ့များကို ကြွပ်ကြွပ်အိတ်တစ်အိတ်လျှင် မျိုးစေ့တစ်စေ့နှုန်းဖြင့် မြေဆွေးထည့်ကာ ရက် ၂၀ ခန့်ပျိုး၍ ပြန်လည်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီးသည့်ရက်မှ လေးလအကြာတွင် အသီးများကို စတင်ခူးဆွတ် ရောင်းချရကြောင်း သိရသည်။

"သင်္ဘောပင် အသက်ကတော့ သုံးနှစ်လောက်ခံတယ်။ အသီးမပြတ်မချင်း ခူးရောင်းနေရုံပဲ။ ကျွန်တော်တို့ကတော့ ခြံထဲမှာပဲ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားတာပါ။ ရွာထဲက အသုပ်သည်တွေက သင်္ဘောသီးအစိမ်းကို နေ့တိုင်းလာဝယ်တယ်။ တချို့ကတော့ အမှည့်စားဖို့လာဝယ်တာတွေလည်း ရှိပါတယ်။ များတဲ့အခါကျရင်တော့ ကျောင်းတော်ရာစျေးကို သွားရောင်းပါတယ်။ တချို့များများစိုက်တဲ့သူတွေက ဖောက်သည်တွေနဲ့ချိတ်ထားတော့ အဆင်ပြေပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခုအခါ ပွင့်ဖြူမြို့နယ်အတွင်း၌ ထိုင်ဝမ်သင်္ဘောများကို အများအပြားစိုက်ပျိုးလာကြပြီး စရိတ်စကနည်း၍ တောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေကိုက်ကြကြောင်း သိရသည်။ ထို့အပြင် အိမ်ဝိုင်းကျယ်ရှိသူများအတွက်လည်း ထိုင်ဝမ်သင်္ဘောကို အိမ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ခြင်းကြောင့် အပိုဝင်ငွေရရှိနိုင်သည်။

# ယခုတစ်ပတ်အတွင်း စျေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ - မေမိုးသဲ**

ယခုတစ်ပတ်အတွင်းမှာ လယ်ယာထွက်ကုန်သီးနှံ စျေးနှုန်းတွေက အတက်အကျတွေနဲ့ လှုပ်ခတ်နေတာကို တွေ့ရပါတယ်။ သိသိသာသာ ကျဆင်းသွားတာကတော့ ပြည်ပကို အဓိက တင်ပို့နေတဲ့ မတ်ပဲ (FAQ/RC)နဲ့ ပဲစင်းငုံနီ (RC) တို့ဖြစ်ပါတယ်။ နှမ်းရောင်စုံ အချို့လည်း စျေးအနည်းငယ်ကျဆင်းနေပါတယ်။ ကြက်သွန်နီတွေကတော့ ယခုတစ်ပတ်မှာ စျေးတွေ မြင့်တက်လာတာကို တွေ့ရပါတယ်။ ဆန်စျေးတွေကတော့ ဒီတစ်ပတ်လုံးမှာ ပုံမှန်အတိုင်း တည်ငြိမ်နေပါတယ်။



**မတ်ပဲ (FAQ / RC) စျေး သိသိသာသာ ကျဆင်း**

ယခုအပတ် တနင်္လာနေ့က မတ်ပဲ (FAQ/RC)တစ်တန်ကို ငွေကျပ် ဆယ့်နှစ်သိန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ဆယ်သိန်းလေးသောင်းခုနစ်ထောင်အထိ ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၁၅၃၀၀၀ ခန့် ကျဆင်းသွားတာပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းကတော့ မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲစင်းငုံနီ (RC) စျေး အနည်းငယ်ကျဆင်း**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC) ကတော့ ယခုအပတ်မှာ တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၈၃၉၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၈၃၀၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၉၀၀၀ ခန့်ကျဆင်းသွားတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်းစျေး တည်ငြိမ်**

ပဲတီစိမ်းကတော့ ယခုတစ်ပတ်လုံး စျေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ၁၀၅၀၀၀ ကြားမှာ အရောင်းအဝယ် ဖြစ်နေပါတယ်။

**နှမ်းရောင်စုံအချို့ စျေးလှုပ်ခတ်**

နှမ်းရောင်စုံအချို့စျေးတွေကတော့ အခုအပတ်အတွင်းမှာ အနည်းငယ် ကျဆင်းနေတာကို တွေ့ရပါတယ်။ တနင်္လာနေ့ စျေးအဖွင့်မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၅၅၀၀၀ ရှိရာကနေ ယခုတစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ် ၁၅၀၀၀၀ ကို ကျဆင်းသွားပါတယ်။ နှမ်းနက်ကတော့ အခု တစ်ပတ်လုံး တစ်အိတ်ကို အမြင့်ဆုံးစျေး ငွေကျပ် ၁၃၀၀၀၀ တည်ငြိမ်နေတာကို တွေ့ရပါတယ်။

နှမ်းညိုလည်း ယခု တစ်ပတ်လုံး တစ်အိတ်ကို အမြင့်ဆုံးစျေး ငွေကျပ် ၇၈၀၀၀ ၊ နှမ်းဖြူတစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၉၆၀၀၀ နဲ့ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပန်းနှမ်းကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၇၀၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၇၂၀၀၀ အထိ မြင့်တက်လာတာ တွေ့ရပါတယ်။

**ဆန်စျေးနှုန်း တည်ငြိမ်**

ယခုတစ်ပတ်မှာ ပေါ်ဆန်းမွှေးဆန်တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၄၅၅၀၀ ၊ ညွှန့်မထဆန် တစ်အိတ် ငွေကျပ် ၁၈၅၀၀၊ ဧရိန်ဆန်တစ်အိတ် ငွေကျပ် ၁၉၀၀၀၊ မြီးတုံးဆန်တစ်အိတ် ငွေကျပ် ၂၂၀၀၀ ၊ မိုးသုခဆန်တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် ၂၀၀၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီစျေး အနည်းငယ်မြင့်တက်**

ယခုတစ်ပတ်အတွင်းမှာ ဆိပ်ဖြူ၊ မုံရွာ၊ မြင်းခြံနယ်တွေကထွက်ရှိတဲ့ ကြက်သွန်နီစျေးတွေကတော့ ယခုတစ်ပတ် တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးစျေး ငွေကျပ် ၃၀၀ ကနေ အမြင့်ဆုံးစျေး ငွေကျပ် ၁၂၀၀ နဲ့ အရောင်းအဝယ်ရှိနေရာကနေ ယခုတစ်ပတ်ရဲ့ စျေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံးစျေး ငွေကျပ် ၃၅၀ ကနေ အမြင့်ဆုံးစျေး ငွေကျပ် ၁၂၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၅၀ မြင့်တက်လာတာ ဖြစ်ပါတယ်။

# မြန်မာ့လက်ဖက်အခြောက်နှင့် အစို ၁၀ တန်ခန့် ဂျာမနီနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ရောင်းချရန်စီစဉ်

**ဖြိုးလွင်အောင် (AMIA)**

လာမည့်နှစ်တွင် မြန်မာ့လက်ဖက်အခြောက် (green Tea) နှင့် လက်ဖက်အစို ၁၀ တန် ခန့်ကို ဂျာမနီနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ရောင်းချရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ယခုနှစ်တွင်လည်း ဂျာမနီနိုင်ငံမှ မြန်မာ့လက်ဖက်ခြောက် သုံးတန်ခန့် ဝယ်ယူရန် သဘောတူထားကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

ဦးစိုးသန်းမင်းဒင်က "လက်ဖက်အခြောက်ကို ဒါပထမဆုံး ဂျာမနီစျေးကွက် တင်ပို့တာပဲ။ ဒီနှစ်မှာတော့ သုံးတန်လောက်တင်ပို့ဖို့ သဘောတူထားတယ်။ အခု နိုဝင်ဘာလအထိကို တန်ချိန် တစ်သန်းခွဲလောက်ပို့ပြီးပါပြီ"ဟု ပြောသည်။

လာမည့်နှစ်တွင် ရှမ်းဒေသထွက် လက်ဖက်အစိုကိုလည်း စင်ကာပူစျေးကွက်သို့တင်ပို့နိုင်ရန် စီစဉ်နေကြောင်း ရှမ်းဒေသ လက်ဖက်အစုအဖွဲ့ဥက္ကဋ္ဌ ဦးမောင်နုက ပြောသည်။

"ကျွန်တော်တို့ ရှမ်းဒေသခံတွေ ပေါင်းပြီး ရှမ်းမှာ အများပိုင် လက်ဖက်ခြောက်စက်ရုံနှစ်ရုံ ထောင်ထားတယ်။ အခုအဲ့ဒီကထွက်တဲ့ လက်ဖက်ခြောက်ကို ဂျာမနီကိုပို့နေတယ်။ ဒီ့ပြင် စျေးကွက်တွေ ထပ်ချိတ်ဆက်နိုင်အောင်လည်း စီစဉ်နေပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် မြန်မာ့လက်ဖက်ခြောက် တစ်ပိဿာလျှင် မြန်မာငွေကျပ် ၁၅၀၀၀ ခန့် ရရှိကြောင်း သိရသည်။

# တောင်သူများ ပြန်လည်စိတ်ဝင်စားလာသည့် ကြံသီးနှံ

■ **မောင်ကျော်ကြီး၊ ဓာတ်ပုံ- သက်ထက်**

တပ်ကုန်းမြို့နယ်သည် သင့်လျော်သော ရာသီဥတုရှိခြင်းကြောင့် တောင်သူများသည် မိမိတို့ ကြိုက်နှစ်သက်ရာ သီးနှံများကို ရွေးချယ်စိုက်ပျိုးကြသည်။ ယခင်နှစ်များက ကြံစိုက်တောင်သူများသည် ကြံသီးနှံ၏ ဈေးနှုန်းမှာ အခြားသုံးလပတ် သီးနှံများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအလွန်နည်းပါး၍ တောင်သူများအနေဖြင့် စိုက်ပျိုးမှု အလွန်နည်းလာကြောင်း သိရသည်။

ယခုအခါ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို တောင်သူများ ကြုံတွေ့ခံစားနေရပြီး ကြံသီးနှံ၏ သဘောသဘာဝမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားကျရောက်နိုင်ရန် အခွင့်အလမ်းပေါ်ပေါက်လာသော်လည်း ပိုးမွှားကျရောက်မှု မရှိသလောက်နည်းပါးခြင်း၊ အခြားသီးနှံများ၏ ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိသော်လည်း ကြံသီးနှံ၏ အခြေခံဈေးနှုန်းမှာတည်ငြိမ်ခိုင်မာမှုရှိခြင်းတို့ကြောင့် တောင်သူများ ကြံသီးနှံအပေါ် စိုက်ပျိုးရန် ပြန်လည်စိတ်ဝင်စားလာကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြံစိုက်တောင်သူများ စိုက်ပျိုးစရိတ်အဆင်ပြေစေရန် နိုင်ငံတော်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကြံတစ်ဧကလျှင် ငွေကျပ် တစ်သိန်း ထုတ်ချေးပေးခြင်း၊ သကြားစက်ရုံများမှလည်း တောင်သူများအား မြေပြင်စရိတ်၊ စိုက်စရိတ်၊ ပံ့ပိုးပစ္စည်းများနှင့် ကြံပင်ထောင်စရိတ်များကို ကူညီထုတ်ပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း စိုက်ပျိုးရေးနည်းပညာများ၊ တစ်ဧက အထွက်တိုးရေး နည်းပညာများ၊ နည်းပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယခင်နှစ်များက တပ်ကုန်းမြို့နယ်မှ ထွက်ရှိသော ကြံများကို ပျဉ်းမနား သကြားစက်သို့ တင်ပို့ရောင်းချခဲ့ရသော်လည်း ၁၉၉၉ ခုနှစ်မှစ၍ တပ်ကုန်းမြို့နယ်ဒဟတ်ကုန်း သကြားစက်ကို တည်ထောင်ခဲ့သဖြင့် ထွက်ရှိသောကြံများကို မြို့နယ်အတွင်း အဆင်ပြေစွာ ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသဘာဝသည် ချက်ကြံသီးနှံစိုက်ပျိုးရေးအတွက် သင့်တော်သည့် အနေအထားနှင့် မြေရေိယာရှိခြင်း၊ ကြံသီးနှံအပင်ပေါက်ရောက်ချိန်၌ ပူနွေးစွတ်စိုသော ရာသီဥတုနှင့် ရင့်မှည့်ချိန်တွင် အေးမြခြောက်သွေ့သော ရာသီဥတုရရှိရန် လိုအပ်သည်။ သင့်တော်သော မြေအမျိုးအစားမှာ နုန်း၊ သဲနုန်းနှင့် နုန်းမြေစေးတို့တွင် စိုက်ပျိုးဖြစ်ထွန်းကာ မိုးရေချိန် ၄၀ လက်မမှ ၆၀ လက်မအတွင်း ရရှိရန်လိုအပ်ပြီး ရေကြိုက်သောသီးနှံဖြစ်သော်လည်း ရေဝပ်ခြင်းကို မကြိုက်ကြောင်း သိရသည်။

ကြံသီးနှံကို စိုက်ပျိုးရန်သင့်တော်သောအချိန်မှာ နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်းဖြစ်သဖြင့် ထိုကာလအတွင်း အချိန်မီစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ကြံသီးနှံသည် ကုန်စိမ်းသီးနှံဖြစ်ပြီး မျိုးပိုင်းဖြင့် စိုက်ပျိုးရသဖြင့် ခုတ်ချိန်နှင့် စိုက်ချိန်ထပ်နေသောကြောင့် လုပ်ငန်းနှစ်ခုကို တစ်ပြိုင်တည်းလုပ်ဆောင်ရသော သီးနှံဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံးထားရသောသီးနှံဖြစ်သဖြင့် ထယ်ရေးနက်နက်နှင့် ညက်ညက်ရအောင် စက်ထယ် နှစ်လှည့်၊ စက်ထွန်လေးလှည့် လိုအပ်ကြောင်း၊ သဘာဝမြေဩဇာ များများထည့်ပြီး အစိုဓာတ်ဆုံးရှုံးမှုနည်းပါးစေရန် ကြမ်းတုံးအုပ်၍ နှပ်ထားရန်လိုကြောင်း၊ ကြံသီးနှံသည် ထိပ်ဖျားပိုင်း လွှမ်းမိုးမှုရှိသဖြင့် ကြံမျိုးချောင်းများအား နှစ်ဆစ်၊ သုံးဆစ်ပိုင်းများဖြတ်၍ မှိုရောဂါကာကွယ်ရန် ဆေးရည် ၁၀၀ ဂရမ်နှင့် ရေတွင် နာရီဝက်ခန့်စိမ်ထားရန်လိုအပ်ကြောင်း တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

တပ်ကုန်းမြို့နယ်တွင် ကျောက်စိမ်း( CO ၇၉၅ )နှင့် နဝဒေး (၄) (K ၉၅/၈၄) မျိုးများ စိုက်ပျိုးထားပြီး ရေမြေဒေသနှင့်ကိုက်ညီကာ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသော အထွက်ကောင်းမျိုးများဖြစ်သည့် နဝဒေး (၂)၊ (၃)၊(၅)၊ ပျဉ်းမနား(၅)၊ ရွှေလီ(၄)နှင့် နေပြည်တော်(၁) မျိုးများကို ပြောင်းလဲစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မြေအနေအထားအပေါ်မူတည်၍ စိုက်မြောင်းတစ်ခုနှင့် တစ်ခုကြားတွင် သုံးပေခွဲမှ ငါးပေခွဲအထိ စိုက်မြောင်းဖော်ပြီး စိုက်မြောင်းအတွင်း ၁ ဒသမ ၅၀ ပေ နက်ရန် လိုအပ်ကြောင်း၊ စိုက်မြောင်းအတွင်း သွင်းအားစုများနှင့်အတူ မြေအောင်း ပိုးသတ်ဆေးများထည့်ပေးရကြောင်း၊ ကြံမျိုးပိုင်းများချရာတွင် အပင်ပေါက်ညီညာစေရန်နှင့်အပင်ပေါက်စုံစေရန် ကြံမျက်စိဖူးများ ဘေးတစ်ဖက်တစ်ချက်ထား၍ စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ကြံမျိုးပိုင်းချပြီး ၄-၆ လက်မဖုံးပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး တစ်လခန့်အကြာတွင် အပင်ပေါက်တိုင်းတာ၍ ပင်သေ၊ ပင်ပျောက်နေရာတွင် ပြန်စိုက်ရန်လိုကြောင်း၊ ပေါင်းပေါက်ရောက်မှုကြောင့် အထွက်နှုန်းဆုံးရှုံးနိုင်သဖြင့် ပေါင်းမြက်နှိမ်နင်းခြင်းပြုလုပ်ရန်လိုကြောင်း ကျရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊ မခုတ်မီ နှစ်လအလိုတွင် ကြံခင်းထဲ၌ ရေများမကျန်စေရန် ထုတ်ပေးရမည်ဖြစ်သည်။

ခုတ်သိမ်းရာတွင် မျိုးအဖြစ် ခုတ်သိမ်းမည်ဆိုပါက ရှစ်လ (သို့) ကိုးလသားအရွယ်တွင် လည်းကောင်း၊ လမိုင်းထားမည်ဆိုပါက ၁၂ လသားထက်နောက်မကျဘဲ ခုတ်သိမ်းရန်လိုအပ်ကာ မြေပြင်စရိတ်သက်သာခြင်း၊ မျိုးစရိတ်သက်သာခြင်း၊ ကြံလမိုင်းကို သေချာပြုပြင်ပါက စိုက်ခင်းသစ်ကဲ့သို့ အထွက်



တပ်ကုန်းမြို့နယ်ရှိ ကြံစိုက်ခင်းမှ ကြံများခုတ်ယူနေစဉ်

ဎင်းက ဆက်လက်ရှင်းပြသည်။

ထို့အပြင် ရေသွင်းစိုက်ပျိုးမည်ဆိုပါက ကြံအထွက်နှုန်း ပိုမိုထွက်ရှိနိုင်သဖြင့် ရေလိုအပ်ချိန်တွင် ရေသွင်း စိုက်ပျိုးသင့်သော သီးနှံဖြစ်သည်။ ကြံစိုက်ခင်းအတွင်း လေဝင်လေထွက်ကောင်းစေရန်နှင့် ပိုးမွှားခိုအောင်းမှု မရှိစေရန် ကြံပင်ပေါ်တွင် အစိမ်းရေအရွက် ၁၀-၁၂ ရွက်ချန်၍ ကြံရွက်ချပေးခြင်း၊ ရောဂါနှုန်းရနိုင်သဖြင့် လမိုင်းထားလျှင် ပိုမိုအကျိုးဖြစ်ထွန်းနိုင်ကြောင်း သိရသည်။ ကြံတစ်ဧက စိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျမည်ဖြစ်ပြီး တန် ၃၀ ထွက်ရှိပါက တစ်တန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၃၅၀၀၀၀ ရရှိမည်ဖြစ်သည်။ ဈေးကွက်ပုံမှန်ရှိပြီး အကျိုးအမြတ်များရရှိသောကြောင့် ကြံသီးနှံစိုက်ပျိုးမှုကို ပြန်လည်စိတ်ဝင်စားလာကြကြောင်း သိရသည်။ ။

# ဆီထွက်သီးနှံဖွံ့ဖြိုးရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆယ်စုနှစ် စီမံကိန်းတစ်ခုကို နိုင်ငံတော်ထံ တင်ပြမည်

**ကေဇူး(AMIA)၊ ဓာတ်ပုံ- သိခ်**

ဆီထွက်သီးနှံဖွံ့ဖြိုးရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆယ်စုနှစ်စီမံကိန်းတစ်ခုကို နိုင်ငံတော် သမ္မတရုံးနှင့် အတိုင်ပင်ခံရုံးကို တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဆီစက်လုပ်ငန်းရှင်များ သီးခြားရေးဆွဲထားသည့် အဆိုပါစီမံကိန်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်သုံးခုမှ စိုက်ပျိုးမြေများကို ဖော်ထုတ်ကာ အထွက်နှုန်းကောင်းသည့်မျိုးများ စိုက်ပျိုးနိုင်ရေးအပါအဝင် လာမည့်နှစ် ၂၀ အတွင်း ပြည်တွင်းဆီစားသုံးသူအားလုံး ပြည်တွင်း မြေပဲဆီသန့်စားနိုင်ရေးကို ရည်ရွယ်ရေးဆွဲထားကြောင်း မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

“ဒီပရော့ဂျက် အစီအစဉ်ထဲမှာ လယ်ယာကဏ္ဍပေါ့၊ GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ရိတ်သိမ်းချိန်လွန် နည်းပညာအရ ခေတ်မီစက်တွေ ထူထောင်သွားဖို့၊ ရရှိလာတဲ့ ဆီထွက်သီးနှံတွေကတစ်ဆင့် အရည်အသွေးမြင့်တဲ့ စားသုံးဆီတွေ ထုတ်လုပ်ရောင်းချနိုင်ဖို့ ၊ ပြီးတော့ နိုင်ငံခြားပို့ကုန်အထိ ထုတ်လုပ်နိုင်ဖို့ဆိုတာ နှမ်းတို့၊ မြေပဲတို့ကို တန်ဖိုးမြှင့်ပြီး ဆောင်ရွက်ပေးသွားမယ်။ ပြီးတော့ ပြည်တွင်းမှာ ရှိနေတဲ့ စားသုံးဆီတွေကို သံသယဝင်နေတဲ့ အနေအထားကို ယုံကြည်လာအောင် အသင်းပိုင် ဘူးစက်ရုံတည်ထောင်ပြီး ဒီဘူးနဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုရှိတဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်အောင် ပရော့ဂျက်တွေ ရေးဆွဲပြီး တင်ပြသွားမယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ နိုင်ငံခြားကနေပြီး ဝယ်စားနေရတဲ့ စားအုန်းဆီတွေအစား uture plan မှာ နောက်အနှစ် ၂၀ အတွင်း ပြည်တွင်းကဆီကို ပြည်တွင်းမှာ ပြန်စားသုံးနိုင်မယ့် ရည်ရွယ်ချက်နဲ့သွားဖို့ရှိတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။



မြေပဲစိုက်တောင်သူများအနေဖြင့် မြေပဲအစား ပြည်ပတင်ပို့နိုင်မည့် ပဲအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးလာကြသည့်အတွက် ကုန်ကြမ်းရှားပါးလာခြင်းအပါအဝင် နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေသည့် စားအုန်းဆီများနှင့် ဈေးနှုန်းယှဉ်မရောင်းနိုင်တာတွေကြောင့် မြေပဲဆီစက်လုပ်ငန်းရှင်များ ဆက်လက်ရပ်တည်ရန် ခက်ခဲလာကြောင်း ဆီစက်ပိုင်ရှင်များက ပြောသည်။

“ဈေးကွက် ထဲမှာ မြေပဲဆီအပြင် စားအုန်းဆီ အမျိုးအမည် များစွာကလည်း ဈေးပေါပေါနဲ့ ရောင်းချလာတဲ့အတွက် မြေပဲဆီ လုပ်ငန်းရှင်တွေက ယှဉ်ပြိုင်ဖို့ ခက်ခဲနေတာဖြစ်ပါတယ်”ဟု ဦးတင်အောင်ကျော်က ပြောသည်။

လက်ရှိ ဈေးကွက်မှာ မြေပဲဆီ တစ်ပိဿာကို အနည်းဆုံးငွေကျပ် ၆၀၀၀ ဝန်းကျင်ရှိပြီး စားအုန်းဆီ တစ်ပိဿာကို ငွေကျပ် နှစ်ထောင်ဝန်းကျင်ရှိကြောင်း၊ နှစ်စဉ်စားသုံးမှုအတွက် ဆီတန်ချိန် ၁၀ သန်းလိုအပ်ပြီး ပြည်တွင်းမှာ တန်ချိန်လေးသိန်းသာ ထုတ်လုပ်နိုင်သည့်အတွက် ပြည်ပမှ စားအုန်းဆီ တန်ချိန်ခြောက်သိန်း နှစ်စဉ်တင်သွင်းရကြောင်း သိရသည်။

# တရုတ်နိုင်ငံ ဝမ်တိန်ဈေးကွက်တွင်းသို့ ဖရဲသီးကားများ အဝင်များလာသည့်အတွက် ဖရဲသီးတစ်တန်လျှင် ယွမ် ၅၀၀ ခန့် ဈေးကျဆင်း

**ဇင်မို့မို့အေး (AMIA)**

တရုတ်နိုင်ငံ ဝမ်တိန်ဈေးကွက်တွင် သွားရောက်ရောင်းချနေရသည့် ဖရဲသီးကားများ ယခုရက်ပိုင်းတွင် အဝင်များလာသည့်အတွက် ဖရဲသီးတစ်တန်လျှင် ယွမ် ၅၀၀ ခန့် ဈေးကျသွားကြောင်း မူဆယ်ကုန်စည်ဒိုင် ကုန်သည်များထံမှ သိရသည်။

တိုက်ပွဲများစတင်ဖြစ်ပေါ်ခဲ့သည့် နိုဝင်ဘာ ၂၀ ရက် နောက်ပိုင်းမှ စတင်ကာပိတ်သိမ်းထားသည့် မူဆယ်ကုန်စည်ဒိုင်ကို လက်ရှိတွင် ပြန်လည်ဖွင့်လှစ်ထား သော်လည်း ဖရဲ၊ သခွားများကို တရုတ်နိုင်ငံ ဝမ်တိန်ဘက်တွင်သာ သွားရောက်ရောင်းချနေကြကြောင်း သိရသည်။

“တိုက်ပွဲတွေ ဖြစ်နေတဲ့အချိန်တုန်းက ကားအဝင်နည်းတော့ ဖရဲ ၈၅ တစ်တန်ကို ယွမ် ၃၀၀၀၊ ၄၀၀၀ အထိ ရတယ်။ အခု Export ၊ Import ကုန်သွယ်ရေးတွေကို ပြန်ဖွင့်ပေးလိုက်တော့ ကုန်ကားတွေလည်း အများအပြားဝင်လာတော့ တရုတ်တွေက ဈေးပြန်ဆစ်နေတယ်”ဟု မူဆယ်-ခွာညို သစ်သီးဝလံကုန်စည်ဒိုင်မှ ဦးစိုင်းခင်မောင်မြင့်က ပြောသည်။

တိုက်ပွဲများ ဖြစ်ပွားနေချိန်က ဖရဲ၊ သခွားဈေးကွက်တွင် ဖရဲသီးတစ်တန် ယွမ် ၃၀၀၀ ၊ ၄၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း လက်ရှိတွင် ဖရဲသီး တစ်တန် ယွမ် ၂၅၀၀ ၊ အမြင့်ဆုံး ယွမ် ၃၅၀၀ သို့ ကျဆင်းသွားကြောင်း ၎င်းက ဆက်လက်ပြောသည်။

“အခုချိန်ထိ ဖရဲ၊ သခွားကားတွေက ကျယ်ဂေါင်ထိ တိုက်ရိုက်တက်ရောင်းနေကြတာ။ တိုက်ပွဲတွေကြောင့် ကားတန်ဆာခတွေက ဈေးတွေတက်နေတာ၊ အခုလို ဈေးကျပုံနဲ့ဆိုရင်တော့ ကုန်သည်တွေ အရှုံးပေါ်နိုင်တယ်” ဟု ၎င်းက ပြောသည်။

လက်ရှိ သခွားမွှေး တစ်တန် ယွမ် ၃၀၀၀ မှ ယွမ် ၆၀၀၀ ခန့် ပေါက်ဈေးရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာငွေ ၁၈၈ ကျပ်ဝန်းကျင်ရှိကြောင်း သိရသည်။

# အညာလက်ဆောင်ပစ္စည်းများကို ဆွဲဆောင်မှုရှိသော အဆောက်အအုံ၊ နေရာထိုင်ခင်းများဖြင့် ရောင်းချလာ

**ညောင်ဦး ဒီဇင်ဘာ ၁၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ နှစ်စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ အဆိုပါ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို မှီခိုအားထားပြု၍ အညာဒေသထွက် မြေပဲဆီ၊ ထန်းလျက်နှင့် ထန်းရည်အမျိုးမျိုး ရောင်းချနေသည့် ညောင်ဦး- ကျောက်ပန်းတောင်းလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ များရှိ အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းချနေသည့် ဈေးဆိုင်တချို့မှ လုပ်ငန်းရှင်များသည် မိမိတို့ရောင်းချသည့်ဈေးဆိုင်များသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက် ဝယ်ယူအားပေးကြရန်အတွက် ဈေးဆိုင်အဆောက်အအုံများကို ဆွဲဆောင်မှုရှိသည့် အဆောက်အအုံပုံစံများ ဆောက်လုပ်၍ ရောင်းချမှု ပိုများလာကြောင်း သိရသည်။

ညောင်ဦး-ကျောက်ပန်းတောင်းလမ်းဘေးရှိ အညာဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းအမျိုးမျိုး ရောင်းချသည့် ဈေးဆိုင်ရှင်တစ်ဦးက "ကျွန်မတို့ ပုဂံညောင်ဦးမြို့ကို ဝင်ထွက်သွားလာနေတဲ့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေကို မှီခိုပြီး ဈေးရောင်းနေရတဲ့ ကျွန်မတို့လို လုပ်ငန်းရှင်တွေအနေနဲ့ တစ်ဆိုင်နဲ့တစ်ဆိုင် ဈေးပိုရောင်းရအောင် ဈေးဆိုင်အဆောက်အအုံ၊ နေရာထိုင်ခင်းတွေကို ဆွဲဆောင်မှုရှိတဲ့ တီထွင်ပြင်ဆင်မှုတွေ ယခင်ထက် ပိုမိုလုပ်ကိုင်လာကြပါတယ်။ ကျွန်မတို့ ပုဂံညောင်ဦးမြို့ရဲ့ အညာဒေသထွက်လက်ဆောင်ပစ္စည်းတွေကတော့ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်ခဲအမျိုးမျိုးနဲ့ ပျားရည်တွေကို ဝယ်ယူရောင်းချကြပါတယ်။ ဒါ့အပြင် နွားလှည့်ဆုံနဲ့ကြိတ်တဲ့ မြေပဲဆုံဆီကိုလည်း ကြိတ်ခွဲရောင်းချပါတယ်။ အခုအချိန်က ခရီးသွားရာသီဖြစ်တဲ့အတွက် အမှတ်တရ လက်ဆောင်ပစ္စည်းတွေ ခါတိုင်းနေ့တွေထက်စာရင် ပိုရောင်းရပါတယ်"ဟု ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကျေးရွာပိုင်မြေနုကျွန်းအဖြစ် သတ်မှတ်ပြီး တင်ပြတောင်းဆိုမှုကို ကွင်းဆင်းစစ်ဆေး

**ကနီ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ရေသာရွာသစ်ကျေးရွာရှိ မြေနုကျွန်း ၁၀ ဧကခန့်ကို ကျေးရွာနေပြည်သူများ အညီအမျှလုပ်ကိုင်နိုင်မည့် ကျေးရွာပိုင် မြေနုကျွန်းအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန် ဒေသခံများ၏ တင်ပြတောင်းဆိုမှုနှင့်ပတ်သက်၍ ယင်းမာပင်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က ဒီဇင်ဘာ ၈ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးမျိုးမင်းခိုင်က မြေနုကျွန်းဥပဒေအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာနေပြည်သူတစ်ဦးက အဆိုပါမြေနုကျွန်း ၁၀ ဧကခန့်ကို ယခင်က ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းသား ၅၅ ဦးအား ခွဲဝေလုပ်ကိုင်စေခဲ့ရာမှ ယခုအခါ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သိမ်းယူထားသော မြေ ၃၃ ဒသမ ၅ ဧကကို ကျေးရွာသို့ ပြန်လည်ပေးအပ်ပြီး အဆိုပါ ၃၃ ဒသမ ၅ ဧကနှင့် မြေနုကျွန်း ၁၀ ဧကကို ကျေးရွာနေပြည်သူများ အညီအမျှ ခွဲဝေလုပ်ကိုင်လိုကြောင်း တင်ပြဆွေးနွေးသည်။ ထို့နောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးက ကျေးရွာပိုင်မြေနုကျွန်းအဖြစ် သတ်မှတ်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကျေးရွာမှပြည်သူများ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## ကျေးရွာချင်းဆက်ကြိုးတံတား ဖွင့်ပွဲကျင်းပ

**ရသေ့တောင် ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ဈေးကုန်တန်းကျေးရွာနှင့် ရန်အောင်ပြင်ကျေးရွာကြား ဆက်သွယ်ထားသည့် အရှည်ပေ ၃၂၀ ရှိ ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေက တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဦးသန်းနိုင်က ကြိုးတံတားရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။ ထို့နောက် ရန်အောင်ပြင်ကျေးရွာတံတားတည်ဆောက်ရေးအဖွဲ့ဝင် ဦးနေထွန်းက တံတားတည်ဆောက်ထားမှုကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ ဆောက်လုပ်ပြီး ကြိုးတံတားအတွက် ပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ် သိန်း ၁၅၀၊ ပြည်နယ်လွှတ်တော်အဖွဲ့က အလှူငွေကျပ် သိန်း ၅၀နှင့် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဦးသန်းနိုင်က အလှူငွေ ကျပ်သိန်း ၁၅၀ ကို ပေးအပ်ခဲ့သည်။

**အောင်ကျော်(ပြန်/ဆက်)**

## ဖြူးမြို့နယ်အတွင်းမှ လိုင်စင်မဲ့ဆိုင်ကယ်များအတွက် လိုင်စင်များကွင်းဆင်းပြုလုပ်ပေး



**ဖြူး ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအတွက် လိုင်စင်များကို ဖြူးမြို့နယ် သာသနာ့ဗိမာန်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးရေးအဖွဲ့က ဒီဇင်ဘာ ၉ ရက်မှစ၍ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ဆိုင်ကယ်လိုင်စင်များ မှတ်ပုံတင်ပြုလုပ်ပေးရာတွင် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ထွန်းနှင့် အဖွဲ့ဝင် ၂၀ တို့က လာရောက်ပြုလုပ်ပေးခြင်းဖြစ်ပြီး ဖြူးမြို့နယ်အတွင်းရှိ ကျေးလက်နှင့် မြို့ပေါ်ရပ်ကွက်များမှ လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ရရှိရေး နေ့ချင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၉ ရက်၊ ၁၂ ရက် နှင့် ၁၃ ရက် စုစုပေါင်း သုံးရက်ကြာ ဆိုင်ကယ်လိုင်စင်များ မှတ်ပုံတင်ပြုလုပ်ပေးမည်ဖြစ်ကာ နောက်ရက်များတွင်လည်း ဖြူးမြို့နယ် ဝဲကြီးကျေးရွာ၊ ဇေယျဝတီဒေသနှင့် ကညွတ်ကွင်းဒေသတို့တွင် ဆိုင်ကယ်လိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများနှင့် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော

**ကလေး ဒီဇင်ဘာ ၁၁**

စားသုံးသူအကာအကွယ်ပေးရေးနှင့် ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲကို ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဒီဇင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက အရက်သေစာသောက်စားခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲရောဂါများအကြောင်း၊ အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ရွေးချယ်စားသောက်ရန်၊ ရက်စွဲလွန်စားသောက်ကုန်များ၊ FDA မှ ခွင့်ပြုချက်မပါသော ထုတ်ကုန်များ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်မပါသော စားသောက်ကုန်များ၊ စားသုံးရန်ခွင့်မပြုသည့် ဓာတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များ၊ မြန်မာဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြထားရှိခြင်းမရှိသော စားသောက်ကုန်များကို အထူးသတိပြု၍ ဖတ်ရှုပြီးမှသာ သုံးစွဲသင့်မသင့် ဆုံးဖြတ်ရန်စသည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောသည်။

ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက FDA မှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားဆဲဖြစ်သော တားမြစ်စားသောက်ကုန်များနှင့် ခွင့်မပြု ဓာတုဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ အစားအသောက်များ ဝယ်ယူစားသောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းထိုက်အောင်က ကျောင်းသား ကျောင်းသူတိုင်း ငယ်ရွယ်စဉ်မှစ၍ စဉ်ဆက်မပြတ် ဗဟုသုတ၊ ဉာဏ်ပညာပိုမိုတိုးပွားရန်အတွက် စာပေများကို လေ့လာဖတ်ရှုရန်လိုအပ်ကြောင်းကို ဟောပြောသည်။ ဟောပြောပွဲသို့ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းအတွင်း ရောင်းချနေသော ဈေးသည်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့သည်။

**ချင်းတွင်းသား**

## ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကို ကျောင်းသား ကျောင်းသူများအား ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဘွေမောင်ထန်က မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဟောပြောအပြီးတွင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးငြှိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းကျေးရွာများသို့ အပတ်စဉ်ကွင်းဆင်း၍ ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် သုတ/ရသ စာအုပ်စာစောင်များကို ပြည်သူများလက်ဝယ်အရောက် အခမဲ့ ငှားရမ်းပေးလျက်ရှိရာ သာစည်ကျေးရွာသို့ ဒီဇင်ဘာ ၉ ရက်ကသွားရောက်၍ ကျေးလက်နေပြည်သူများအား စာအုပ်စာစောင်များ ငှားရမ်းပေးစဉ်

(မြို့နယ် ပြန်/ဆက်)

## ကျိုက်ခေါက်စေတီတော်အနီး၌ စကိတ်ကွင်းဖွင့်လှစ်

**သန်လျင် ဒီဇင်ဘာ ၁၁**

သန်လျင်မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် မြောက်ဘက်မုခ်၌ ခေတ်မီစကိတ်ကွင်း(KKP Skate Land)ကို ဒီဇင်ဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများနှင့် ဘုရားဖူးများ စိတ်လက်အပန်းပြေစေရေး၊ ခေတ်မီအားကစားနည်းစနစ်များကို စိတ်ပါဝင်စားသောလူငယ်များ စဉ်ဆက်မပြတ် လေ့ကျင့်နိုင်ရေး ရည်ရွယ်၍ စကိတ်ကွင်းကို စေတီတော်မြတ်ဂေါပကအဖွဲ့က ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးတို့က အမှာစကားပြောကြားကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးကျော်မိုးကြည်(ငြိမ်း)က စကိတ်အားကစားကွင်း ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စကိတ်ကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြသထားသော စကိတ်အားကစားပစ္စည်းများကို လေ့လာကြည့်ရှုကာ မြန်မာနိုင်ငံ စကိတ်စီးအားကစားဝါသနာရှင်များအသင်းက သရုပ်ပြစကိတ်စီးကစားမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**

ဆရာကောင်း နှင့် ဒေါ်ခင်လှိုင်ဦး

(B.Agr.Sc) B.A(History)

ဦးစီးတည်ထောင်သော

ကိုယ်ပိုင်အထက်တန်းကျောင်း-မှတ်ပုံတင်အမှတ်-ကကဘ၁၀/၂၉/၀၅၄

တစ်နိုင်ငံလုံး TOP-10 ဝင်

# ပညာပန်းတိုင်

# ကိုယ်ပိုင် အထက်တန်းကျောင်း




၂၀၁၇-၂၀၁၈.ခုနှစ် ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊အထက်တန်း ကျောင်းသား၊ကျောင်းသူများကို စတင် လက်ခံ ပေးနေပါသည်

ပညာပန်းတိုင်(၁) -ဘားနဒ်လမ်းသွယ် ၊အမှတ်(၂)လမ်းမကြီး ၊ဦးမင်းဒင်ရပ်ကွက်၊နေပြည်တော်၊ပျဉ်းမနားမြို့၊ဖုန်း-၀၆၇၂၁၄၃၁ ၊ ၀၉ ၈၃၀၀၅၂၄ ၊၀၉၄၂၀၇၁၁၃၄၆၊ ၀၉၄၂၀၇၃၃၅၅၅

ပညာပန်းတိုင်(၂) - ပဒုမ္မာလမ်း၊ ဘောဂဝတီရပ်ကွက်၊ (အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာရှေ့)၊နေပြည်တော်၊ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇၂၁၄၃၁ ၊ ၀၉ ၈၃၀၀၅၂၄ ၊ ၀၉၄၂၀၇၁၁၃၄၆၊ ၀၉၄၂၀၇၃၃၅၅၅







**ဖခင် အမည်မှန်**

လှိုင်သာယာမြို့နယ်၊ ထ(ခွဲ)အလက(၇)၊ သတ္တမတန်း(A)မှ မဝင်းအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးကျော်ထွန်း ၉/မထလ(နိုင်)၁၇၁ ၈၄၆ ဖြစ်ပါကြောင်း။

## မခင်နန္ဒာဆွေနှင့် အများသိစေရန်ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ ဈေးရပ်ကွက်၊ ဘူတာရုံးသစ်အနီး၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃၄၇နေ ဦးသိန်းဇော်မိုး ၈/နမန(နိုင်)၀၉၀၃၃၂နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ဝိုင်းကြည် ၈/မသန(နိုင်)၀၆၁၁၆၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းအသိ ပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်တို့ဖြစ်သူ ဦးသိန်းဇော်မိုးနှင့် ဒေါ်ခင်ဝိုင်းကြည်တို့၏သမီး ဖြစ်သူ မခင်နန္ဒာဆွေသည် မိဘများအား အကြိမ်ကြိမ် စိတ်သောကကြီးစွာရောက်အောင် ပြုလုပ်သည့်အပြင် တားမြစ်ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ ၄င်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်သွားပါသဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ် အသိအမှတ် လုံးဝမပြုတော့ပါကြောင်းနှင့် မခင်နန္ဒာဆွေနှင့်ပတ်သက်၍ အမွေဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိကြေညာအပ်ပါသည်။

ယနေ့မှစ၍ မခင်နန္ဒာဆွေနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမှ တာဝန်ယူ လက်ခံဆောင်ရွက်မည် မဟုတ်ပါကြောင်းနှင့် မေးမြန်းစုံစမ်းခြင်းမပြုပါရန် ထပ်မံ ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစိုးမိုးအောင် LL.B | ဒေါ်နီနီမြင့်ဦး LL.B |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၃၀၄၃၁ | စဉ်-၄၂၆၁၀ |

## ဦးလှမိုးနှင့် အများသိစေရန်ကြေညာချက်

ဦးလှမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးချစ်ငြိမ်း (အထက်တန်းရှေ့နေ)၏ ၄-၁၂-၂၀၁၆ရက်စွဲပါ ကြေးမုံသတင်းစာပါ ကြေညာချက်နှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊နတ်မောက်မြို့နယ်၊လင်းကတိုးကျေးရွာအုပ်စု၊ လင်းကတိုး ကျေးရွာနေ မခင်ဆန်းမင်း ၈/နမန(နိုင်) ၂၀၀၀၀၆၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလှမိုးနှင့် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာ အပ်ပါသည်။

မခင်ဆန်းမြင့်အနေဖြင့် ဦးလှမိုး၏ ခွင့်ပြုစီစဉ်မှုဖြင့် နိုင်ငံခြားသို့ သွားရောက်ရာ သက်တမ်းကုန်နေသော ဗီဇာကြောင့်ချက်ချင်းပြန်လာရခြင်း၊ ဦးလှမိုးမှ လုံလောက်စွာကျွေးမွေးခြင်းမရှိသဖြင့် မိဘအိမ်သို့ပြန်လည်နေထိုင်ရ ခြင်း၊ လက်ဝတ်ရတနာအဖြစ် ရွှေဆွဲကြိုးတစ်ကုံးသာရှိခြင်းနှင့် လုံးဝပတ်သက်မှု မရှိတော့ကြောင်းဟူသော ကြေညာချက်ပါစကားရပ်နှင့်ပတ်သက်၍ မခင်ဆန်း မင်း အနေဖြင့် မည်သည့်အိမ်ထောင်ရေးပြစ်မှုကိုမှ ကျူးလွန်ခြင်းမရှိကြောင်းနှင့် နှစ်ဦးသဘော တူတရားဝင်ကွာရှင်းထားခြင်းမရှိ၍ တရားဝင်အိမ်ထောင်ရေး အတည်ဖြစ်လျက်ရှိနေသည်ဟုသိရသည်။ တရားဝင်အိမ်ထောင်ရေးအတည်ဖြစ်မှု အပေါ် တစ်ဦးတစ်ယောက်မှ ပြဋ္ဌာန်းထားသောဥပဒေကို ဖောက်ဖျက်ကျူးလွန် လာပါက ကျူးလွန်သူ၏ တာဝန်သာဖြစ်ကြောင်း ဦးလှမိုးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစိုးမိုးအောင် (LL.B) | ဒေါ်နီနီမြင့်ဦး(LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၃၀၄၃၁) | (စဉ်-၄၂၆၁၀) |

## အများသိစေရန် ကြေညာခြင်း

ရေးမြို့၊ သီရိမာလာရပ်ကွက်၊ ရေးမြို့မအုပ်စု၊ အကွက်အမှတ်/အမည် (၈-က)/သီရိ မာလာရပ်၊ ဦးပိုင်အမှတ် ၃၁၇၊ မြေကွက်အမှတ် ၃၁၉၊ မြေချိန် ဧရိယာ ၀.၁၁၄၇ဧကရှိ မြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ (၁-က)စာရင်းအရ ၁၉၇၀-၁၉၇၁ခုနှစ်တွင် မြို့အိမ်ရာမြေကွက်များ ပြန်လည်နေရာချထားစဉ်က ဦးမောင်ရှုတ်အမည်ဖြင့် အိမ်ရာဆောက်လုပ်နေထိုင် ခွင့်လက်မှတ်ရရှိခဲ့ပြီး ဦးမောင်ရှုတ်ထံမှ အဆင့်ဆင့်ဝယ်ယူခဲ့ပြီးမှ မြေငှားဂရန် လျှောက်ထားရာတွင် ဦးမောင်ရှုတ်အမည်ဖြင့် ရရှိထားသော နေထိုင်ခွင့်လက်မှတ် မှာ ပျောက်ဆုံးနေသဖြင့် တင်ပြနိုင်မှုမရှိသဖြင့် ဦးထွန်းမြင့်၏ နှစ်ရှည်မြေငှား ဂရန်ထုတ်ပေးပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံ သော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့် ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်လျှောက်ထားခြင်းကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် ၈၇၇(ခ)၊မြေကွက်တည်နေရာအမှတ် ၈၇၇(ခ)၊ အောင်သုခလမ်း၊ (၁၅) ရပ်ကွက်၊ရွှေပြည်သာ ဦးဇော်မင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်လွင် ၁၂/ရပသ(နိုင်)၀၃၀၇၈၉မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဦးညွန့်တင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်နန်းရွှေမြင့်တို့၏သား
ဒေါက်တာဇော်သူအောင်-ဒေါက်တာဆုမြင့်တင်တို့၏အစ်ကို

**ဗိုလ်မှူးဖြိုးမြင့်တင် M.C.Sc (D.S.A)**

**နှင့်**

ရန်ကုန်မြို့နေ
ဦးကျော်မြင့်[(ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန]-ဒေါ်မြင့်မြင့်စိုး [အထက(ငြိမ်း)]တို့၏သမီး
မောင်ဝင့်ဖြိုး [System Engineer (MIP)] နှင့် မောင်ရဲအောင် [3rd Engineer (PIL)] တို့၏ညီမ

**မရည်မွန်ကျော် B.C.Sc (UCSY)**

တို့၏ ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် Inya Lake Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးခင်မောင်သိန်း[ဝန်ကြီး(ငြိမ်း)၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)]နှင့်ဇနီး ဒေါ်စုစုသိန်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်အောင်သိမ်း(ငြိမ်း) [ဒုဝန်ကြီး (ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန]နှင့်ဇနီး ဒေါ်ထွေးထွေးရီတို့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးလေးမရှင်းသန့်မြင့်သူ၊ မင်္ဂလာပန်းကြဲပေးပါသော မဟေမာမြင့်ခိုင်၊ မင်္ဂလာပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မမျိုးပပထွန်း၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသောမဝင်းပပလွင်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်မှူးမျိုးမြင့်အောင်နှင့် ဗိုလ်မှူးမျိုးမင်းထိုက်၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော မခင်မြတ်မြတ်ကျော်နှင့် မမျက်ချယ်ရီတင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဆန်းဒေးကိုကို၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်ပိုးအိစံနှင့် တေးဂီတ Nightingale Music bandအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာဆင်ယင်ပေးပါသော ဦးကျော်ဒွန်းနှင့်ဇနီး ဒေါ်မိုးမိုးဆန်း (ပွင့်ရတီမိုးစိန်ရွှေရတနာဆိုင်)အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှဆင်မြန်းပေးပါသော ကိုအောင်မြတ်သူ (Aroma) နှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ Video နှင့် Pre Wedding မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးပါသော Aroma Zulu Wedding Studio အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးဖြိုးမြင့်တင်-မရည်မွန်ကျော်**

---

## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

**၁၉၈၄ ခုနှစ် ရူပဗေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏**
**တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ နှင့် မိတ်ဆုံစားပွဲ**

၁၉၈၃-၈၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရူပဗေဒဌာနတွင် ကျွန်တော်၊ ကျွန်မတို့အား ပညာသင်ကြားပေးခဲ့ကြသော အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးတို့ကို ပူဇော်ကန်တော့ကြပြီး မိတ်ဆုံစားပွဲ ကျင်းပမှာဖြစ်တဲ့အတွက် ငယ်သူငယ်ချင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် ဖိတ်ကြားလိုက်ပါတယ်၊

နေ့ရက် - ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်၊ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၉း၀၀) နာရီမှ နေ့လည် (၁၂း၃၀) နာရီအထိ
နေရာ - ရွှေဘဲစားသောက်ဆိုင်၊ ဦးဥတ္တမပန်းခြံ(ကန်တော်မင်္ဂလာ)အတွင်း (ရွှေတိဂုံဘုရားတောင်ဘက်)၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

G Mail: yuphysics84@gmail.com ; FaceBook: Yu Physics Eightyfour

အလှူငွေနှင့် Yu Physics 84 Health Care မိသားစုစောင့်ရှောက်မှုအဖွဲ့ နှစ်စဉ်ကြေးများကိုအောက်ပါသူငယ်ချင်းများထံဆက်သွယ်လှူဒါန်းနိုင်ပါသည်၊

| | | | |
|---|---|---|---|
| ဦးအောင်ကျော်လွင် | 09-5063156 | ဒေါ်တင်တင် | 09-5233034 |
| ဒေါ်ရီရီငြိမ်း | 09-5014925 | ဒေါ်ခင်မိမိဝင်း | 09-799514241 |
| ဒေါ်ခင်နှင်းကြူ | 09-421029883 | ဒေါ်သင်းသင်းရီ | 09-795296570 |

ကမ္ဘောဇဘဏ်ငွေစာရင်းအမည် - ဒေါ်ခင်နှင်းကြူ+ဒေါ်သင်းသင်းရီ
ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ် - 222-502-00500455601(BMT Branch)

---

## (၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ဓာတ်ခွဲစစ်ဆေးသူ ပထမတန်း (ဓာတ်ခွဲကျွမ်းကျင်-၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀ နာရီမှ ၁၁း၃၀ နာရီအထိ Dolphin ခန်းမ၊ ကန်တော်ကြီး မြေပဒေသာကျွန်း၊ ရေခဲဆိုင်မှတ်တိုင်အနီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယခင်နှစ်အတိုင်း အလှူငွေကို သတ်မှတ်သော်လည်း မိမိဆန္ဒအလျောက် အလှူငွေထည့်ဝင်နိုင်ပါကြောင်းနှင့် အလှူငွေထည့်ဝင်သည်ဖြစ်စေ၊ မထည့်ဝင်သည်ဖြစ်စေ အခမ်းအနားသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

**ရန်ကုန်**

၁။ ဦးကြည်လှ ( NHL -ငြိမ်း) ဖုန်း-၀၉-၅၀၄၇၈၂၁
၂။ ဦးဝင်းထိန်ဦး (မြောက်ဥက္ကလာပဆေးရုံ) ဖုန်း-၀၉-၇၃၀၁၈၈၄၀
၃။ ဦးမြင့်မောင် (အမျိုးသားသွေးဌာန) ဖုန်း-၀၉-၂၅၄၀၅၀၉၆၃
၄။ ဦးစိုးလွင်ဦး (ရန်ကုန်ဆေးရုံကြီး) ဖုန်း-၀၉-၂၅၀၀၈၂၉၈၃

**မန္တလေး**

၁။ ဦးစိုးမြင့် (ခုခံကျ/ကာလသားဌာန-ငြိမ်း) ဖုန်း-၀၉-၂၅၉၁၄၁၂၂၃
၂။ ဦးထွန်းလှ (နေပြည်တော်) ဖုန်း-၀၉-၄၉၂၄၅၇၄၆
၃။ ဦးသန်းနိုင်ချစ် (PHL ) ဖုန်း-၀၉-၂၀၆၀၂၂၉

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

---

## မော်လမြိုင်မြို့ အထက(သုခဝတီ) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

မော်လမြိုင်မြို့ (သုခဝတီ) အခြေခံပညာအထက်တန်းကျောင်းတော်ကြီး၏ (၁၉၇၇-၂၀၁၆) ပညာသင်နှစ်အတွင်း ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ -** ၁-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**အချိန် -** နံနက် ၉း၀၀ နာရီ (ပူဇော်ကန်တော့ပွဲ)
ညနေ ၆း၀၀ နာရီ (မိတ်ဆုံညစာစားပွဲ)
**နေရာ -** သပြေဆောင်ခန်းမ၊ အထက(သုခဝတီ) မော်လမြိုင်မြို့

အလှူငွေထည့်ဝင်လိုသူများသည် ဦးနိုင်ဦး ဖုန်း-၀၉-၇၈၄၁၅၉၉၁၃၊ ဦးဝင်းကျော် ဖုန်း-၇၉၂၄၀၁၄၉၁၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၇၇၇၂၆၈၉၉၅၊ ဒေါ်အေးမွန် ဖုန်း-၀၉-၇၉၂၄၀၁၆၀၄၊ ဒေါ်ခင်ငုဝါ ဖုန်း-၀၉-၄၂၅၂၆၈၈၉၃ နှင့် KBZ Bank Account No.0221220034987 မော်လမြိုင်ဘဏ်ခွဲ (၁)ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၏ Facebook လိပ်စာမှာ http;//www.facebook.com/ သုခဝတီ မြတ်ဆရာပူဇော်ပွဲ ဖြစ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

## နှစ်(၄၀)မြောက် ပတ္တမြားရတုမင်္ဂလာ ဆုမွန်လွှာ

ချစ်လှစွာသော ကျေးဇူးရှင်ဖေဖေ ဦးအောင်ငြိမ်းနှင့် ချစ်လှစွာသော ကျေးဇူးရှင်မေမေ ဒေါ်စန်းစန်းလွင်တို့၏ ၁၂-၁၂-၂၀၁၆ ရက်တွင် ရောက်ရှိသည့် နှစ်(၄၀)မြောက် ပတ္တမြားရတု ရက်မြတ်မှသည် စိန်ရတု၊ နဝရက်ရတုတိုင်အောင် မိသားစုနှင့်အတူတကွ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး၊ ဝိပဿနာတရားများပွားများအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သားကြီး - ကိုဖြိုးဇော်ငြိမ်း-မမွေးမွေး**
**သားငယ် - ကိုရဲသွေးနောင်-မနန်းဇင်မာဝင်း**
**သားလေး - ကိုဝေမျိုးကျော်**

---

## ရွှေဂွန်း အထက ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

ရွှေဂွန်း အထက ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် အထက (ရွှေဂွန်း) ရွှေပညာ့ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရွှေဂွန်း အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ကျော် ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

ဒေါက်တာဦးတင်ဝင်းကျော် ဖုန်း-၀၉-၇၈၆၂၈၆၈၁၈
ဦးအောင်စိုး ဖုန်း-၀၉-၇၈၃၄၂၅၉၈၀
ဦးဖိုးလုံး(ခ)ဦးသန်းစိုး ဖုန်း-၀၉-၈၇၃၀၁၂၅
ဦးအောင်မိုးရွှေ ဖုန်း-၀၉-၄၅၀၅၁၁၅၁၂
မစုစုတာ ဖုန်း-၀၉-၇၉၀၂၃၉၃၉၉
မောင်ကြီး ဖုန်း-၀၁-၅၆၉၅၄၃
ဒေါ်မြင့်ရီ ဖုန်း-၀၉-၇၇၀၆၂၇၆၉၈

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ (ရွှေဂွန်း)**

---

## မင်္ဂလာဆုမွန်ကောင်းတောင်းလွှာ

ဗိုလ်မှူးချုပ်နေမျိုးအောင်-ဒေါ်ခင်ဆွေအောင်တို့၏ ၁၂-၁၂-၂၀၁၆ ရက်တွင်ကျရောက်သော (၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်မှုအပေါင်းနှင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို စိတ်၏ချမ်းသာခြင်း/ကိုယ်၏ကျန်းမာခြင်းများနှင့် ပြီးပြည့်စုံသောအနာဂတ်ကို စိတ်တူကိုယ်တူ ဆက်လက်၍ လျှောက်လှမ်းနိုင်ပြီး နိုင်ငံအကျိုး၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားကြီးကိုပြည့်၊ ချစ်သားတပည့်များနှင့်**
**ချစ်သောမောင်၊ ညီမများ**

---

## ဖခင်အမည်မှန်

နောက်ဆုံးနှစ် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)မှ မောင်တေဇာလင်း ၃/ဘအန(နိုင်)၂၇၃၁၀၇ ၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ဖြစ်ပါသည်။

---

## မွေးသက္ကရာဇ်မှန်

မင်္ဂလာဒုံမြို့နယ်၊ အလက (၁၁) အင္ဂမတန်းမှ ဦးခင်မောင်စိုး ၁၀/ကထန(နိုင်)၀၆၄၁၂၃ ၏သား မောင်ပြည့်ဟိန်း၏ မွေးသက္ကရာဇ်မှန်မှာ ၁၃-၃-၂၀၀၃ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် FF/1713 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5563 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---




---

## လက်ထပ်မင်္ဂလာပြီးစီးခြင်း

Dr.Saleem H Chanea - ဒေါ်ခင်သန်းသန်း (Mary)၊ ဦးကျော်သိန်း (Mohammad Ibrahim)-ဒေါ်မမကြီးတို့၏မြေး၊ အမေရိကန်နိုင်ငံ Los Angeles မြို့နေ Clarence M.Chanea (အောင်ကျော်မိုး)-Mi Mi Chanea (မိမိခင်)၏သား၊ Kay Chanea (ကေခိုင်သွယ်)၏မောင်ငယ်

**မောင်ငြိမ်းချမ်းကိုကို (Saleem.H.Chanea)**
**Associate Degree in Electrical Engineering**
**ITT Technical Institute, San Dimas, California**

**နှင့်**

ဟာဂျီရာကွတ်မနီး-ဒေါ်ခင်သက်၊ ဟာဂျီဦးသန်းမြင့်-ဟာဂျီမဒေါ်ခတီဇာဂျီဝါးတို့၏မြေး၊ ဂျပန်နိုင်ငံ Tokyo မြို့နေ ဦးစိန်မောင် (Noman Manee) - ဒေါ်သီတာဦးတို့၏ တစ်ဦးတည်းသောသမီး

**မသက်မြတ်နိုးဦး (Umme Aymaan)**
**Pre-requisites of Phamacy, Chaffey College, Cucamonga, California**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ နိကာမင်္ဂလာပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများ**
**မောင်ငြိမ်းချမ်းကိုကို-မသက်မြတ်နိုးဦး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃) ရပ်ကွက်၊ ကင်မလင်းကျွန်း၊ အကွက်အမှတ်(၅၂)၊ စီးပွားဖုန်အကွက်၊ ဦးပိုင်အမှတ် (L.106/L.131)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကို ဦးစိုးမြင့်အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## မအူပင်တက္ကသိုလ်(၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေးနှင့်ပတ်သက်သော အိတ်ဖွင့်တင်ဒါကြော်ငြာ

မအူပင်တက္ကသိုလ်(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံစည်းကမ်းတစ်စုံလျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ၉-၁-၂၀၁၇ ရက်မှစတင်၍ ဝယ်ယူပြီး ၁၂-၁-၂၀၁၇ရက် မွန်းလွဲ ၁၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၄၅-၃၀၁၄၀တွင် စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ ဤဓာတ်ပုံရိုက်ကူးခွင့်သည် မအူပင်တက္ကသိုလ်ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့်အခမ်းအနားကျင်းပသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် တက္ကသိုလ်ပရဝဏ်အတွင်းဓာတ်ပုံရိုက်ကူးခွင့်နှင့်သာ သက်ဆိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မအူပင်တက္ကသိုလ်**

---

## စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအတွင်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း၄မျိုးတို့အား (CIF, YGN)နိုင်ငံခြားငွေ (US$) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါဆောင်ရွက်လိုပါကြောင်း အသိပေးအပ်ပါသည်။

**စဉ်** **တည်နေရာ/လုပ်ငန်းအမည်**

(က) ဆေးဝါးစက်ရုံ(အင်းစိန်)

**စက်နှင့်စက်ပစ္စည်း**

(၁) Filling Machine Complete Set for Cephalosporin Production Plant အပိုင်း(၂) — (1) Set

**အခြား**

(၂) Approved Formulas for OSD Products including Technological Transfer and SOP — (1) Lot

(ခ) ဆေးဝါးစက်ရုံ(အင်ရောင်း)

**ဆောက်လုပ်ရေး**

(၁) Boiler အဆောက်အအုံ၊လျှပ်စစ်ထိန်းချုပ်ရေး အဆောက်အအုံနှင့် Switch Yard အဆောက်အအုံများ တည်ဆောက်ခြင်း — (1) Lot

**စက်နှင့်စက်ပစ္စည်း**

(၂) Filling Machine Complete Set — (1) Lot

၂။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၁၂-၁၂-၂၀၁၆ ရက်

**တင်ဒါတင်သွင်းရန်နောက်ဆုံးရက်နှင့်အချိန်** - ၂၂-၁၂-၂၀၁၆ ရက် ၁၆း၀၀နာရီ

**တင်ဒါတင်သွင်းရန်နေရာ** - စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၃။ တင်ဒါတင်သွင်းမှုနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပင်စင်ဦးစီးဌာန
## နေပြည်တော်
## လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း
### ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
### ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၉ ရက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူးအဆင့် (၄)ရာထူး (လစာနှုန်း ကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) (၁၂)နေရာနှင့် အမှုတွဲထိန်းရာထူး (လစာနှုန်း ကျပ် ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) (၃)နေရာအတွက် ၁၉-၁၁-၂၀၁၆ ရက်တွင် ရေးဖြေစာမေးပွဲ စစ်ဆေးခဲ့ပါသည်-

၂။ အဆိုပါ ရေးဖြေစာမေးပွဲ အောင်မြင်သူများအနက် အမှတ်အများအနည်းအလိုက် စိစစ်ရွေးချယ်၍ အောက်ပါခုံနံပါတ်များအား လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။

**ခုံအမှတ်များ**

| | | | | | |
|---|---|---|---|---|---|
| ပင်စင်-၁ | ပင်စင်-၂၈ | ပင်စင်-၅၇ | ပင်စင်-၉၈ | ပင်စင်-၁၃၅၊ | ပင်စင်-၁၇၅ |
| ပင်စင်-၂ | ပင်စင်-၃၂ | ပင်စင်-၅၈ | ပင်စင်-၉၉ | ပင်စင်-၁၄၄ | ပင်စင်-၁၇၆ |
| ပင်စင်-၅ | ပင်စင်-၃၃ | ပင်စင်-၆၉ | ပင်စင်-၁၀၄ | ပင်စင်-၁၄၅ | ပင်စင်-၁၈၁ |
| ပင်စင်-၈ | ပင်စင်-၄၂ | ပင်စင်-၇၀ | ပင်စင်-၁၁၁ | ပင်စင်-၁၅၆ | ပင်စင်-၁၈၂ |
| ပင်စင်-၁၀ | ပင်စင်-၄၃ | ပင်စင်-၇၁ | ပင်စင်-၁၁၂ | ပင်စင်-၁၅၉ | ပင်စင်-၁၈၄ |
| ပင်စင်-၁၁ | ပင်စင်-၄၆ | ပင်စင်-၇၂ | ပင်စင်-၁၁၈ | ပင်စင်-၁၆၄ | ပင်စင်-၁၈၅ |
| ပင်စင်-၁၄ | ပင်စင်-၄၇ | ပင်စင်-၇၄ | ပင်စင်-၁၂၂ | ပင်စင်-၁၆၆ | ပင်စင်-၁၈၉ |
| ပင်စင်-၁၆ | ပင်စင်-၄၉ | ပင်စင်-၇၉ | ပင်စင်-၁၂၃ | ပင်စင်-၁၇၀ | ပင်စင်-၁၉၇ |
| ပင်စင်-၂၀ | ပင်စင်-၅၀ | ပင်စင်-၈၁ | ပင်စင်-၁၂၇ | ပင်စင်-၁၇၂ | ပင်စင်-၂၀၆ |
| ပင်စင်-၂၃ | ပင်စင်-၅၂ | ပင်စင်-၉၃ | ပင်စင်-၁၃၄ | ပင်စင်-၁၇၃ | ပင်စင်-၂၀၇ |

၃။ လူတွေ့စစ်ဆေးမည့်သူများအား ၂၇-၁၂-၂၀၁၆ ရက်နှင့် ၂၈-၁၂-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ၌ ပင်စင်ဦးစီးဌာန၊ ရုံးချုပ်၊ ရုံးအမှတ် ၃၄ တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပင်စင်ဦးစီးဌာန၊ ရုံးချုပ်၊ စီမံရေးရာလေ့ကျင့်ရေး ဌာနခွဲသို့ ၂၆-၁၂-၂၀၁၆ ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း)

(ဂ) ဒေသန္တရ ကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက် (မူရင်း)

၄။ လူတွေ့စစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-

(က) အမျိုးသားများ လည်ကတုံးအင်္ကျီနှင့်ပုဆိုး

(ခ) အမျိုးသမီးများ မြန်မာဆန်ဆန်ဝတ်ဆင်လာရမည်။

၅။ လူတွေ့စစ်ဆေးခံရမည့်သူများ၏ အမည်စာရင်းအား ပင်စင်ဦးစီးဌာန၊ ရုံးချုပ်၊ ရုံးအမှတ် ၃၄ တွင် ကြော်ငြာသင်ပုန်း၌ ကပ်ထားမည်ဖြစ်ပါသည်။

**ပင်စင်ဦးစီးဌာန**

---

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**"(၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်"**

**ပထမနေ့အစီအစဉ်**

(က) **ကျင်းပမည့်ရက်** - ၁၁-၂-၂၀၁၇(စနေနေ့)

(ခ) **ကျင်းပမည့်အချိန်**
**(နံနက်ပိုင်းအစီအစဉ်)** (၁) နံနက် ၉း၀၀နာရီ
- မဟာသုတေသနဘွဲ့အားလုံး
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့အားလုံး
- ဝိဇ္ဇာဘွဲ့(ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံဘွဲ့(ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ)

**(မွန်းလွဲပိုင်းအစီအစဉ်)** (၂) မွန်းလွဲ ၂း၀၀နာရီ
- ဝိဇ္ဇာဘွဲ့(သမိုင်း၊ ဒဿနိကဗေဒ၊ စာကြည့်တိုက်နှင့်သုတပညာ)
- သိပ္ပံဘွဲ့(ဓာတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ)

**ဒုတိယနေ့အစီအစဉ်**

(က) **ကျင်းပမည့်ရက်** - ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)

(ခ) **ကျင်းပမည့်အချိန်**
**(နံနက်ပိုင်းအစီအစဉ်)** (၁) နံနက် ၉း၀၀နာရီ
- မဟာဘွဲ့အားလုံး
- မဟာဥပဒေဘွဲ့အားလုံး
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့အားလုံး
- ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ အင်္ဂလိပ်စာ)
- ဥပဒေပညာဘွဲ့
- သိပ္ပံဘွဲ့(သတ္တဗေဒ၊ ရုက္ခဗေဒ)

၂။ **ကျင်းပမည့်နေရာ** ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

၃။ **အစမ်းလေ့ကျင့်ခြင်း**

**နေ့ရက်** - ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)

**အချိန်** - နံနက် ၉း၀၀နာရီ (ပထမနေ့)ဘွဲ့ယူမည့်သူများအားလုံး
မွန်းလွဲ ၂း၀၀နာရီ (ဒုတိယနေ့)ဘွဲ့ယူမည့်သူများအားလုံး

**နေရာ** ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

၄။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို ၂၀၁၅-၂၀၁၆ပညာသင်နှစ် ၂၀၁၆ခုနှစ်တွင် ကျင်းပခဲ့သော (နောက်ဆက်တွဲစာမေးပွဲများအပါအဝင်)မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ဝိဇ္ဇာသိပ္ပံဘွဲ့ စသည့်သင်တန်းအသီးသီးကို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ ယခင် ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်/အဝေးရောက်ဘွဲ့ယူခွင့် လျှောက်ထားခြင်းမရှိခဲ့သူများသည် ယခုဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင် တက်ရောက်/အဝေးရောက်ဘွဲ့ လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား တင်ပြတောင်းယူလျက်ဓာတ်ပုံ(၂"×၁½")အရွယ်ဓာတ်ပုံ (၂) ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်ယူမည့်သူများသည် ကျပ် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်းလျှောက်ထားကြရမည်။

၆။ **နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည်မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြလာသည့်အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။**

၇။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို **"ငွေလက်ခံဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်မြို့"**လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့ပြီးအောက်ခြေတွင် **"လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုနှစ် ခုံအမှတ်၊ အထူးပြုဘာသာ၊ တက္ကသိုလ်အမည်"**စသည်တို့ကို တိကျစွာဖော်ပြရမည်။

၈။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားခြင်းကို **လုံးဝခွင့်မပြုပါ။**

၉။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို **၁၅-၁၂-၂၀၁၆ရက်မှ ၄-၁-၂၀၁၇ရက် အထိ (ရုံးပိတ်ရက်မပါ)ရုံးချိန်အတွင်း** လျှောက်ထားနိုင်ပါသည်။

၁၀။ ဘွဲ့ဝတ်စုံများကို ၆-၂-၂၀၁၇ရက်မှစတင်၍ ရန်ကုန်တက္ကသိုလ်၊ အင်းဝစားသောက်ဆိုင်(အပေါ်ထပ်)ရုံးချိန်အတွင်းထောက်ခံစာတင်ပြ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

၁၁။ အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများ ဖြစ်သည့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ရမည်။ မြန်မာယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၁၂။ တက်ရောက်ဘွဲ့လျှောက်ထားပြီးဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၃။ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၅၆-၂၁၈၆၁၊ ၀၅၆-၂၁၈၆၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(အောင်ခင်စိုး)**
**ဌာနမှူး-သင်တန်းရေးရာ**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း

မြင်းခြံမြို့နယ်၊ ယုန်ထိုးကျေးရွာ ဦးစန်းဦး-ဒေါ်သန်းသန်းစိန်(ခ)ဒေါ်သန်းစိန်တို့၏ သားဖြစ်သူ မောင်အောင်မိုး ၉/မခန(နိုင်)၁၉၇၁၇၉ သည် မိဘများဆိုဆုံးမသည်ကို မနာခံဘဲအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မိသားစုပိုင်ပစ္စည်းများ (ဝက်ခြံ၊ ကြက်ခြံ) အပါအဝင်အားလုံးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အမွေစားမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**ဦးစန်းဦး-ဒေါ်သန်းသန်းစိန်(ခ)ဒေါ်သန်းစိန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)အနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 6(Q)Survey Equipments/ Local Purchase/IRR/2016-2017 | Survey Equipments | 1Lot | Myanmar Kyat |
| 2. | 7(Q)Laboratory Equipments/ Local Purchase/IRR/2016-2017 | Laboratory Equipments | 1Lot | Myanmar Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊**
**ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိ ရပ်ကွက်နေ မတင်ဇာမြိုင် ၁/မကန (နိုင်)၂၀၄၆၅၆ နှင့် မမေဘယ်(လ်) ဖူးမွန်မှာ တစ်ဦးတည်းဖြစ်ပါသည်။

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် GRace Nu Seng Mai ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၅၀၄၇၈၄၃**

---

## ဖခင်အမည်မှန်

မြစ်ကြီးနားတက္ကသိုလ်၊ သင်္ချာ-စတုတ္ထနှစ်မှ မဂျာနူး၏ ဖခင်အမည်မှန်မှာ ဦးအင်ဘန်ဂမ် ၁/မကန(နိုင်) ၁၇၄၅၂၅ ဖြစ်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**တည်နေရာ** — **လုပ်ငန်းအမျိုးအစား/အတိုင်းအတာ**

ပြည်နယ်အစိုးရအဖွဲ့ရုံး တောင်ကြီးမြို့
(၁) (၆)ခန်းတွဲ RC (၂)ထပ်ရိပ်သာ (၁)လုံး (၁၀၆'×၄၅')
(၂) (၁၂)ပေအကျယ် ရိပ်သာကားပတ်လမ်း
(၃) အုတ်ခြံစည်းရိုးကာရံခြင်း ပေ (၂၀၀)
(၄) မော်တော်ယာဉ်ဂိုဒေါင် ရှစ်ခန်းတွဲ (၁၈'×၇၀')

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၁၂-၂၀၁၆ရက်မှ ၂၇-၁၂-၂၀၁၆ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၁၂-၂၀၁၆ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၁၂၁၀၂၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ဖိတ်ကြားလွှာ

Sky One Construction Co.,Ltd. အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (ဈ-၂)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ AZURA BEACH RESORT ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)နှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့် တွေ့ဆုံပွဲ(ကနဦးအဆင့်) အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ဆွေးနွေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၈ခုနှစ် နတ်တော်လပြည့်နေ့
၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၄ရက် (ဗုဒ္ဓဟူးနေ့)

**အချိန်** - ၁၀း၀၀နာရီမှ ၁၁း၀၀နာရီအထိ

**နေရာ** - AZURA BEACH RESORT HOTEL

Sky One Construction Co.,Ltd.

**မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၇၉၉၀၀၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

---

## CLAIMS DAY NOTICE
## M.V STRAITS VOYAGER VOY:NO(56)

Consignees of cargo carried by M.V STRAITS VOYAGER VOY:NO (56) are here by notified that the vessel will arrive on about 13-12-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှဖြိုးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။ သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တကွ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၃၉၁၊ ၂၃၀၁၃၇၉

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၄၁၃၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧက ဦးဇော်မင်းဦး ၉/ပမန(နိုင်) ၁၆၇၅၅၄ (ဘ) ဦးကျော်မြင့်အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်ဇော်ဝင်း ၉/သစန(နိုင်)၁၁၄၄၃၈ (ဘ) ဦးဟန်တင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)မှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

တိုဝင်းနိုင် **ဒေါင်းမင်း** 09425355758, 09255913926, 09-252990976
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
▲ တောင်ကြီး။ အင်းလေး။ ပင်းတယ၊ ကလော(၄)ရက်၊ ဆက်၍-လွိုင်ကော် ပါ(၅)ရက်။
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ သားဝယ်၊ မောင်းမကန်၊ ရှင်ကိုးရှင် (၅)ရက်။
▲ ဘားအံ၊ မြဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။ Guest- 75000
▲ ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ (၃)ရက်။ Hotel- 75000
▲ မန္တလေး၊ ပြင်ဦးလွင်၊ ဂျေပြာအိုင်၊ ကျောက်စိမ်းဘုရား (၃)ရက်။ Hotel- 65000
ကားမျိုးစုံစီးလုံးငှား



## လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးအထူးလုပ်ကိုင်ရန် နေရာအလွန်ကောင်းသော နှစ်(၉၀)ဂရန်ကြီးကျပြီး မြေကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးလုပ်ကိုင်ရန်ကောင်းမွန်သော နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင်တည်ရှိသော နေရာအလွန်ကောင်း၊ နှစ်(၉၀)ဂရန်ကြီးကျပြီး မြေဧရိယာအကျယ် (၅)ဧကခန့်ရှိသည့် မြေကွက်ကြီး ရောင်းမည်။

ဆက်သွယ်ရန် - (၁၆) လမ်းနှင့် ခတ္တာလမ်းထောင့်၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၈၃၀၀၄၄၂၊ ၀၉-၉၆၁၂၈၀၃၉၀၊ ၀၉-၂၆၃၀၄၆၉၅၁၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၄၅၈၀၂၃၆၁၀



**လှိုင်မင်းလတ်**
စာရင်းကိုင်သင်တန်း June Series / 2017
**LCCI & Dip: IFR**

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 24.Dec |
| Sec(B) | Sat+Sun | 9-11 (am) | 24.Dec |
| Sec(C) | Sun | 11-3 (pm) | 1.Jan |
| Sec(D) | Mon+Tue | 6-8 (pm) | 2.Jan |
| Sec(E) | Sat | 11-3 (pm) | 7.Jan |
| Sec(F) | Fri | 12-4 (pm) | 13.Jan |
| Sec(G) | Tue to Fri | 12-3(pm) | 16.Jan |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 (pm) | 24.Dec |
| Sec(B) | Wed to Sun | 6- 8 (pm) | 5.Jan |
| Sec(C) | Tue to Fri | 8-12 (am) | 10.Jan |

Dec / Jan တန်းခွဲသစ်စမည် နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်








## မြန်မာကျော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။

(ခ) ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့် စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။

(ဂ) မိမိ၏ လုပ်ငန်း အောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။

(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်းရှင်ကြီး နှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။

(င) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ ဘောဂဗေဒ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးစဉ်းစားမည်။

(စ) စိစစ်ရွေးချယ်ခံရသူအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါ ကူညီထောက်ပံ့ပေးမည်။

(ဆ) ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်။**

အမှတ် (၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း (ဌာနမှူး)၊ ၀၉၄၀၁၅၈၀၄၀၃၊ ၀၉၇၉၅၃၇၂၂၄၉၊
ဒေါ်ဌေးဌေးဝင်း (ဌာနမှူး)၊ ၀၉၉၇၉၆၂၁၆၃၉၊ ၀၉၂၅၃၀၃၈၇၂၂၊
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉၂၅၀၇၇၄၉၀၈၊ ၀၉၄၂၅၂၇၆၉၀၈၊






## ဦးစိုးမြင့်
**သံအမတ်ကြီး(ငြိမ်း)**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အသက်(၈၂)နှစ်**

ဇလွန်မြို့နေ (ဦးမြတ်သူ-ခရိုင်ရဲဝန်-ဒေါ်စု)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးသိန်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဆန်းကြွယ်
**ကန့်ဘလူမြို့နယ်အသင်း၊ ကျွန်းလှမြို့နယ်အသင်း ကန်တော့ခံ**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ် ၁၅၅နေ ဒေါ်ထိုက်၏ခင်ပွန်း၊ (ဦးသိန်းဦး)-ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာငွေ (ကျောင်းအုပ်ကြီး၊ အလက-၂၊ ပန်းဘဲတန်း)၊ ဦးဝင်းညွန့်(မြန်မာ့မီးရထား)-ဒေါ်မော်မော်၊ ဦးဝင်းငွေ-ဒေါ်ယဉ်မင်းသက်၊ ဦးဝင်းနိုင်ထွန်း-ဒေါ်စန်းစန်းမော် (ခ)ဒေါ်အေးချို(တော်ဝင်ထွန်းသစ်ခွဲစက်၊ ကန့်ဘလူ)၊ (ဦးဉာဏ်မျိုးအောင်)-ဒေါ်မြင့်မြင့်ခိုင် (အောင်ငြိမ်းချမ်း၊ ရွှေကျည်ဆန် သစ်ခွဲစက်)တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇:၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၂-၂၀၁၆ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးအောင်ရှိန်(ငြိမ်း)
**ကြည်း- ၇၉၉၅၊ အပတ်စဉ်- OTS (၂၁)**
**သူရဲကောင်းမှတ်တမ်းဝင်**
**အသက် (၈၄) နှစ်**

(ဦးစိန်မောင်-ဒေါ်ကီး)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ တိုက်အမှတ်- $C_3$၊ အခန်းအမှတ်-၁၀၄ နေ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းရှိန်- ဒေါ်နွဲ့နွဲ့ရီ)၊ ဒေါက်တာထွန်းထွန်းရှိန် (ပါမောက္ခ၊ သမိုင်းဌာန၊ ထားဝယ်တက္ကသိုလ်)- ဒေါက်တာတင်မျိုးမြင့် (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ မကွေးတက္ကသိုလ်)၊ ဦးတိုးတိုးရှိန် (CAAN-Phamaceutical)- ရဲမှူးခင်သန္တာထွတ်၊ ကိုကျော်ကျော်ရှိန် -မချောစု (SHANG PREE Cosmetic)တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်ခိုင်ခန့်၊ မယမင်းသဉ္ဇာထွန်း၊ မောင်ဇင်လင်း၊ မနှင်းရတနာခင်၊ မောင်ကောင်းခန့်တို့၏ အဘိုးသည် ၁၁-၁၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့)ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)(ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၆ ရက်(စနေနေ့) နံနက် ၈ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဦး B.Sc (Phys:) (Hons:)
**(ဒု-လဝကမှူး၊ မြို့နယ်ဦးစီးမှူးရုံး၊ လားရှိုး)**
**အသက်(၅၂)နှစ်**

ရေးမြို့နေ (ဦးအောင်မြင့်-ဒေါ်ကြင်တီ)တို့၏သား၊ (ဦးအေးချို-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ပဲခူးမြို့၊ ဆိုရှယ်လစ်(၄)လမ်းနေ ဒေါ်အေးအေးဝါ(ခ) ဒေါ်ဝါဝါ၏ခင်ပွန်း၊ ဗိုလ်ကြီးဟိန်းဇော်ဦး-ဒေါ်ကံ့ကော်ရွှေရည်၊ မကံ့ကော်ရွှေစင် (ပထမနှစ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း)၊ မောင်အောင်ရဲရင့်(ပဉ္စမတန်း-B)တို့၏ဖခင်သည် ၈-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀နာရီတွင် ရေးမြို့နယ်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မိုးကြူ(ခ)ဆရာလေးဒေါ်ကရုဏာစာရီ
**(ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ၊ မုံရွာမြို့)**
**အသက်(၄၆)နှစ်**

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ သဲအင်းဂူလမ်းနေ ဦးမောင်မောင် (ကျောင်းဆရာ၊ ငြိမ်း၊ အထက-၂၊ မုံရွာမြို့)-ဒေါ်ကြင်ဥ(တော်ဝင် ကွန်ပျူတာ မိတ္တူ)တို့၏သမီး၊ ဦးငွေးမြင့်-ဒေါ်ခင်မိုးသူ၊ ဦးမင်းသူ(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာဝင်း၊ (တပ်ကြပ်ကြီးစာရေး ဇော်မင်းထွန်း)-ဒေါ်သိန်းသိန်းဝင်းတို့၏ညီမ၊ ဦးဇော်မင်းထိုက်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကင်းကလေးဆေးရုံ)-ဒေါ်နှင်းသဇင်၊ ဦးစောလေးနိုင်ဦး-ဒေါ်ခိုင်စိုးမိုး၊ ဒေါ်ခင်မိုးစန္ဒာထွေးတို့၏အစ်မသည် ၁၁-၁၂-၂၀၁၆ရက် ညနေ ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဖီးဖီးနော်ချစ်မေ(ခ)နော်ပလေပလော်
**မြို့ပြလေကြောင်းဦးစီးဌာန(ငြိမ်း)၊ DCA**
**အသက်(၉၄)နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်း၊ အမှတ်(မ/၄၉)နေ (စောဘချစ်-နော်ဘဲစီ)တို့၏သမီး၊(စောဝေလှုံပန်း-ဒေါ်မမကြီး)တို့၏ချွေးမ၊ (နော်မူနား-စောမော်လား)တို့၏အစ်မ၊ နော်သင်းသင်းလှ (Pamela Grable Chen)- Dr Kim Hong Chen၊ (စောထူးစေး) (Thompson)-ဒေါ်အမာစိန်၊ နော်ဝေဝေလှ(ခ)နော်စေးစေးဖော-စောဝယ်လင်တန်၊ [(မေဘယ်ပန်း(ခ)နော်ဆာဝါး]တို့၏မိခင်၊ Amy Hoover (ခ)နော်အယ်ဆဲ- Mr Russel Hoover၊ စောညီဒွန်း-နော်ခိုင်စန္ဒီ(ခ) Pricilla Shar Dun၊ နော်အိအိထူး(ခ)ဂျူးဂျူး၊ နော်ဇင်ဇင်ထူးစေး၊ နော်ဝမ်ဒီဝယ်လင်တန်တို့၏အဘွား၊ (ဖူးဖူးစောလှမောင်)၏ဇနီး၊ ဖီးဖီးနော်ချစ်မေ(ခ)နော်ပလေပလော်သည် ၁၁-၁၂-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရွာမနစ်ခြင်းအသင်းတော်ဘုရားကျောင်း(မင်းကြီးလမ်း၊အင်းစိန်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိမ့် (မြစ်သား)
**အသက်(၇၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နေ ဆည်အခွန်ဝန်ထောက်(ငြိမ်း) (ဦးပု-ဒေါ်ခင်နု)တို့၏သမီး၊ (ဗိုလ်မှူးတင်အေးကျော်)-ဒေါ်ဆွေဆွေ၊ (ရဲမှူးကြီး ဦးတင်အုန်း-ဒေါ်လှလှ)၊ (ဦးအုန်းလွင်)တို့၏ညီမ၊ ဦးအောင်သိန်း-(ဒေါ်ခင်စောဝင်း)၊ (ဦးမောင်မောင်စိုး-ဒေါ်တူး)တို့၏အစ်မသည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ၁၅/၁၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာလေးဒေါ်မာလာစာရီ(ခ)ဒေါ်မြသန်း
**အသက်(၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပုလဲငွေရောင်ရပ်နေ (ဦးဝင်း-ဒေါ်သန်းရင်)တို့၏ သမီး၊ ဦးတင်မောင်မြင့်၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၇၄၊ ကုစ္ဆာသယလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးအုန်းမြင့်၊ စာရင်းစစ်အရာရှိ၊ ငြိမ်း၊ ဗိုလ်တထောင်မြို့နယ်စာရင်းစစ်ရုံး)၏ဇနီး၊ ဒေါ်မာလာမြင့်(နေပြည်တော်စည်ပင်)၊ ဒေါ်မိုမိုမြင့် (သံတောင်ကြီးမြို့နယ် စာရင်းစစ်ရုံး)၊ ဦးမြင့်ဦး (နေပြည်တော်စည်ပင်)-ဒေါ်သီတာမြင့်(နေပြည်တော် စည်ပင်)၊ ဒေါ်သန္တာမြင့်(YANDAYAR Co.,Ltd)၊ ဒေါ်စန္ဒာမြင့်(တာမွေမြို့နယ်စာရင်းစစ်ရုံး)၊ ဒေါ်နီလာမြင့်(တွံတေးမြို့နယ် စာရင်းစစ်ရုံး)တို့၏မိခင်၊ မောင်ဟိန်းထက်(နေပြည်တော် စည်ပင်ဘဏ်)၊ မအိမ့်သက်မှူးကျော်(IR Second year)၊ မောင်သုဝေယံနိုင်(ILBC-KG)တို့၏ အဘွားသည် ၁၀-၁၂-၂၀၁၆ရက် ည ၁၀း၄၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးလွင် (ငယ်/ယာ-၁၊ မြို့ပြ)
**အဆောက်အအုံအထူး(၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၅၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းမြို့မနေ (ဦးတင်ရွှေ ကျောင်းဆရာ၊ ငြိမ်း)-ဒေါ်ခင်နွဲ့တို့၏သား၊ ဒေါ်ရီရီသန့်၏မောင်၊ ဦးပြုံးဝင်း-ဒေါ်သီသီမော်၊ ဦးမောင်ဦး-ဒေါ်သူဇာတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၁၈/B ရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ (ဦးထွန်းကြိုင်-ဒေါ်ရင်ရွှေ)တို့၏သားသမက်၊ ဦးကြည်ဝင်း-ဒေါ်တင်ရီ၊ ဒေါ်ခင်ဝင်း၊ ဦးစိုးဝင်း-ဒေါ်စန်းရီ၊ (ဦးထွန်းဝင်း)-ဒေါ်ခင်ဖြူ(စက်မှုဝန်ကြီးဌာန)တို့၏ညီ/မောင်၊ ဦးကျော်ကျော်ဦး-ဒေါ်အေးအေးမွန်၊ ဦးသန်းလွင်-ဒေါ်သန္တာစိုးတို့၏အစ်ကို၊ တောင်ဒဂုံမြို့နယ်၊ ၁၈(E)ရပ်ကွက်၊ နတ်မောက် ၆လမ်း၊ အမှတ် ၂၆နေ ဒေါ်မြင့်မြင့်မာ၏ခင်ပွန်း၊ မောင်အောင်ကိုကိုလွင်(တတိယနှစ်၊ သမိုင်း၊ ဒဂုံတက္ကသိုလ်)၊ မောင်ခန့်ညီညီလွင် (နဝမတန်း၊ အထက-၂၊ တ/ဒဂုံ)တို့၏ဖခင်သည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဒေါ်ခင်နီ
**အထက်တန်းစာရေး(ငြိမ်း)**
**လယ်/စိုက်ရှင်း**
**အသင်းဝင်(၀၅၄၄)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၉နေ ဒေါ်ခင်နီသည် ၉-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၆ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးအောင်ကျော်
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေကြွယ်(က)ရပ်ကွက်၊ အမှတ် ၂၇၄၊ ကျိုက္ကဆံလမ်းနေ ဦးအောင်ထွေး-ဒေါ်ရင်မေတို့၏သား၊ ဒေါ်သန်းကြည်၊ ဒေါ်စိန်ကြည်၏ခင်ပွန်း၊ ဦးသိန်းထွန်းဦး၊ ဦးသန်းထွန်းဦး၊ ဦးထွန်းထွန်းဦး၊ ဒေါ်နုနုဝင်း၊ ဦးလှနိုင်၏သားသမက်၊ မမီမီကျော်၏ဖခင်၊မြေးခြောက်ယောက်တို့၏ အဘိုးသည် ၈-၁၂-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၆ရက်(စနေနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြည်ဝင်း(ခ)ဦးဝင်းကြည်
**စိန်ရွှေပန်းထိမ်ဆရာကြီး**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊အမှတ် ၁၃၈နေ(ဦးအေးမောင်-ဒေါ်ကောက်)တို့၏သား၊ (ဦးရှိန်းလွင်)၏ညီ၊ ဦးသောင်းဆိုင် (ဦးဒေါင်းလှိုင်)တို့၏အစ်ကို၊ ဒေါ်သန်းညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှဝင်း-ဒေါ်ဝင်းဝင်းစန်း၊ ဦးသန်းဝင်း - ဒေါ်သဲသဲအေး၊ (ဦးဆန်နီ)-ဒေါ်အေးအေးမြင့်၊ ဒေါ်သန်းသန်းငွေဝင်း၊ (ဦးစိုးသိန်း)၊ ဒေါ်မျိုးမျိုး၊ ဦးဝင်းထွန်း၊ ဦးသူရမြင့်-ဒေါ်ပွင့်ဖြူအိတို့၏ချစ်လှစွာသောဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၆ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်တီ (ကော့ကရိတ်မြို့)
**အသက်(၈၆)နှစ်**

ကော့ကရိတ်မြို့နေ (ဦးစိန်ထွန်း-ဒေါ်ချစ်မြ)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၁၀)ရပ်ကွက်၊ အမှတ် ၃၊ ကန်ရိပ်သာလမ်းနေ [ဦးယုတရောင်း(ခ) ဦးသိန်းတန်]၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်မွှေးမွှေး၊ ဦးကျော်မင်းဝေ-ဒေါ်ခင်မိုးယု၊ ဦးမြင့်ဆွေ-ဒေါ်တင်ဝင်းမော်တို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၁၀-၁၂-၂၀၁၆ရက်(စနေနေ့)ည ၉း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (ဗိုလ်တထောင်)
**သစ်စစ်(၂) (ငြိမ်း)**
**အမှတ်(၆)သစ်စက်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ် ၅၃၄နေ ဒေါ်ကင်းဖုံး၏ ခင်ပွန်း၊ဦးမျိုးမြင့်ဦး-ဒေါ်အေးအေးခိုင်၊ MR. Ronald K Wong -ဒေါ်ငွေငွေမြင့် (ခေတ္တ-U.S.A)၊ ဦးသက်မြင့် (မနောဖြူကုမ္ပဏီ)၊ ဦးသက်ဝင်း-ဒေါ်ဝင်းဝင်းမော် (ဝင်းမော် စားသောက်ဆိုင်)၊ ဦးဝင်းနိုင်ဦး(ခေတ္တ-စင်ကာပူ)- ဒေါ်သင်းသင်းကြူ(လွယ်ဟိန်းကုမ္ပဏီ)၊ ကိုအောင်ဝင်းဇော်တို့၏ ချစ်လှစွာသောဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၈-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်လွင်(ခ)ဦးမော်စီ
**(မင်္ဂလာဈေးသစ်)**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်လမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ အမှတ် ၁၅နေ ဦးစိုးမြင့်-ဒေါ်ခင်မျိုးမြင့်ထွေးတို့၏မြေး၊ သာကေတမြို့နယ်၊ ရန်ပြေ ၁၈လမ်း၊ အမှတ် ၃၄နေ (ဦးဆင်မောင်-ဒေါ်နီ)တို့၏ သား၊ (ဦးအုန်းလွင်-ဒေါ်သီသီဇင်)တို့၏သားသမက်၊ဒေါ်ဆုဇာလွင်၏ခင်ပွန်း၊မရတီမြင့်လွင်(လ-၄၊ ရန်ကင်း)၊ မောင်သူရိန်မြင့်လွင်(လ-၄၊ ရန်ကင်း)တို့၏ ချစ်လှစွာသောဖခင်သည် ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မင်္ဂလာဈေးသစ်၊ သာကေတနှင့် ဘောက်ထော်နေအိမ်တို့မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မြင့် (တောင်စွန်း-သထုံ)
**အသက်(၈၈)နှစ်**

တောင်စွန်းမြို့နေ (ဦးဖိုးသိမ်-ဒေါ်အေးစိန်) (ပြည့်စုံဆန်စက်)တို့၏သား၊ သထုံမြို့နေ (ဦးစံ-ဒေါ်ကြည်မြိုင်) (ကျောက်ရေတွင်း ရော်ဘာခြံ)တို့၏သားသမက်၊ (ဦးပေါ်ဦး-ဒေါ်ငွေငွေ) (ဝေဝေလွင်ပုံနှိပ်တိုက်)တို့၏အစ်ကို၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာရိပ်သာ၊ ခေမာသီရိလမ်း၊ အမှတ် ၂၄နေ (ဒေါ်ရီရီ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခိုင်မြင့်(UMFCCI-EC-MRPPA S/G)-ဒေါ်ခင်မကြည်၊ ဒေါ်မီမီမြင့်[UNDP (U.S.A)]၊ ဦးသက်မြင့်-ဒေါ်ခိုင်ခိုင်ဝင်းတို့၏ဖခင်၊ မောင်ကျော်သက်နိုင်(U.S.A)၊ မောင်ရဲဝင့်ကိုကိုဦး-မခိုင်ဆုရည်၊ မလဲ့ရည်ခိုင်၊ မောင်ဝဏ္ဏပြည့်ဖြိုးနိုင်၊ မောင်ကျော်စိုးဟန် (U.S.A)၊ မနှင်းအေးဝေ(U.S.A)တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့)ညနေ ၃း၄၆နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
## ဦးမြသောင်း (အငြိမ်းစားကျောင်းဆရာ)
**အသက်(၈၃)နှစ်**

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ပန်းဆွဲလမ်း၊ အမှတ် ၁၃နေ (ဦးဘလူ-ဒေါ်ကြင်)တို့၏သား၊ (ဦးတင်နန်း-ဒေါ်ဖွားစု)တို့၏သားသမက်၊ အနောက်လက်ပံခုန်နေ (ဦးတင်ရွှေ-ဒေါ်သန်းစိန်)တို့၏ညီ၊ ဦးသာသန (ဦးသိမ်းတင်)၊ ဒေါ်အေးမြင့်၊ ဦးကြည်မောင်-ဒေါ်မြင့်မြင့်၊ အုတ်ဖိုမြို့နေ ဦးကြည်ရှိန်-ဒေါ်ခင်အုန်းကြိုင်တို့၏အစ်ကို၊ ဒေါ်မြင့်စိန်၏ခင်ပွန်း၊ ဦးအောင်ဇော်ဦး(GM၊ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်စောဥမ္မာချို(ဒုညွှန်မှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးဝင်းကျော်မိုး-ဒေါ်သင်းသင်းခိုင်(အောင်ဆုမြိုင် ဆီစက်)၊ ဦးလှဝင်းအောင်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရေဖြူမြို့နယ်)-ဒေါ်မိုးမိုးလှိုင်၊ ဦးမျိုးညွှန့်ဆွေ (EE. ဒေင်အုပ်စုကုမ္ပဏီ)-ဒေါ်မာသီဝင်းတို့၏ဖခင်၊ မောင်ဘုန်းအောင်ထက်(Foster Electric)၊ မမြသဉ္ဇာထက်၊ မယွန်းမြတ်စန္ဒီ၊ မရွှေစင်ဆုလာဘ်၊ မသက်ယွန်းရွှေရီ၊ မသျှင်းသန့်ဆွေဇင်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောမြင့် (တောင်ကုတ်)
**အသက်(၈၁)နှစ်**

ရဲမှူးကြီးဇော်ဝင်းအောင် [ညွှန်ကြားရေးမှူး (စီမံ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်]-ဒေါ်တင်တင်ချိုတို့၏မိခင်သည် ၉-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅နာရီတွင် တောင်ကုတ်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး-ဒေါ်ခင်မာဝင်း**
**အကျဉ်းဦးစီးဌာန**

## အကက်(ခ)ဦးကြည်ဝင်း (ခ)ဦးစိုးမိုးနိုင်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ (၁)ရပ်ကွက်၊ အမှတ် ၆၃၀-၆၃၂၊လေးလွှာနေ(ဦးညွှန့်မောင်-ဒေါ်စိန်ဖြိုး)တို့၏သား၊ (ဦးတန်ကုတ်ဖွမ်း-ဒေါ်ရော်ရှုပင်း)တို့၏သားသမက်၊ ဒေါ်တင်လေးခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မစိုးစိုးခိုင်၊ ဒေါ်ဥမ္မာခိုင်-ဦးမိုးမင်းအောင်၊ ဦးအောင်ကိုဟိန်း-ဒေါ်မေလင်းစု၊ ဒေါက်တာထက်ထက်အောင်-ဒေါက်တာပြည့်ရန်အောင်၊ မခိုင်သဇင်တို့၏ချစ်လှစွာသောဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဦး (ရေးမြို့)
**ဒုလဝကမှူး၊လားရှိုးမြို့**
**အသက်(၅၂)နှစ်**

မွန်ပြည်နယ်၊ ရေးမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ၈လမ်း၊အမှတ် ၁နေ(ဦးအောင်မြင့်-ဒေါ်ကျင်တီ)တို့၏သား၊ဦးဝေမြင့်-ဒေါ်ခင်ပြုံးရီ၊ ဒေါ်မြင့်မြင့်တီ(စည်ပင်၊ ငြိမ်း)၊ ဒုအရာခံဗိုလ်ငြိမ်းအေး-ဒေါ်ခင်ခင်ဝေ (အလယ်တန်းပြ)တို့၏မောင်၊ ဒေါ်ကြူကြူသီ၊ (ဦးဝင်းထွဋ်)-ဒေါ်ခင်သူရိန်နေ(စည်ပင်)၊ ဦးတင်ထွဋ်(ဈေးတာဝန်ခံ၊ စည်ပင်) - ဒေါ်ချိုချိုလွင်၊ ဦးကျော်အောင် (ဒုဦးစီးမှူး၊ စည်ပင်၊ ငြိမ်း)-ဒေါ်ငြိမ်းမှူးအောင်တို့၏အစ်ကို၊ (ဒေါ်ချိုချိုဦး)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်နေဆက်-မခန့်ခန့်ခိုင်ဦး(မူ/ပြ၊ အမက-၅၊ ရေး)၏ ချစ်လှစွာသောဖခင်၊ မခြူးနဒီဆက်၏အဘိုးသည် ၈-၁၂-၂၀၁၆ရက် နံနက် ၄နာရီတွင် ဖခင်၏နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် မွန်ပြည်နယ်၊ ရေးမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသန်း (တောင်ကြီး)
**အသက်(၈၀)**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၀)၊ သစ္စာလမ်း၊ အမှတ် ရပ(၆၇)နေ (ဦးခင်မောင်သန်း)၏ဇနီး၊ ဦးအောင်အောင်၊ ဒေါ်စိုးစိုးနိုင်၊ ဦးဇော်ဇော်(Unity Co., Ltd)-ဒေါ်ယဉ်ယဉ်ထိုက်၊ ဦးစိုးမင်း (Oriental High Way Co.,Ltd)-ဒေါ်သိမ့်သိမ့်အောင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၆ရက်(သောကြာနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းရီ
**မန္တလေးတိုင်း**
**သမဝါယမဦးစီးဌာန**
**အသက်(၆၇)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် ၂၀၁၊ ပွဲကုန်းရပ်နေ(ဦးလှသာ-ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးခင်မောင်ဦး-ဒေါ်တင့်တင့်တို့၏အစ်မ၊ ဦးအောင်မော်သိန်း-ဒေါ်နွယ်ရည်ဝင်း၊ ဦးဇွန်ကိုလတ်-ဒေါ်သွယ်ရည်ဝင်း၊ ဦးသန့်ဇင်လင်း-ဒေါ်လဲ့ရည်ဝင်း၊ ကိုရှိုင်းအောင်ထက်၊ မထက်ထက်အောင်တို့၏မိခင်ကြီး၊ မချစ်မှူးသခင်၏ချစ်လှစွာသောမေကြီး၊ ဦးဝင်းကျော်(ဦးစီးမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၁၁-၁၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဆဲလမား
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၈လမ်း၊ အမှတ် ၂၉နေ ဒေါ်စိန်စိန်ဦး (EVER ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ မိခင်ဖြစ်သူ ဒေါ်ဆဲလမားသည် ၉-၁၂-၂၀၁၆ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ထွေး Chairman**
**GREAT CAIRO CONSTRUCTION CO.,LTD**
**နှင့်**
**ကိုင်ရိုအပ်ချုပ်ဆိုင်မိသားစု**

# မူဆယ်မြို့၌ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ် (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဒေါက်တာ ဝင်းမြတ်အေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ် လားရှိုးမြို့လားရှိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့မှ တစ်ဆင့် ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ မူဆယ်မြို့သို့ ရောက်ရှိကြသည်။

**တွေ့ဆုံ**

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး စစ်ဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယသမ္မတက တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် ယခုကဲ့သို့ အိုးပစ်အိမ်ပစ် စစ်ဘေး တိမ်းရှောင်နေရသည်ကို တွေ့မြင်ရသည့်အတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသည့်

*စာမျက်နှာ ၅ ကော်လံ ၁* ❁

## စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သန်းခန့် (တန်ဖိုးကျပ် ၇ ဒသမ ၅ ဘီလီယံခန့်) ပန်းတောင်းမြို့နယ်၌ စံချိန်တင် ဖမ်းဆီးရမိ

စာ » ၁၃

## ပြည်ပပို့ကုန် အရည်အသွေးမြင့်မားရေး ပူးပေါင်းပါဝင်ဆောင်ရွက်

စာ » ၁၆

## တောင်သူများ ပြန်လည်စိတ်ဝင်စားလာသည့် ကြံသီးနှံ

စာ » ၁၈

# ဒေ့လက်ဒပ်(ကနေဒါ)က လက်ရှိချန်ပီယံထွန်းထွန်းမင်းကို အလဲထိုးဖြင့်နိုင်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**




ထွန်းထွန်းမင်းနှင့် ဒေ့လက်ဒပ်(ကနေဒါ)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ် ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး အဲကမ္ဘောဇက အဓိကကူညီပံ့ပိုးကာ မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပသော တတိယအကြိမ် အဲကမ္ဘောဇရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အဲကမ္ဘောဇအောင်လံဆုရှင် ထွန်းထွန်းမင်းကို မွေထိုင်းလက်ဝှေ့ကျော် ဒေ့လက်ဒပ်(ကနေဒါ)က အလဲထိုးဖြင့် အနိုင်ယူပြီး တတိယအကြိမ် အဲကမ္ဘောဇ ရွှေအောင်လံကို ဆွတ်ခူးသွားပြီဖြစ်သည်။

**ယှဉ်ပြိုင်ထိုးသတ်**

ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ အထူးစိတ်ဝင်စားသော လက်ရှိချန်ပီယံထွန်းထွန်းမင်းနှင့် စိန်ခေါ်သူ မွေထိုင်းလက်ဝှေ့ကျော် ဒေ့လက်ဒပ်(ကနေဒါ)တို့၏ တတိယအကြိမ် အဲကမ္ဘောဇ ရွှေအောင်လံ လုပွဲကြီးတွင် ပထမအချီ၌ တစ်ဦးနှင့်တစ်ဦး သမ္ဘာရင့်လက်ဝှေ့သမားများပီပီ ဒေ့က နင်းခြေဖြင့် ထွန်းထွန်းမင်းကို အကဲစမ်းသလို ထွန်းထွန်းမင်းကလည်း ဘယ်ညာလက်သီးတွဲလုံးများဖြင့် ဒေ့ကို အကဲစမ်းယှဉ်ပြိုင်ထိုးသတ်သည်။ ပြိုင်ပွဲ ပထမအချီတွင် တစ်ဖက်နှင့်တစ်ဖက်

*စာမျက်နှာ ၅ ကော်လံ ၁* ❖

